mgyoe.com

# ROBIN COOK



# FEVER


နတ်နွယ်

မြန်မာပြန်

# အများနှင့်တစ်ယောက်

mgyoe.com

တတိယအကြိမ်




# ROBIN COOK
# FEVER



# နုတ်နွယ်

မြန်မာပြန်

## အများနှင့်တစ်ယောက်

ISBN 9789997112798
NN19
9 789997 112798
4,500.00KS

mgyoe.com

အမှားနှင့်တစ်ယောက်၊ နတ်နွယ်
စာမျက်နှာ ၄၂၃ မျက်နှာ၊ ၁၃ စင်တီ× ၂၁ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၃ ဘဝတက္ကသိုလ်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အများနှင့်တစ်ယောက်

# FEVER

## Robin Cook

နတ်နွယ်

မြန်မာပြန်




ဒုတိယအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အခ ပထမ

ဘေးဥပဒ် ဖြစ်စေတတ်သော ဗင်ဇင်းမော်လီကျူးတို့သည် ရိုးတွင်းခြင်ဆီထဲသို့ တစ်ဆင့်ထက် တစ်ဆင့် တိုးပွားကာ ဝင်ရောက်လျက်ရှိကြသည်။ အသစ်ဖြစ်သော ဓာတုပစ္စည်းသည် လှည့်ပတ်နေသော သွေးများတွင် ဝင်ရောက်လျက် အရိုးများပေါ်ရှိ တစ်ရှူးမျှင်များ အတွင်းသို့ ရောက်ရှိသွားကြသည်။ ရောမမြို့တွင်းသို့ လူရိုင်းများ ဝင်ရောက်သကဲ့သို့ပင် ဖြစ်သည်။ ဘေးအန္တရာယ် ကျရောက်ပုံကလည်း အတူတူပင်။ ခြင်ဆီ၏ ရှုပ်ထွေးသော အခြေအနေ အရပ်ရပ်သည် ကျူးကျော်ဝင်ရောက် သူတို့ကို အညံ့ခံ အရှုံးပေးကြရတော့သည်။

ဗင်ဇင်းဓာတ်နှင့် တွေ့ရှိသော ဆဲလ်အားလုံးသည် တိုက်ခိုက်ခြင်းခံကြရသည်။ ယင်းဓာတ်၏ သတ္တိသည် ထောပတ်ကို သံမဏိဖြင့် ထိုးဖောက်ဘိသကဲ့သို့ ဆဲလ်၏ အမြှေးပါးများကို ထိုးဖောက်နိုင်စွမ်း ရှိသည်။ ဆဲလ်အနီကိုဖြစ်စေ၊ ဆဲလ်အဖြူကိုဖြစ်စေ၊ သက်နုကိုဖြစ်စေ၊ သက်ရင့်ကိုဖြစ်စေ အကြောင်းသုံးပါး မရွေးပါ။ ကံကောင်းသော ဆဲလ်အချို့သာလျှင် ဗင်ဇင်းမော်လီကျူး အနည်းငယ်မျှသာ ဝင်ရောက်သဖြင့် တွန်းလှန်တိုက်ခိုက်ခြင်းပြုနိုင်ကြသည်။ ဆဲလ်အများစုကား အတွင်း အမြှေးပါးများ ပျက်သုဉ်းကြရသည်။

မိနစ်ပိုင်းအတွင်းမှာပင် ထောင်ပေါင်းများစွာသော ဗင်ဇင်းမော်လီကျူးတို့သည် ခြင်ဆီ၏အတွင်းပိုင်း ကောင်းမွန်စွာ တည်ဆောက်ထားသော ပင်မ

mgyoe.com

mgyoe.com


ဆဲလ်များအတွင်းသို့ ထိုးဖောက် ရောက်ရှိသွားကြသည်။ ဤပင်မဆဲလ်များသည် ဆင့်ပွားခြင်း လုပ်ငန်းများကို တက်ကြွစွာ လုပ်ဆောင်နေကြသူများဖြစ်သည်။ လည်ပတ်နေသော သွေးဆဲလ်များ၏ မူလဘူတဖြစ်သည်။ သည်တာဝန်ကို သူတို့ထမ်းဆောင်ခဲ့ကြသည်မှာ နှစ်ပေါင်း အသချေ အသင်္ချာရှိချေပြီ။ သူတို့အတွက် တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်မှုသည် ဘဝ၏ မယုံကြည်နိုင်ဖွယ်ရာသော လျှို့ဝှက်ဆန်းကြယ်မှု တစ်ခုပင်ဖြစ်သည်။ သိပ္ပံနည်းဖြင့်မတွေးတော မမှန်းဆနိုင်လောက်အောင် ထူးခြားသော အဖွဲ့အစည်း တစ်ရပ်ပင်ဖြစ်သည်။ ဗင်ဇင်းမော်လီကျူးတို့သည် ဤတာဝန်များပြားသော မျိုးပွားဆဲလ်များအတွင်းသို့ ဝေဖန်ပိုင်းခြားခြင်း မရှိဘဲ ဝင်ရောက်ကြသည်။ မျိုးပွားဆဲလ်တို့၏ စနစ်တကျ ဆင့်ပွားမှုလုပ်ငန်းကို ဖျက်ဆီးကြသည်။ ဆဲလ်အများအပြားသည် ရုတ်တရက် သော်လည်းကောင်း သေဆုံးကြရသည်။ သို့မဟုတ် ဆန်းကြယ်သော ဗဟိုချုပ်ကိုင်မှုမှ ထွက်ခွာသွားကြရသည်။ သို့မဟုတ် ခွေးရူးပြန်ရောဂါ စွဲကပ်သော တိရစ္ဆာန်တစ်ကောင်ပမာ ပရမ်းပတာ ဖြစ်ကြရသည်။

ကျူးကျော် ဝင်ရောက်လာသော ဗင်ဇင်းမော်လီကျူးတို့ကို သွေးသစ်သွေးသန့်များဖြင့် ထပ်တလဲလဲ ဆေးကြောပစ်လိုက်သောအခါ ခြင်ဆီသည်ပင်မဆဲလ် တစ်ခုမှ တစ်ပါး ပြန်လည်ကောင်းမွန်သည်။ ပြန်လည်ကောင်းမွန်ခြင်း မရှိသော ဆဲလ်ကား သွေးဆဲလ်ဖြူပင် ဖြစ်သည်။ အံ့သြစရာ ကောင်းသည်မှာလည်း ယင်းသွေးဆဲလ်ဖြူ၏ တာဝန်မှာ ပြင်ပမှ ကျူးကျော်ဝင်ရောက်လာသူများကို ခုခံတွန်းလှန်ရသည့် တာဝန်ဖြစ်သည်။ ယင်းဆဲလ်၏ နျူကလိယအတွင်းသို့ ဗင်ဇင်းဓာတ် ထိုးဖောက် ရောက်ရှိသွားသောအခါ ဆဲလ်၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သော ဒီအင်န်အေဓာတ် ပျက်စီးသွားတော့သည်။ သို့သော် ဆဲလ်တစ်ခုလုံး သေဆုံးသွားသည်ကား မဟုတ်ချေ။ အမှန်အတိုင်းမူဆဲလ်တစ်ခုလုံး ပျက်သုဉ်းသွားသည်ကမှ ကောင်းပေဦးမည်။ ယခုမူ ဗင်ဇင်းကြောင့် ဆဲလ်ဆင့်ပွားမှုနှင့် ဖွံ့ဖြိုးမှုအချိန်အဆတို့ ပျက်ပြားရတော့သည်။

ဆဲလ်သည် ချက်ချင်းပင် ဆင့်ပွားခြင်းပြုသည်။ သို့သော် ဆင့်ပွားသောဆဲလ်သည် ပင်မဆဲလ်နည်းတူပင် ပျက်ယွင်းလျက် ရှိသည်။ ယင်းသို့ဖြင့်ဆင့်ပွားဆဲလ်များသည် ဆန်းကြယ်သော ဗဟိုချုပ်ကိုင်မှုကို မနာခံကြတော့ချေ။ ပုံမှန် သွေးဆဲလ်ဖြူအဖြစ် ဖွံ့ဖြိုးလာခြင်း မရှိကြတော့ချေ။ ပျက်ယွင်းသော

mgyoe.com

mgyoe.com


ဆဲလ်များအဖြစ်သာ ဆင့်ကာဆင့်ကာ ပွားကြတော့သည်။ သူတို့သည် ခြင်ဆီထဲတွင် အခြားဆဲလ်များနှင့် ယှဉ်ကြည့်သော် ပုံမှန်ဟု ထင်ရသော်လည်း တကယ်တွင်မူ အခြားသော သွေးဆဲလ်ဖြူကလေးများနှင့် ခြားနားလျက်ရှိတော့၏။ သူတို့တွင် ပုံမှန်မျက်နှာပြင် စေးကပ်မှု မရှိတော့သဖြင့် အာဟာရဓာတ်များကို တစ်ကိုယ်ကောင်းဆန်စွာဖြင့် ကြောက်ခမန်းလိလိ ဝါးမျို စားသုံးလေတော့၏။ ယင်းသို့ဖြင့် သူတို့သည် ကပ်ပါးများ ဖြစ်လာကြတော့သည်။

ဆင့်ပွားမှုအဆင့် နှစ်ဆယ်ဆိုလျှင်ပင် ဥပဒေမဲ့ ဆဲလ်တို့သည် တစ်သန်းမျှ ရှိလာသည်။ ဆင့်ပွားမှု နှစ်ဆယ့်ခုနစ်ဆိုလျှင် ကုဋေတစ်ရာ ဖြစ်သွားသည်။ ထိုအခါတွင် သင်းတို့သည် ပင်မအစုအဝေးမှ ခွာစပြုကြသည်။ ပထမတွင် လည်ပတ်နေသော သွေးများအတွင်းသို့ သင်းတို့ ဝင်ရောက်မှုမှာ တစိမ့်စိမ့်မျှသာ ဖြစ်သည်။ နောက်မှ မှန်မှန်ကြီး စီးဝင်သည်။ နောက်ဆုံးတွင်ကား ဒလဟော ဖြစ်တော့သည်။ သင်းတို့သည် ကိုယ်ခန္ဓာအတွင်းဝယ် သီးခြား ကိုလိုနီတစ်ခု တည်ဆောက်ကြသည်။ ဆင့်ပွားမှုအဆင့် လေးဆယ်တွင်ကား သင်းတို့၏ အင်အားသည် ကုဋေတစ်သိန်း အထက်သို့ ရောက်ရှိလေတော့သည်။

ဤကား အပျိုဖော်ဝင်စ မိန်းကလေးတစ်ယောက်တွင် ကြောက်မက်ဖွယ်ကောင်းသော အပြင်းပန်း ခြင်ဆီသွေးကင်ဆာ ရောဂါစွဲကပ်ခြင်းပင် ဖြစ်တော့သည်။ သူမ၏ ဆယ့်နှစ်နှစ်မြောက် မွေးနေ့၏ နောက်နှစ်ရက်ဖြစ်သော ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ခြင်း ဖြစ်သည်။ သူမ၏ အမည်မှာ မီရှဲမာတဲ ဖြစ်ပြီး သူမတွင် ရောဂါပြလက္ခဏာဟူ၍ တစ်ခုပဲရှိသည်။ သူမမှာ အဖျားရှိသည်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁)

နယူးဟမ်ရှိုင်းယားပြည်နယ် ရက်တီဗာရီမြို့ ဝန်းကျင်တစ်ဝိုက်တွင် ခိုက်ခိုက်တုန် အေးမြသော ဖေ့နုဝါရီ နံနက်ခင်းသည် အစပျိုးလျက် ရှိချေပြီ။ အမှောင် မည်းမည်းများ တစစ ဖြုတ်ပျော့လာသောအခါ ဟေမန္တကောင်းကင်သည် လင်းရောင်ခြည် ဝင်လာပြီး မှုန်ရီမှိုင်းပျပျကလေး ဖြစ်လာတော့သည်။ မကြာမီ ငွေနှင်းဖြူဖြူများ ကျလာတော့မည် ဖြစ်သည်။ သို့သော် လေထဲတွင် မိုးစက်ပွင့်ကလေးများ ရှိနေသည်။ အရှေ့ဘက်ဒေသတွင် အတ္တလန္တိတ် သမုဒ္ဒရာကြီး ရှိနေသည်ကို အမှတ်ရနေစေခြင်းပင် ဖြစ်သည်။

ရက်တီဗာရီမြို့ဟောင်း၏ နီမောင်းသော အုတ်တိုက်များသည် ပေါ်တိုမက် မြစ်ရိုးတစ်လျှောက်တွင် ကျတ်တစ္ဆေတို့၏ မြို့ရွာကြီးတစ်ခုလို ရှိနေတော့သည်။ ပေါ်တိုမက်မြစ်သည် ရက်တီဗာရီမြို့၏ အသက်သွေးကြောပင် ဖြစ်သည်။ ယင်းသည် နှင်းများဖုံးလွှမ်းထားသော မြောက်ဘက်ဒေသ တောင်ကုန်း ဖြူဖြူများတွင် မြစ်ဖျားခံပြီး အရှေ့တောင်ဘက် ပင်လယ်ထဲသို့ စီးဝင်သည်။ တငြိမ့်ငြိမ့်တညင်ညင် စီးဆင်းနေသော မြစ်ရေပြင်ကို အဟန့်အတား ပြုနေသည့် အရာနှစ်ခုကတော့ ပျက်စီးယိုယွင်းနေပြီဖြစ်သော ဆည်ကြီးနှင့် လည်ပတ်ခြင်း မရှိတော့သော ရေရဟတ်ဘီးကြီး တစ်ခုတို့ပင် ဖြစ်တော့သည်။

မြစ်ကမ်းတစ်လျှောက်တွင် စက်ရုံဟောင်းများ စီတန်းလျက် ရှိသည်။ တစ်ချိန်က သည်ဒေသတွင် အထည်စက်ရုံများ ဖွံ့ဖြိုးခဲ့သည်ကို အမှတ်ရဖွယ်ရာ ဖြစ်သည်။ မြို့၏တောင်ဘက် အစွန်ဆုံးတွင်ကား ရီဆိုင်ကယ် ဓာတုဗေဒစက်ရုံ

mgyoe.com

mgyoe.com


ကြီး တည်ရှိသည်။ ယင်းစက်ရုံမှ ရာဘာပလတ်စတစ်နှင့် ဗင်နိုင်ပစ္စည်းများ ပြုပြင် ထုတ်လုပ်သည်။ ရေမခေါင်းတိုင်ကြီးများမှ မီးခိုးများ လွင့်တက်လာပြီး တိမ်တိုက်များနှင့် ရောသွားသည်။ ပတ်ဝန်းကျင်ဒေသ တစ်ခုလုံး ရာဘာနှင့် ပလတ်စတစ် ညှော်နံ့များ မွှန်းကျပ်သွားသည်။ စက်ရုံပတ်လည်တွင်ကား စွန့်ပစ်ထားသော ရာဘာတိုင်ယာများ တောင်လိုပုံနေသည်။

မြို့၏ တောင်ဘက်သို့ ရောက်သောအခါ မြစ်သည် သစ်ပင်များ ဖုံးလွှမ်းနေသော တောင်ကုန်းများ၊ နှင်းပွင့်များ ဖုံးအုပ်နေသော မြက်ခင်းများနှင့် လွန်ခဲ့သည့် နှစ်သုံးရာခန့်က တည်ဆောက်ခဲ့သော ကျောက်တံတိုင်းများကို ဖြတ်ကျော်သွားသည်။

မြို့၏ တောင်ဘက် ခြောက်မိုင်ခန့်သို့ ရောက်ရှိသောအခါ မြစ်သည် အရှေ့ဘက်သို့ ကွေ့သွားပြီး ခြောက်ဧကခန့်ရှိသော ကျွန်းဆွယ်တစ်ခုကို ဖြစ်ပေါ်စေသည်။ ယင်း၏ အလယ်တွင် ရေကန် တိမ်တိမ်ကလေး တစ်ခုရှိသည်။ ရေကန်နှင့် မြစ်ကို ချောင်းငယ်ကလေးတစ်ခုက ဆက်သွယ်ထားသည်။ ရေကန်လေး၏ နောက်ဘက်တွင် တောင်ကုန်းငယ် တစ်ခုရှိသည်။ တောင်ကုန်းထက်တွင် ဝိတိုရိယခေတ်ပုံစံ အိမ်ဖြူဖြူကလေး တစ်လုံးရှိသည်။ အမိုး အဆွယ်ဆွယ် အဆင့်ဆင့်နှင့် ဖြစ်သည်။ ဝက်သစ်ချပင်နှင့် မေပယ်ပင်များ ကာရံသော လမ်းကလေးသည် ရှည်လျားစွာ ဝေ့ဝိုက်ပြီးနောက် လမ်းမကြီး ၃၀၁ သို့ ပေါက်ရောက်သည်။

အိမ်ကလေး၏ မြောက်ဘက် နှစ်ဆယ့်ငါးကိုက်ခန့် အကွာ ချုံနွယ်ပိတ်ပေါင်းများ အကြားတွင် ဟောင်းမြင်း ပျက်ယွင်းနေသော စပါးကျီတစ်ခုရှိသည်။ ရေအိုင်အစပ်တွင်ကား အိမ်မကြီးနှင့် ပုံစံတူသော အဆောက်အအုံကလေး တစ်ခုရှိသည်။ ကလေး ကစားအိမ်ပင် ဖြစ်သည်။

လှပသော နယူးအင်္ဂလန် ရှုမျှော်ခင်းကလေး တစ်ခုပင် ဖြစ်သည်။ ဇန်နဝါရီ ပန်းချီကားကလေး တစ်ချပ်ပင် ဖြစ်သည်။ နည်းနည်းကလေးပဲ လျော့သည်။ ရေကန်ထဲတွင် ငါးမရှိပါ။ ရေကန်ပတ်လည်တွင် စိုက်ခင်းကလေးများ မရှိပါ။

မှုန်ရီဖျော့တော့သော နံနက်ခင်း အလင်းရောင်သည် ခန်းဆီးများကိုဖြတ်ကာ ပန်းချီဆန်သော အိမ်ဖြူဖြူကလေးအတွင်းသို့ စိမ့်ဝင်ကျရောက်လျက်ရှိ

mgyoe.com

mgyoe.com


သည်။ နံနက်ဆည်းရီက နှစ်ခြိုက်စွာ အိပ်မောကျနေသော ချားမာတဲကို တဖြည်းဖြည်းချင်း ထိခတ်သည်။

လက်ဝဲဘက်သို့ လှည့်လိုက်သည်။ သူ့ဘဝကို ကျေနပ်စွာ ခံစားနေခြင်း ပင်ဖြစ်သည်။ သို့သော် သည်အဖြစ်ကို ပြီးခဲ့သည့် နှစ်နှစ်ကာလ အတွင်းတွင် သူဝန်ခံခြင်း မပြုခဲ့ပါ။ ဝန်ခံရန် ဝန်လေးခဲ့ပါသည်။ ယခုအခါ သူ့ဘဝသည် တည်ငြိမ် ကောင်းမွန်လျက်ရှိချေသည်။ လင်ဖိုမာခေါ် ပြန်ရည်ဂလင်းကင်ဆာ ရောဂါဖြင့် သူ၏ ပထမဇနီး ကွယ်လွန်ပြီးသည့် နောက်ပိုင်းတွင် သည်အဖြစ်မျိုး ပြန်လည်ရရှိလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပါ။ သူ၏ ပထမဇနီးသည် လွန်ခဲ့သည့် ကိုးနှစ်က ကွယ်လွန်ခဲ့ပါသည်။ သူ့ကို ကလေးသုံးယောက်နှင့် ထားခဲ့သည်။ ဘဝကို ရင်ဆိုင်ရန် ဖြစ်လာသည်။

သို့သော် သည်အဖြစ်များသည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ ပြင်းထန်သော ဒဏ်ရာကြီးသည် တဖြည်းဖြည်း ပျောက်ကင်း လွန်မြောက်ချေပြီ။ ချားအဖို့ အံ့သြရသည်မှာ ဟင်းလင်းပြင်ကြီး ပြန်၍ပြည့်လာခြင်းပင် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်က သူ နောက်အိမ်ထောင် ပြုခဲ့သည်။ သို့သော် သူ့ဘဝ ပြောင်းလဲ ကောင်းမွန်လာသည်ဟု ဝန်ခံရန် တုံ့နှေးနေသည်။ အိမ်ထောင် ပြုလိုက်ခြင်းအားဖြင့် မိမိ၏အလုပ်ကို ကောင်းကောင်းလုပ်နိုင်သည်။ အိမ်မှု ကိစ္စများကို မပူပန်ရတော့ ဟူသည်လောက်ကိုသာ ဝန်ခံချင်သည်။ သူ့ဘဝ အတိုင်းအဆမရှိ ပျော်ရွှင်ချမ်းမြေ့လာပြီကို ဝန်ခံရန် တုံ့နှေးနေသည်။ သို့သော် သူ၏ဇနီးသည် ကက်သရင်းသည် ပျော်ရွှင်မှု အဝဝကို ပေးစွမ်းသဖြင့် သူသည် ဝန်မခံဘဲလည်း မဖြစ်နိုင်တော့ပါ။ သူသည် ကက်သရင်းကို မြင်လျှင်မြင်ချင်း ပင် ချစ်မိခဲ့သည်။ သူတို့ နှစ်ယောက်တွေ့ပြီး ငါးလအကြာတွင် လက်ထပ်ခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်နှစ်အတွင်းတွင် သူသည် သူမကို တိုး၍တိုး၍ ချစ်ခဲ့ရသည်။

အမှောင်ထု လျော့ပါးသွားပြီ ဖြစ်သဖြင့် ချားသည် အိပ်ပျော်နေသော ဇနီးသည်၏ အသွင်သဏ္ဌာန်ကို တွေ့မြင်ရသည်။ သူမက ပက်လက်ကလေး အိပ်နေသည်။ ညာဘက်လက်ကို ခေါင်းအုံးပေါ်တွင် တင်ထားသည်။ သူမသည် သုံးဆယ့်နှစ်နှစ်ရှိပြီ ဖြစ်သော်လည်း သည့်ထက်ငယ်သည်ဟု ထင်ရသည်။ သူတို့နှစ်ယောက် ဆယ့်သုံးနှစ်ကွာသည်။ ချားသည် လေးဆယ့်ငါးနှစ် ရှိပြီဖြစ်

mgyoe.com

mgyoe.com


ပြီး သူ့ကို ကြည့်ရသည်မှာလည်း သည်အသက်အရွယ်ပင် ဖြစ်သည်။ သို့သော် ကက်သရင်းက အသက်အစိတ်လောက်ပဲ ရှိဦးမည်ဟု ထင်ရသည်။

ချားသည် တံတောင်ထောက်ကာ လဲလျောင်းရင်း သူမ၏ နုညက်သော အသွင်သဏ္ဌာန်တို့ကို ငေးကြည့်နေသည်။ သူမ၏ မျက်နှာသည် လရောင်တွင် ဝင်းပနေသည်။ သူမကို ကြည့်ယင်း သူ့စိတ်များ လှုပ်ရှားလာကြသည်။

စားပွဲတင်နာရီကို သူကြည့်လိုက်သည်။ အချက်ပေးခေါင်းလောင်း ထိုးဖို့ မိနစ်နှစ်ဆယ် လိုသေးသည်။ အိပ်ရာပေါ်တွင် သူပြန်ပြီး လှဲလိုက်သည်။ ဇနီးသည်ကို တွေ့ထိလိုက်သည်။

သူက အလုပ်ကိစ္စများကို တွေးလိုက်သည်။ သူ၏လုပ်ငန်းများ မြန်မြန်ကြီး တိုးတက်လျက် ရှိသည်။ သူ့စိတ်များ လှုပ်ရှားလာသည်။ နယူးဂျာဆီ ပြည်နယ် တီးနက်မြို့က ချားမာတဲ ဆိုသည့် လူတစ်ယောက်က ကင်ဆာရောဂါ၏ လျှို့ဝှက်မှုကို ဖော်ထုတ်နိုင်သည် ဆိုလျှင် အဘယ်သို့ ရှိချေမည်နည်း။ ယင်းသို့ ဖြစ်နိုင်ရန်လည်း အများကြီး နီးစပ်လျက် ရှိချေပြီ။ သို့သော် အံ့သြစရာကောင်းသည်က သူသည် လေ့ကျင့်ထားသော သိပ္ပံသုတေသီတစ်ဦး မဟုတ်ပါချေ။ သူ၏ ပထမဇနီး အဲလီဇဘက် နေမကောင်းစဉ်က သူသည် အဆိပ်တောက်ခြင်း အကြောင်းကို လေ့လာနေသော အလုပ်သင်ဆရာဝန် တစ်ဦးသာ ဖြစ်ပေသည်။ သူ့ဇနီး ကွယ်လွန်သော အခါမှသာလျှင် သူသည် ဝင်ငွေကောင်းသော လုပ်ငန်းကို စွန့်လွှတ်ပြီး ဝိုင်ဘာဂါ သုတေသနဌာနတွင် အချိန်ပြည့် သုတေသီအဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သူ့ဇနီး ကွယ်လွန်သည့်အတွက် တုံ့ပြန် လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ ဤသို့ လုပ်ဆောင်သည်ကို သူ၏ လုပ်ဖော်ကိုင်ဖက်များက အားမပေးခဲ့ကြပါ။

ကက်သရင်းသည် ခင်ပွန်းသည် နိုးနေသည်ကို သိသဖြင့် ခင်ပွန်းသည်ဘက်သို့ လှည့်လိုက်သောအခါ သိုင်းဖက်ခြင်းကို ခံလိုက်ရသည်။ သူမက အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးများကို ပွတ်လိုက်ပြီး ခင်ပွန်းသည်ကို ကြည့်ကာ ရယ်လိုက်သည်။ သူ့အမူအရာ ထူးခြားနေသဖြင့်....

'အစ်ကို ဘာတွေ စဉ်းစားနေတာလဲ'

'ညီမကို ကြည့်နေတာ'

'အို ဟုတ်လား၊ ညီမက လှတယ်မဟုတ်လား'

mgyoe.com

mgyoe.com


'မလှဘူး'

သူမ၏ နဖူးပေါ်မှ ဆံပင်များကို သပ်ရင်း သူက စလိုက်သည်။

ကက်သရင်း အိပ်ချင်စိတ်များ ပြေသွားပြီ ဖြစ်သည်။ ခင်ပွန်းသည်၏ စိတ်အာရုံ လှုပ်ရှား နိုးကြွနေသည်ကို သိသဖြင့် ခင်ပွန်းသည်ကို သူမ၏ လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပါသည်။

အမိုးများပေါ်သို့ နှင်းပွင့်ကလေးများ လွင့်ကြွေစ ပြုသောအခါ ချစ်သူနှစ်ဦးသည် နက်ရှိုင်းစွာ ထိတွေ့လွင့်မျောလျက် ရှိကြတော့သည်။

ထိုစဉ်မှာပင် နာရီအချက်ပေး ခေါင်းလောင်းသံ လွင့်ပျံလာသည်။ နေ့တစ်နေ့အစ ပြုချေပြီတည်း။

✣

အဝေးတစ်နေရာဆီမှ ကက်သရင်း၏ ခေါ်သံကို မီရှဲကြားရသည်။ သူမက အိပ်မက် မက်နေသည်။ အိပ်မက်ထဲတွင် သူမနှင့် သူမ၏ဖခင်သည် လယ်ကွင်းကြီး တစ်ခုကို ဖြတ်သန်းနေကြသည်။ မီရှဲသည် ကက်သရင်း၏ ခေါ်သံကို မသိကျိုးကျွန် ပြုနေသည်။ သို့သော် ခေါ်သံက ထပ်ပြီး ပေါ်ထွက်လာသည်။ သူမ၏ ပခုံးပေါ်တွင် လက်တစ်ဖက် ထိရောက်လျက် ရှိသည်ကို ခံစားရသည်။ သူမ လှည့်ပြီး ကြည့်လိုက်သောအခါ ပြုံးနေသော ကက်သရင်း၏ မျက်နှာကို တွေ့ရသည်။

'ထဖို့ အချိန်ရောက်ပြီ'

မီရှဲ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီးနောက် ခေါင်းညိတ်သည်။ သူမ နိုးနေပြီဖြစ်ကြောင်း ပြောလိုက်သည်။ ပြီးခဲ့သည့် ညသည် သူမအဖို့ မကောင်းသော ညတစ်ညပင် ဖြစ်သည်။ အိပ်မက်ဆိုးတွေ မက်သည်။ သူမ၏ ကိုယ်တွင် ချွေးတွေ ပြန်နေသည်။ စောင်ခြုံအောက်တွင် ပူအိုက်နေပြီး စောင်ခြုံထဲမှ ထွက်လိုက်သော အခါတွင် အေးနေသည်။ တစ်ညလုံးလိုလိုပင် ဖခင်ထံသို့ သွားရန် စိတ်ကူးမိသည်။ ဖခင် တစ်ယောက်တည်း ဆိုလျှင်လည်း သွားမိမည်မှာ အမှန်။

'အို အို၊ သမီးအသားတွေ နီလို့ပါလား'

ကက်သရင်းက ကန့်လန့်ကာများကို ဖွင့်ရင်း ပြောလိုက်သည်။ မီရှဲ၏ နဖူးကို သူမ၏ လက်တစ်ဖက်ဖြင့် စမ်းကြည့်သည်။ ပူနေသည်။

mgyoe.com

mgyoe.com


'သမီး ဖျားပြန်ပြီနဲ့တူတယ်၊ သမီး နေမကောင်းဘူးလား'

ကက်သရင်းက ကြင်နာယုယစွာ မေးသည်။

'နေကောင်းပါတယ်'

မီရှဲ လျှင်မြန်စွာ ပြန်ဖြေသည်။

မီရှဲ မဖျားချင်ပါ။ သူမ ကျောင်းပျက်မှာ စိုးသည်။ သူမ အိပ်ရာမှ ထပြီး လိမ္မော်ရည် ဖျော်ချင်သည်။ လိမ္မော်ရည် ဖျော်သည့်အလုပ်က သူမ၏ အလုပ်ဖြစ်သည်။

'သမီးကို အပူချိန် တိုင်းကြည့်မှ ဖြစ်မယ်'

ယင်းသို့ပြောပြီး ဆက်နေသော ရေချိုးခန်းထဲသို့ ကက်သရင်း ဝင်သွားသည်။ ပြန်ထွက်လာသောအခါ အပူချိန်တိုင်း ကိရိယာ ပါလာသည်။

'တစ်မိနစ်လောက် ကလေးပဲ၊ ပြီးရင် ဘာဖြစ်တယ် ဆိုတာ သိရမှာပဲ'

သူမက မီရှဲ၏ ပါးစပ်ထဲသို့ ပြဒါးတိုင်ကို ထည့်လိုက်သည်။

'လျှာအောက်ကိုထိုး၊ သားတို့ကို နှိုးပြီးရင် ပြန်လာခဲ့မယ်'

တံခါးပိတ်သွားသောအခါ မီရှဲသည် ပြဒါးတိုင်ကို ဆွဲထုတ်လိုက်သည်။ အချိန်တိုကလေး အတွင်းမှာပင် ပြဒါးချိန်သည် ၉၉ ဒီဂရီ တက်လာသည်။ သူမတွင် အဖျားရှိသည်ကို သူမ သိသည်။ သူမ၏ ခြေထောက်များ ကိုက်ခဲနေကြသည်။

သူမက ပြဒါးတိုင်ကို ပါးစပ်တွင်ပြန်ထည့်လိုက်သည်။ သူမ လဲလျောင်းနေသည့် နေရာမှနေ၍ သူမ၏ ကစားအိမ်ကလေးကို မြင်ရသည်။

ကစားအိမ်ကလေးကို သူမ၏ ဖခင်က ဆောက်လုပ်ပေးထားခြင်း ဖြစ်သည်။ အမိုးပေါ်တွင် အသစ်ကျသော နှင်းပွင့်များဖြင့် ဖုံးလွှမ်းနေသည်။ ထိုမြင်ကွင်းကို ကြည့်ယင်း သူမ၏ ကိုယ်ကလေး တုန်လာသည်။ သူမက နွေဦးကို မှန်းမျှော်မိသည်။ ထိုအိမ်ကလေးတွင် နေခဲ့ရသည့် နေ့ရက်များကို တမ်းတသည်။ သူမနှင့် သူမ၏ဖခင်တို့ နှစ်ယောက်တည်း ဖြစ်သည်။

❖

တံခါးပွင့်သွားသော အချိန်တွင် အသက် ဆယ့်ငါးနှစ် အရွယ်ရှိသော ဂျင်းပေါသည် အိပ်ရာမှ နိုးနေပြီ ဖြစ်သည်။ သူ့လက်ထဲတွင် ရူပဗေဒ စာအုပ်ရှိနေသည်။ သူ့ခေါင်းရင်းရှိ နာရီ ရေဒီယိုကလေးမှ တိုးညင်းသော

mgyoe.com

mgyoe.com


ရှော့အင်ရိုး ဂီတသံများ လွင့်ပျံလျက်ရှိသည်။ သူသည် အပြာပွင့်ကလေးများ ပါရှိသော အနီရင့်ရောင် ညဝတ်အင်္ကျီကို ဝတ်ထားသည်။ ကက်သရင်း၏ ခရစ္စမတ် လက်ဆောင်ပင် ဖြစ်သည်။

'မိနစ်နှစ်ဆယ် အချိန်ရမယ်'

ကက်သရင်းက လှိုက်လှဲစွာ ပြောလိုက်သည်။

'ဟုတ်ကဲ့ မေမေ'

ဂျင်းပေါက အပြုံးဖြင့် ပြန်ပြောသည်။

ကက်သရင်းက တံ့ရပ်လိုက်သည်။ ကောင်ကလေးကို ငုံ့ကြည့်သည်။ သူမ၏ ရင်ထဲတွင် လှုပ်ခတ်လာသည်။ သူကလေးကို မိမိ၏ ရင်ခွင်တွင်းသို့ တအားသွင်းပြီး ဖက်ထားလိုက်ချင်သည်။ သို့သော် စိတ်ကို ထိန်းလိုက်သည်။ ကလေးသုံးယောက်သည် လူချင်းထိတွေ့သည်ကို သိပ်ပြီး မကြိုက်ကြ။ ပထမ ပိုင်းတွင် ကက်သရင်းအဖို့ စိတ် စနိုးစနောင့်ပင် ဖြစ်ခဲ့ရသည်။ ကက်သရင်း သည် ဘော့စတွန်မြို့ အီတာလျံ အဝန်းအဝိုင်းမှ ပေါက်ဖွားလာသူ ဖြစ်သည်။ မိမိတို့အဖို့ ပွေ့ဖက်ခြင်းများသည် အဆန်းမဟုတ်ချေ။ သူမ၏ဖခင်သည် လက်ဗီးယားလူမျိုး တစ်ဦး ဖြစ်သော်လည်း သူမ ဆယ့်နှစ်နှစ်သမီး အရွယ်တွင် ထွက်သွားခဲ့သဖြင့် ကက်သရင်းတွင် ဖခင်၏ အရိပ်ဩဇာ လွှမ်းမိုးခြင်း မရှိပါချေ။ သူမသည် ရာနှုန်းပြည့် အီတလီတစ်ဦးပင် ဖြစ်တော့သည်။

'မနက်စာ စားဖို့ စောင့်နေမယ်'

ကက်သရင်းက ပြောလိုက်သည်။

ကက်သရင်းသည် သူမကို မေမေဟုခေါ်လျှင် သဘောကျကြောင်း ဂျင်းပေါ သိသည်။ သူကလည်း သူမ သဘောကျသည့်အတိုင်း ခေါ်သည်။ သူမထံမှ ရရှိသော အပြုအစု အယုအယများအတွက် အင်မတန် သက်သာစွာ ပေးရခြင်းပင် ဖြစ်သည်။ ဂျင်းပေါ၏ ဘဝတွင် သူ့အဖေက အင်မတန် အလုပ်များသည်။ သူ့အစ်ကိုဖြစ်သူ ချတ် ကလည်း သူ့ကို အရေးမထား။ သူ၏ ညီမကလေး မီရှဲနှင့်လည်း တခြားစီ ဖြစ်သည်။ သည်အခြေအနေတွင် ကက်သရင်း ရောက်ရှိလာသည်။ ထို့နောက် ကက်သရင်းက သူတို့မောင်နှမ သုံးယောက်ကို တရားဝင် မွေးစားသည်။ ကက်သရင်းကသာ ခေါ်စေချင်လျှင် ဂျင်းပေါသည် သူမကို 'အဘွား'ဟုလည်း ခေါ်ပေမည်၊ ကက်သရင်းကို

mgyoe.com

mgyoe.com


သူ၏ မိခင်အရင်းကဲ့သို့ပင် ချစ်သည်ဟု သူထင်သည်။ မိခင်ကွယ်လွန်စဉ်က သူသည် ခြောက်နှစ်သားပဲ ရှိသေးသည်။

✣

ကက်သရင်း၏ လက်တစ်ဖက်က သူ့ကို လာပြီး ထိကိုင်သည် ဆိုလျှင်ပင် ချတ်၏ မျက်လုံးများ တဖျပ်ဖျပ်ခတ်ပြီး ပွင့်လာသည်။ သို့သော် သူ အိပ်ပျော်ဟန်ဆောင်နေသည်။ သူ၏ ခေါင်းကို ခေါင်းအုံးအောက်တွင် မြှုပ်ထားသည်။ သူ အိပ်ချင်ဟန်ဆောင်နေလျှင် သူမက သူ့ကို နောက်တစ်ကြိမ် ထပ်ပြီး လှုပ်နှိုးပေလိမ့်မည်။ သည်တစ်ကြိမ်တွင် ခပ်ပြင်းပြင်းကလေး လှုပ်နှိုးပေလိမ့်မည်။ သူ ထင်သည့်အတိုင်းပင် ဖြစ်သည်။ သူမ၏ လက်နှစ်ဖက်က သူ့ပခုံးကို ဆုပ်ကိုင်ပြီး လှုပ်ခါသည်။ သူ့မျက်နှာပေါ်မှ ခေါင်းအုံးကို ဖွင့်လိုက်သည်အထိ ဖြစ်သည်။ ချတ်သည် အသက် ဆယ့်ရှစ်နှစ် အရွယ်ရှိပြီး အရှေ့မြောက် တက္ကသိုလ်တွင် ပထမနှစ်သင်တန်းသို့ တက်ရောက်နေသည်မှာပင် နှစ်တစ်ဝက်ကျိုးပြီ ဖြစ်သည်။ သို့သော် သင်ကြားမှု အခြေအနေမကောင်းပါ။ နှစ်ဝက်စာမေးပွဲ ဖြေရမှာကို သူကြောက်နေသည်။ စိတ်ပညာက လွဲလျှင် ကျန်ဘာသာအားလုံး ပြဿနာ ဖြစ်နိုင်သည်။

'ဆယ့်ငါးမိနစ်'

ကက်သရင်းက ပြောလိုက်သည်။ ထို့နောက် သူမက သူ့ဆံပင်ရှည်ရှည်များကို ထိုးဖွလိုက်သည်။

'မင်းတို့ ဖေဖေက အလုပ်စောစော သွားမယ်တဲ့'

'ဖွတ်'

'အို'

'ကျွန်တော် မထသေးဘူး'

ချတ်သည် ကက်သရင်းလက်မှ ခေါင်းအုံးကို ဆွဲယူလိုက်ပြီး သူ့ခေါင်းပေါ်တွင် ထိထားလိုက်သည်။

'မထချင်လည်း နေပေါ့'

ကက်သရင်းက ယင်းသို့ပြောပြီး သူ့ကိုယ်ပေါ်မှ စောင်ကို ဆွဲခွာလိုက်သည်။

ချတ်၏ကိုယ်တွင် အောက်ခံ ဘောင်းဘီကလေးကိုသာ ဝတ်ဆင်ထားသည်။ သူခုန်ပြီး ထလိုက်သည်။ သူ့ကိုယ်ကို စောင်ဖြင့် ရစ်ပတ်လိုက်သည်။

mgyoe.com

mgyoe.com


'အဲဒါမျိုး ဘယ်တော့မှ မလုပ်ပါနဲ့'

သူက ဟောက်သည်။

'အဲဒါမျိုး ဘယ်တော့မှ မပြောနဲ့၊ ဆယ့်ငါးမိနစ်ပဲ'

ကက်သရင်း လှည့်ထွက်သွားသည်။ ချတ်၏မျက်နှာ ဒေါသဖြင့် နီရဲနေသည်။ မီးရှဲ၏ အခန်းဆီသို့ ကက်သရင်း လျှောက်သွားသည်ကို သူကြည့်နေသည်။ သူမက ပိုးသားညဝတ်ရုံကို ဝတ်ထားသည်။ အနီရောင် ပျော့ပျော့ ဖြစ်သည်။ သူမ၏ အသားရောင်နှင့် တစ်သွေးတည်းလို ဖြစ်သည်။ ချတ်၏ စိတ်အာရုံတွင် ကက်သရင်းသည် အဝတ်ကင်းမဲ့နေသလို ဖြစ်နေသည်။ သူမက သူ၏ မိခင်အရွယ် မဟုတ်ပါ။

ချတ်သည် အခန်းတံခါးကို ဆောင့်ပြီး ပိတ်လိုက်သည်။ သူ့ဖခင် အလုပ် စောစောသွားချင်သည့်အတွက် သူက လက်သမားတစ်ယောက်လို မိုးမလင်းမီတွင် ထရမည်ဖြစ်သည်။ အကြံကြီးသည့် သိပ္ပံပညာရှင်ကြီး ဖြစ်သည်။ ချတ်သည် သူ့မျက်နှာကို လက်ဖြင့် ပွတ်လိုက်သည်။ ခုတင်အောက်တွင် လွှင့်နေသော စာအုပ်ကို သတိပြုမိသည်။ ရုရှ စာရေးဆရာကြီး ဒေါစတာယက်စကီး၏ ပြစ်မှုနှင့်ပြစ်ဒဏ်။ ယမန်နေ့ညက သည်စာအုပ်ကို သူဖတ်နေခဲ့သည်။ သည်စာအုပ်ကို ကျောင်းမှာ သင်ရ၍ မဟုတ်ပါ။ သူ ကြိုက်၍ ဖတ်ခြင်းဖြစ်သည်။ အမှန်အတိုင်းဆိုလျှင် သူသည် ဓာတုဗေဒကို ကြည့်ရမည်။ ဓာတုဗေဒမှာ သူကျမှာ စိုးရိမ်ရသည်။ အကယ်၍ ကျခဲ့လျှင် သူ့ဖခင်က ဘာပြောမည်နည်း။ ဓာတုဗေဒသည် သူ့ဖခင်၏ အဓိကဘာသာ ဖြစ်သည်။

'ငါ ဘယ်တော့မှ သောက်ဆရာဝန် မဖြစ်ချင်ဘူး'

ချတ် မတ်တတ်ထရပ်လိုက်ပြီး ဘောင်းဘီရှည်ကို ဆွဲဝတ်ရင်း ပြောလိုက်သည်။ သူ၏ အင်္ကျီနှင့် ဘောင်းဘီများက တစ်ခါမျှ မလျှော်ပဲ ရှိသည်ကို သူ သဘောကျသည်။ ရေချိုးခန်းထဲသို့ ရောက်လျှင်လည်း မုတ်ဆိတ်မွေး မရိတ်ဟု သူ ဆုံးဖြတ်သည်။ မုတ်ဆိတ်မွေး ရှည်ရှည်ထားမည်ဟု သူ စိတ်ကူးလိုက်သည်။

✤

ချားသည် ပိုးပျော့ပျော့ ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသဖြင့် ဆယ်နှစ်အတွင်း တက်လာသော ဆယ့်ငါးပေါင်မှာ သိသာလျက်ရှိသည်။ သူသည်

mgyoe.com

mgyoe.com


မေးတစ်ဝိုက်ကို ဆပ်ပြာမြှုပ်များ သုတ်လိုက်သည်။ သူ၏လက်ရှိ သုတေသန စီမံချက်နှင့် ပတ်သက်သော အနုမတဂ္ဂ အချက်အလက်များကို ရွေးချယ်စိစစ် နေသည်။ ယခုအခါတွင် သူသည် ကင်ဆာရောဂါနှင့် ပတ်သက်သော အဖြေကို ရရှိဖို့ အများကြီး နီးစပ်နေပြီ ဖြစ်သည်။ ယခင်ကလည်း ယခုကဲ့သို့ပင် နီးစပ်ပြီဟု ထင်ခဲ့ဖူးသည်။ သို့သော် မှားယွင်းစွာ ထင်မှတ်ခဲ့ခြင်းသာ ဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ နှစ်ပေါင်းများစွာ ပင်ပန်းကြီးစွာ သုတေသန ပြုခဲ့သော အချက်အလက်များပေါ်တွင် အခြေပြုထားသည်။

သည်ကနေ့အတွက် လုပ်ငန်းစဉ်များကို ရေးဆွဲသည်။ မျိုးရိုးလိုက် ရင်သားကင်ဆာကို ဖြစ်စေသော အိပ်ချ်အာရ်ဆဲဗင်းမျိုးထူး ကြွက်သစ်များကို စမ်းသပ်မည်။ သည်အကောင်များ သူတို့၏အသားပို မြင်းများကို 'တုံ့ဆုတ်မှု' ရှိစေရန် ပြုလုပ်မည်။ ပန်းတိုင်သည် နီးသည်ထက် နီးလာပြီဟု ချားယူဆသည်။

ကက်သရင်း အခန်းတွင်းသို့ ဝင်လာပြီး သူ့ကို ဖြတ်ကျော်သွားသည်။ သူမ၏ ဝတ်ရုံကို ခေါင်းပေါ်မှ မချွတ်ပြီးနောက် ရေပန်းအောက်သို့ ဝင်ရောက် သည်။ ရေနှင့် ရေနွေးချိုးခန်း ကန့်လန့်ကာကို ထိခတ်သည်။ ခေတ္တမျှ ကြာ သောအခါ သူမက ကန့်လန့်ကာကို ဆွဲဖယ်ပြီး ချားကို လှမ်းပြောသည်။

'ကျွန်မတော့ မိရှဲကို တကယ့်ဆရာဝန် တစ်ယောက်ဆီကို သွားပြရ လိမ့်မယ်နဲ့တူတယ်'

ထို့နောက် သူမသည် ကန့်လန့်ကာ၏ နောက်ကွယ်တွင် ပြန်လည် ပျောက်ကွယ်သွားလေသည်။

ချားသည် မုတ်ဆိတ်မွေး ရိတ်နေရာမှ ခေတ္တ ရပ်နားလိုက်သည်။ 'တကယ့်' ဆရာဝန်တစ်ယောက်ဟု ကက်သရင်းက ထောင့်ငေါ့လိုက်ခြင်းအ တွက် စိတ်စနိုးစနောင့် မဖြစ်စေရန် ကြိုးစားရသည်။ သူတို့နှစ်ယောက်အ ကြားတွင် အင်မတန် သိမ်မွေ့သည့် ပြဿနာတစ်ခု ဖြစ်သည်။

'ဆရာဝန် တစ်ယောက်နဲ့ လက်ထပ်ထားတဲ့အတွက် ကိုယ့်မိသားစုရဲ့ ကျန်းမာရေးအတွက်တော့ ဘာမှ ပူပန်စရာ မရှိဘူးလို့ ကျွန်မအောက်မေ့ထား ခဲ့တယ်…အဲဒါ ကျွန်မ မှားများနေသလား'

ကက်သရင်းက ရေချိုးခန်း နေရာမှ လှမ်းအော်သည်။

ချားသည် ရိတ်ပြီးသွားသော မျက်နှာတစ်ခြမ်းကို စစ်ဆေးကြည့်ရှု လျက်ရှိသည်။ သူ၏ မျက်ခွံ တစ်ဖက်မို့နေသည်ကို တွေ့မြင်ရသည်။ သူက

mgyoe.com

mgyoe.com


မိန်းမနှင့် ရန်မဖြစ်ချင်ပါ။ မိသားစု၏ ကျန်းမာရေး ပြဿနာများ နှစ်ဆယ့်လေး နာရီအတွင်း အလိုလို ပြီးပျောက်သွားတတ်သည့် သဘောသည် ကက်သရင်း ရောက်ရှိလာသည့် အချိန်မှစ၍ အစဉ်အလာ ပျက်သွားတော့သည်။ သူမ၏မိခင် စိတ်က ဝမ်းနာတာကလေး၊ ခေါင်းကိုက်တာကလေး အစ ပါရဂူများကို ပြသလိုသည်။

'မိရှဲ နေလို့မကောင်းသေးဘူးလား'

ချားက မေးလိုက်သည်။ လိုရင်းကို ပြောတာပဲ ကောင်းသည်။

'ကလေး နေမကောင်းနေတာ ကြာပြီပဲ။ ကျွန်မ ပြောစရာ လိုသေးသလား'

'ဒီမယ် ကက်သရင်း ကိုယ်က ကင်ဆာသုတေသီ တစ်ယောက်ပဲ၊ ကလေးဆရာဝန် မဟုတ်ဘူး'

သူက ကန့်လန့်ကာကို ဆွဲဖယ်လိုက်ရင်း ပြောသည်။

'သြော်၊ ဟုတ်လား ကျွန်မက အစ်ကို့ကို ဆရာဝန်တစ်ယောက်လို့ အောက်မေ့နေတာ'

ကက်သရင်းက မျက်နှာကို ရေစက်များ ဆီသို့ မော့ရင်း ပြန်ပြောသည်။

'ကိုယ် မင်းနဲ့ စကားမများချင်ပါဘူး၊ အခု ကလေးတွေ တုပ်ကွေး ဖြစ်နေကြတယ်၊ မိရှဲလည်း အဲဒီအထဲမှာ ပါတယ်၊ လူတစ်ယောက်ဟာ တုပ်ကွေး ဖြစ်ပြီးရင် တစ်ပတ်လောက်တော့ မအီမသာ ဖြစ်နေတာပဲ၊ နောက်တော့ ပျောက်သွားတာပဲ'

ကက်သရင်းသည် သူမ၏ ခေါင်းကို ရေပန်းအောက်မှ ထုတ်လိုက်ပြီး ချားကို တည့်တည့်ကြီး ကြည့်ကာ…

'ပြဿနာက မိရှဲ မအီမသာ ဖြစ်နေတာ လေးပတ်ရှိသွားပြီ'

'လေးပတ်၊ ဟုတ်လား'

ချားက မေးလိုက်သည်။ သူသည် အလုပ်နှင့် နပန်းလုံးနေရသဖြင့် အချိန်တွေ ဘယ်လို ကုန်သွားမှန်း မသိလိုက်ပါ။

'ဟုတ်တယ် လေးပတ်၊ ကျွန်မ ဘာမှ မဟုတ်တာကလေးနဲ့ စိတ်ပူနေတာ မဟုတ်ပါဘူး၊ မိရှဲကို ကလေးဆေးရုံကို ခေါ်သွားပြီး ဒေါက်တာ

mgyoe.com

mgyoe.com


ဝီလီနဲ့ ပြရလိမ့်မယ် ထင်တယ်၊ နောက်ပြီးတော့ ဂျွန်ဟော်ဆာ အငယ်ကလေး ဆေးရုံ တက်နေတာလည်း မေးရမယ်'

'ဟုတ်ပြီလေ၊ မီရှဲကို ကိုယ်ကြည့်ပါဦးမယ်'

ချားက ကြွေအင်တုံဘက်သို့ ပြန်လှည့်ယင်း ပြောလိုက်သည်။ တုပ်ကွေးရောဂါ အနေနှင့် လေးပတ်ဆိုသည်ကတော့ များသည်။ ကက်သရင်း ပိုပြော နေသည်လည်း ဖြစ်နိုင်သည်။ သည်အမေးကို မမေးရဘဲနှင့် သူသိသည်။ ဘာပဲဖြစ်ဖြစ် စကားလွှဲလိုက်တာပဲ ကောင်းသည်။

'ဂျွန်ဟော်ဆာ ကောင်ကလေး ဘာဖြစ်တာလဲ'

ဂျွန်ဟော်ဆာ မိသားစုသည် သူတို့၏ အိမ်နီးချင်းများ ဖြစ်ကြသည်။ မြစ်အထက်ဘက် တစ်မိုင်လောက်တွင် နေသည်။ ဟင်နရီဂျွန်ဟော်ဆာ သည် ချား၏ နည်းပါးသော အသိအကျွမ်းများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ဟင်နရီ၏ သားကလေး တက်သည် မီရှဲထက် အသက်တစ်နှစ် ကြီးသော်လည်း လချင်း သိပ်မကွာသဖြင့် ကျောင်းတွင် အတန်းတူတူဖြစ်သည်။

ကက်သရင်း ရေပန်းအောက်မှ ထွက်လိုက်သည်။ မီရှဲကို ချားကြည့်ရှုစေရန် မိမိ၏ အကွက်ဆင်မှု အောင်မြင်သဖြင့် ကျေနပ်နေသည်။

'တက် ဆေးရုံတက်နေတာ သုံးပတ် ရှိသွားပြီ၊ တော်တော်နေမကောင်းဘူးလို့ ပြောတယ်၊ ဒါပေမဲ့ သူဆေးရုံတက်ကတည်းက မာဂီနဲ့ မတွေ့ရသေးဘူး'

'ဘာဖြစ်တာတဲ့လဲ'

'ကျွန်မ မကြားဖူးတဲ့ ရောဂါတစ်ခုပဲ၊ အလက်စတစ် အနေးမီးယား ဆိုလား ဘာလားပဲ'

ကက်သရင်းက သူမ၏ကိုယ်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်းပြောသည်။

'အပလတ်စတစ် အနေးမီးယားလား'

ချားက မယုံကြည်နိုင်ဟန်ဖြင့် မေးသည်။

'အင်း အဲဒါမျိုးပါပဲ'

'ဘုရား…ဘုရား…အံ့သြစရာပဲ'

ချားသည် ကြွေအင်တုံပေါ်တွင် ကုန်းငုံ့လိုက်ရင်း ပြောသည်။

mgyoe.com

mgyoe.com


'အဲဒါ ဘာရောဂါလဲ'

ကက်သရင်း ထိတ်လန့်လန့်ဖြင့် မေးသည်။

'ခြင်ဆီ သွေးအားနည်းရောဂါ၊ ခြင်ဆီထဲမှာ သွေးဆဲလ်မဖြစ်တော့တဲ့ ရောဂါပဲ'

'စိုးရိမ်ရသလား'

'စိုးရိမ်ရတယ်၊ အန္တရာယ် ဖြစ်တတ်တယ်'

ကက်သရင်းသည် လက်နှစ်ဖက်ကို ဘေးသို့ ချလိုက်သည်။ သူမက စိတ်မကောင်းဟန်လည်း ရှိသည်။ စိုးရိမ်ထိတ်လန့်ဟန်လည်း ရှိသည်။

'ကူးတတ်သလား'

'မကူးတတ်ပါဘူး'

ထိုရောဂါအကြောင်း သူစဉ်းစားသည်။ သည်ရောဂါမျိုးက ရှားပါးသည်။

'တက် နဲ့ မိရှဲက တတွဲတွဲ နေကြတာ'

ကက်သရင်း တုံ့ဆိုင်းစွာ ပြောသည်။

ချားက ကက်သရင်းကို ကြည့်လိုက်သည်။ သူမက နှစ်သိမ့်မှုကို မျှော်လင့်နေသည်။

'မိရှဲဟာ ခြင်ဆီသွေးအားနည်း ရောဂါများ ဖြစ်နေမလားလို့ မင်းစိုးရိမ်နေတာလား'

'ဖြစ်နိုင်သလား'

'မဖြစ်နိုင်ပါဘူး...မင်းဟာ ဆေးကျောင်းသား တစ်ယောက်ကျနေတာပဲ၊ ရောဂါသစ်တစ်ခုကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်မှာ ဒီရောဂါမျိုး ဖြစ်နေတော့ သလိုပဲ၊ ခြင်ဆီသွေးအားနည်း ရောဂါက အင်မတန် ဖြစ်ခဲပါတယ်၊ ဆေးတစ်ခုခုကြောင့် ဒါမှမဟုတ် မတည့်တဲ့ ဓာတုပစ္စည်း တစ်ခုခုကြောင့် ဖြစ်တတ်တယ်၊ အဆိပ်တောက်တဲ့ သဘောမျိုးပဲ၊ ဒါပေမဲ့ ဘာကြောင့် ဖြစ်တယ်ဆိုတာကို ဘယ်တော့မှ မသိနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီရောဂါက မကူးတတ်ပါဘူး၊ ကောင်ကလေး သနားစရာပဲ'

'ကျွန်မလည်း မာဂီဆီ ဖုန်းတောင် မဆက်ဖြစ်ဘူး'

ကက်သရင်းသည် ကုန်းငုံ့လိုက်ပြီး သူမ၏မျက်နှာကို မှန်ထဲတွင်

mgyoe.com

mgyoe.com


ကြည့်သည်။ မာဂီတစ်ယောက် အဘယ်မျှ ပူပန်သောက ရောက်နေမည်ကို စဉ်းစားမိသည်။ မိမိ၏ ပေါ့ဆမှုအတွက် အပြစ်တင်နေမိသည်။ အိမ်ထောင် မကျမီတုန်းက ကဲ့သို့ပင် မိမိ၏ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရေးမှတ်ထားမှ ဖြစ်မည်။

ချားသည် မျက်နှာ ဘယ်ဘက်ခြမ်းကို ရိတ်ရင်း ခြင်ဆီသွေးအားနည်းရောဂါသည် သူဂရုပြု လေ့လာရမည့် ရောဂါတစ်ခု ဖြစ်ချေမည်လားဟု စဉ်းစားနေမိသည်။ သည်မှ သဲလွန်စ တစ်ခုခု တွေ့မည်လား။ ခြင်ဆီ လှုပ်ရှားမှုကို မည်သည့်နေရာက ချုပ်ကိုင်ထားသနည်း။ ကင်ဆာနှင့် ပတ်သက်ပြီး အဓိကသော့ချက်သည် ချုပ်ကိုင်မှု ပြဿနာပင် ဖြစ်သည်ဟု ချားယူဆထားသည်။

✣

ချားသည် မီရှဲ၏တံခါးကို လက်ညှိုးဆစ်ဖြင့် ဖြည်းညင်းစွာ ခေါက်လိုက်သည်။ ထို့နောက် သူ နားစွင့်လိုက်သည်။ အိပ်ခန်းနှင့် ဆက်နေသော ရေချိုးခန်းဆီမှ ရေကျသံကို ကြားနေရသည်။ တံခါးကို အသံမထွက်အောင် ဖွင့်လိုက်သည်။ ခုတင်ပေါ်တွင် မီရှဲလဲလျောင်းလျက်ရှိသည်။ တံခါးဘက်ကို ကျောပေးထားသည်။ မီရှဲ ရုတ်တရက် လှည့်လာသည်။ သူတို့၏ မျက်လုံးများ ဆုံမိကြသည်။ သူမ၏ပါးပြင်ပေါ်တွင် မျက်ရည်စီးကျလျက် ရှိသည်။ ချား ရင်ထဲမှာ ထိခိုက်သွားသည်။

ခုတင်အောက်တွင် ချားထိုင်လိုက်ပြီး ကုန်းငုံ့ကာ သမီးငယ်၏ နဖူးကို နမ်းသည်။ သူ၏ နှုတ်ခမ်းများက ကလေးမတွင် အဖျားရှိကြောင်း သိရှိသည်။ ချားသည် ခါးဆန့်လိုက်ပြီး သမီးငယ်ကိုကြည့်သည်။ ကလေးမလေး၏ မျက်နှာ တွင် ကွယ်လွန်သူ ဇနီးသည်၏ မျက်နှာကို တွေ့ရှိရသည်။ မိခင်အတိုင်းပင် ဆံပင်ကောင်းသည်။ နက်မှောင်နေသည်။ နှုတ်ခမ်းလှသည်။ အသားဖြူညက် သည်။ သူနှင့်တူသည့် အချက်များကတော့ မျက်လုံးပြာသည်၊ သွားကလေး များ ဖြူဖွေးညီညာသည်။ နောက်ပြီးတော့ နှာခေါင်းနည်းနည်းပြားသည်။ ကမ္ဘာပေါ်ရှိ အသက် နှစ်ဆယ့်နှစ်နှစ်အရွယ် မိန်းကလေးတွေထဲမှာတော့ မီရှဲသည် အလှဆုံးပင် ဖြစ်ပေလိမ့်မည်။

mgyoe.com

သမီးငယ်၏ ပါးပြင်ပေါ်မှ မျက်ရည်စများကို သူ၏ လက်ဖမိုးနှင့် သုတ်လိုက်သည်။

'သမီး ဝမ်းနည်းပါတယ် ဒက်ဒီ'

'သမီး ဘာကို ဝမ်းနည်းတာလဲ'

ချားက တိုးညင်းစွာ မေးလိုက်သည်။

'သမီး နေမကောင်းတာကို ဝမ်းနည်းတာပါ၊ သမီးဟာ သူများတွေအတွက် အနှောင့်အယှက်ကြီး မဖြစ်စေချင်ဘူး'

ချားသည် သမီးငယ်ကို ဖက်လိုက်သည်။ ကလေးမကလေးသည် သူ့လက်ထဲတွင် ပျော့စိပျော့နဲ့ ကလေး ဖြစ်နေသည်။

'ဘယ်လိုမှ အနှောင့်အယှက် မဖြစ်ပါဘူးကွယ်...သမီး အနေနဲ့ ဒီစကားမျိုး ဘာမှပြောစရာ မလိုပါဘူး၊ မှန်းစမ်း၊ သမီးကို ဖေဖေကြည့်မယ်'

မျက်နှာတွင် မျက်ရည်စတွေနှင့်မို့ မီရှဲ မျက်နှာလွှဲထားသည်။ ချားက သူမ၏မေးကို လက်နှစ်ဖက်ဖြင့် ညှပ်ကာ တည့်ယူလိုက်ပြီး-

'သမီး ဘယ်လိုနေသလဲဆိုတာ ဖေဖေကို ပြောစမ်း၊ သမီး ဘယ်နေရာ ဘာဖြစ်နေသလဲ....'

'နုံးတုံးတုံးကလေး ဖြစ်နေတာကလွဲလို့ သမီး ဘာမှမဖြစ်ပါဘူး၊ သမီး ကျောင်းသွားနိုင်ပါတယ်၊ တကယ်သွားနိုင်ပါတယ်'

'လည်ချောင်းနာသလား'

'နည်းနည်းတော့နာတယ်၊ သိပ်တော့ မနာဘူး၊ ကက်သရင်းက သမီး ကျောင်းမသွားနိုင်ဘူးလို့ ပြောနေတယ်'

'နောက် ဘာဖြစ်သေးသလဲ၊ ခေါင်းကိုက်သလား'

'နည်းနည်းကိုက်တယ်၊ ဒါပေမဲ့ သက်သာပါပြီ'

'နားတွေကော...'

'ကောင်းပါတယ်'

'ဗိုက်ကော'

'နည်းနည်းနာတယ်'

ချားသည် မီရှဲ၏ မျက်ခမ်းများကို နှိမ့်ကြည့်လိုက်သည်။ မျက်ဆက်မြွေးများ ဖြူနေသည်။ အမှန်တော့ သည်ကလေးမလေး၏ မျက်နှာ တစ်ခုလုံး ဖြူရော်နေသည်။

mgyoe.com

mgyoe.com

'သမီးလျှာ ကြည့်ရအောင်'

ချား ဆေးမကုသည်မှာ ကြာချေပြီ။

မိရှဲ လျှာထုတ်သည်။ ဖခင်၏ ပူပန်ကြောင့်ကြဟန် ရှိသော မျက်လုံးများကို ကြည့်သည်။ သူမ၏ မေးအောက်ကို ချားစမ်းသပ်သည်။ သူမက လျှာကို ပြန်သွင်းလိုက်သည်။

'နာသလား'

'ဟင့်အင်း'

ချားသည် သမီးကို ခုတင်စွန်းပေါ်တွင် သူ့ကို ကျောပေးပြီး ထိုင်စေသည်။ ထို့နောက် သမီးငယ်၏ ညဝတ်အင်္ကျီကို ဆွဲလှန်သည်။ ဂျင်းပေါ၏ ခေါင်းကလေးသည် ဆက်နေသော ရေချိုးခန်းအတွင်းမှ ပြူထွက်လာသည်။ ရေချိုးခန်း အားပြီဖြစ်ကြောင်း မိရှဲကို ပြောရန်ဖြစ်သည်။

'သွား သွား'

မိရှဲ အော်သည်။

'ဖေဖေ သူ့ကို သွားခိုင်းပါ'

'သွား'

ချား အော်လိုက်သည်။

ဂျင်းပေါ ပျောက်သွားသည်။ ချတ်နှင့်အတူ သူ့ရယ်သံကို ကြားရသည်။

ချားသည် မိရှဲ၏ကျောကို တီးခေါက်ပြီး စမ်းကြည့်သည်။ သူမ၏ အဆုတ်များ ကောင်းမွန်သည်။ ထို့နောက် သူမကို ခုတင်ပေါ်တွင် ပြန်ပြီး လဲလျောင်းစေသည်။ ညဝတ်အင်္ကျီကို သူမ၏ ရင်ခေါင်းစပ်အထိ ပင့်တင်သည်။ သူမ၏ ဝမ်းဗိုက်ကလေး နိမ့်ချည်မြင့်ချည် မှန်မှန် ရှိနေသည်။ သူမ၏ ဝမ်းဗိုက်ကို ထိကိုင်စမ်းသပ်သည်။

'တင်းမထားနဲ့ နာရင်နာတယ်ပြော'

မိရှဲ ငြိမ်ငြိမ်ကလေးနေသည်။ သို့သော် တစ်နေရာတွင် တွန့်သွားသည်။ နာသည်။

'ဘယ်နားကလဲ'

ချား မေးသည်။

mgyoe.com

mgyoe.com


မိရှဲ၏ ဝမ်းဗိုက်အလယ်ကြောင်း နာကျင်လျက်ရှိကြောင်း ချား စမ်းသပ်တွေ့ရှိရသည်။ သူ၏ လက်ချောင်းများကို သူမ၏ လက်ယာဘက် နံရိုးများအောက်တွင် ထောက်ထားပြီး အသက်ရှူခိုင်းသည်။ မိရှဲ အသက်ရှူသောအခါ သူမ၏ အသည်းအောက်ပိုင်းသည် သူ့လက်များကို လာထိသည်။ သူမက နည်းနည်းနာနေသည်ဟု ပြောသည်။ ထို့နောက် သူ၏ လက်ဝဲဘက်လက်ကို သူမ၏ အောက်ဘက်မှ ထောက်ထားပြီးနောက် သရက်ရွက်ကို စမ်းသည်။ အလွယ်တကူပင် တွေ့ရှိသဖြင့် သူ အံ့သြနေသည်။ အယင်တုန်းကဆိုရင် သရက်ရွက်ကို သူ တော်တော်နှင့် ရှာမတွေ့တတ်။ မိရှဲ၏ သရက်ရွက်ကြီးနေ၍လားဟု သူ စဉ်းစားမိသည်။

သူ မတ်တတ် ထလိုက်ပြီး မိရှဲကို ကြည့်သည်။ သူမက သေးသေးကလေး ဖြစ်နေသည်။ သို့သော် မိရှဲသည် ပင်ကိုအားဖြင့်လည်း သွယ်လျလျဖြစ်သည်။ သူမ၏ ခြေထောက်များကို သူစမ်းကြည့်သည်။ ခြေထောက်တွင် ဒဏ်ရာဒဏ်ချက်များ တွေ့ရသဖြင့်-

'ဒီအညိုအမည်းတွေက ဘာဖြစ်သလဲ'

မိရှဲ ပခုံးတွန့်လိုက်သည်။

'ခြေထောက်တွေ နာသလား'

'လေ့ကျင့်ခန်းလုပ်ပြီးယင် ဒူးခေါင်းနဲ့ ခြေချင်းဝတ်တွေ နည်းနည်းနာတယ်'

ချား ခါးဆန့်လိုက်ပြန်သည်။ သမီးကို လှေ့လာကြည့်ရှုသည်။ အသားအရေ ဖြူရော်သည်။ အနည်းငယ် နာကျင်ကိုက်ခဲခြင်းများ ရှိသည်။ ပြန်ရည်ဖုကလေးများ ရှိသည်။ အဖျားရှိသည်။ ဗိုင်းရတ်စ်ရောဂါကလေး တစ်ခုမျှသာဖြစ်သည်။ သို့သော် လေးပတ် ရှိသွားပြီ။ ကက်သရင်း ပြောသည်မှာ မှန်သည်။ သူမကို 'တကယ့်'ဆရာဝန်တစ်ယောက်နှင့် ပြရမည်။

'ဖေဖေ သမီးဟာ ဖေဖေ့လို သုတေသန ဆရာဝန်ကြီး တစ်ယောက်ဖြစ်ချင်ရင် နောက်ထပ် ကျောင်းပျက်လို့ မဖြစ်တော့ဘူးနော်'

မိရှဲက ပြောလိုက်သည်။

ချား ပြုံးလိုက်သည်။ မိရှဲသည် အရွယ်နှင့် မလိုက်အောင် အသိဉာဏ်

mgyoe.com

mgyoe.com


ရင့်သန်သော မိန်းကလေး တစ်ယောက်ဖြစ်သည်။ ယခု သွယ်ဝိုက်ပြီး ချိုးကျိုး လိုက်ပုံကိုပင် ကြည့်ပါ။

'ဆဋ္ဌမတန်းမှာ ကျောင်းသုံးလေးရက် ပျက်ရုံနဲ့ သမီးရဲ့ ရည်မှန်းချက် ကို ဘာမှ မထိခိုက်နိုင်ပါဘူးကွယ်၊ ကက်သရင်းက သမီးကို ကလေးဆေးရုံ ကို ခေါ်သွားပြီး ဒေါက်တာဝီလီနဲ့ ပြကြည့်လိမ့်မယ်'

ချားက ပြောလိုက်သည်။

'သူက ကလေးလေးတွေကို ကုတဲ့ ဆရာဝန်ပဲ'

'သူက ကလေးဆရာဝန်ပဲ၊ အသက် ဆယ့်နှစ်နှစ်အရွယ် လူနာတွေ အထိ သူကြည့်ရတယ်'

'ဖေဖေ လိုက်ပို့ပါလား'

'ဖေဖေ မပို့နိုင်လို့ပါ သမီးရယ်၊ ဖေဖေ ဓာတ်ခွဲခန်းကို သွားရမယ်၊ ကဲ သမီး အဝတ်လဲပြီး မနက်စာ စားရအောင် လာခဲ့ပေတော့'

'သမီး မဆာဘူး'

'သမီးကလည်းကွယ်၊ မမိုက်စမ်းပါနဲ့'

'သမီး မမိုက်ပါဘူး၊ သမီးမဆာလို့ မဆာဘူး ပြောတာပါ'

'အဲဒီလိုဆို လိမ္မော်ရည် သောက်ပေါ့ကွယ်'

ချားက သမီးလေးပါးကို အသာအယာ ဆွဲလိမ်လိုက်သည်။

အခန်းထဲမှ ဖခင်ထွက်သွားသည်ကို မီရှဲ ကြည့်နေသည်။ သူမ မျက်ရည် ကျရပြန်ချေပြီ။ သူမ ဆေးရုံမသွားချင်ပါ။ ဆေးရုံကို ကြောက်နေ သည်။ အဆိုးဆုံးကတော့ အထီးကျန်ဘဝကို သူမ ခံစားနေရသည်။ ဖခင်က သူမကို အချစ်ဆုံး ဖြစ်စေချင်သည်။ ကလေးတွေ နေမကောင်းလျှင် ဖခင် စိတ်မရှည် ဖြစ်တတ်သည်ကို မီရှဲသိသည်။ အိပ်ရာပေါ်တွင် သူမ ထထိုင်လိုက် သည်။ မူးနောက်နောက် ရှိသည်ကို တောင့်ခံထားလိုက်သည်။

✣

'ချတ်…မင်းကို ကြည့်ရတာ ဝက်ကြီးလိုပဲ'

ချား စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

ချတ်သည် သူ့ဖခင်ကို ဂရုမပြုပါ။ ရေခဲသေတ္တာထဲမှ ပြောင်းဖူးစေ့ ဗူးကို ထုတ်ယူပြီး နွားနို့ဆမ်းသည်။ ထို့နောက် စားပွဲတွင်ထိုင်ပြီး စားသည်။

mgyoe.com

mgyoe.com


သူတို့အိမ်တွင် နံနက်စာ စားသည့် ထုံးစံမှာ ကိုယ်စားဖို့ကို ကိုယ့်ဟာကိုယ် ပြင်ရသည်။ လိမ္မော်ရည် တစ်ခုကိုသာလျှင် အားလုံးအတွက် မိရှဲက ဖျော်ပေးသည်။ သည်နေ့ မနက်အတွက်မူ လိမ္မော်ရည်ကို ကက်သရင်း ဖျော်သည်။

ချတ်သည် ပေကျံနေသော ဆွယ်တာအင်္ကျီနှင့် ညစ်ပေနေသော ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ဘောင်းဘီမှာ ရှည်လှသဖြင့် ဖွာဆန်ကြဲနေသော ခြေထောက်ဖျားပေါ်တွင် သူ လမ်းလျှောက်ရသည်။ သူ ခေါင်းကို မဖြီးပါ။ မုတ်ဆိတ်မွေးများကို ရိတ်မထားသည်ကလည်း မြင်သာလှသည်။

'မင်း ဒါလောက်ပဲ ပစ်စလက်ခတ် နိုင်ရသလား၊ ငါသိသလောက်တော့ ဟစ်ပီတွေ ခေတ်ကုန်သွားပါပြီ၊ ကောလိပ်ကျောင်းသားတွေ သန့်သန့်ပြန့်ပြန့် ဖြစ်ကုန်ကြပါပြီ'

'ဖေဖေ ပြောတာမှန်တယ်၊ ဟစ်ပီတွေ မရှိတော့ဘူး၊ ပန့်တွေ ရောက်လာပြီ'

ဂျင်းပေါ မီးဖိုထဲသို့ ဝင်လာပြီး လိမ္မော်ရည်ငှဲ့ရင်း ပြောသည်။

'ပန့် ဟုတ်လား၊ ချတ်က ပန့်လား'

ချားက မေးလိုက်သည်။

'မဟုတ်ဘူး ချတ်ဟာ ချတ်ပဲ'

ဂျင်းပေါ ရယ်ပြီးပြောသည်။

ချတ် ခေါင်းမော့ပြီး သူ့ညီကို ဆဲရေးလိုက်သည်။ ဂျင်းပေါ ဂရုမမူပဲ ရက္ခဗေဒစာအုပ်ကို ဖွင့်သည်။ သူ၏ ဖခင်သည် သူဘာဝတ်သည်ကို ဘယ်တော့မှ သတိမပြု။ ချတ်ကိုသာ အမြဲတမ်း သတိပြုနေသည်။

'တကယ်ပဲ မင်းကိုယ်မင်း ဒါလောက် စုတ်ပြတ်နေတယ်ဆိုတာ သိရဲ့လား ချတ်'

ချားက ပြောလိုက်သည်။ ချတ်က မည်သို့မျှ မတုံ့ပြန်ပါ။ ဘာမျှ ပြန်မပြောပါ။ ချားသည် အစားကိုသာ မဲစားနေသော သားကိုကြည့်ရင်း တဖြည်းထက်တဖြည်း ဒေါသ ဖြစ်လာဟန်ရှိသည်။

'ချတ် မင်းကို ငါမေးနေတယ်'

ချတ်သည် အနှောင့်အယှက် ဖြစ်ဟန်ဖြင့် အသက်ပြင်းပြင်း တစ်ချက်မှုတ်ထုတ်လိုက်ပြီးနောက်–

mgyoe.com

mgyoe.com


'ကျွန်တော် ဆရာဝန် မဟုတ်ဘူး၊ အဝတ်အစား ဂရုစိုက်စရာ မလိုဘူး'

အဖေနှင့်သား မျက်လုံးချင်း ဆုံမိကြသည်။

ချတ် သူ့ကိုယ်သူ ပြောသည်။

'မင်းဟာ ဓာတုဗေဒမှာ အမှတ်များများ ရတာနဲ့ ပြဿနာတွေအားလုံး ကို သိတယ်လို့ ထင်မနေနဲ့၊ မင်း ဘာမှမသိဘူး'

ချားသည် သူ့သား၏ မျက်နှာကို လေ့လာကြည့်ရှုသည်။ သည်ကောင် ဘယ်လိုလုပ်ပြီး ပေါက်သွားသနည်းဟု အံ့သြနေမိသည်။ သည်အကောင် ဉာဏ်ကောင်းသည်။ သို့သော် အပျင်းထူသည်။ အထက်တန်းကျောင်းမှာ သည်ကောင်လုပ်ပုံ မဟုတ်ခဲ့သဖြင့် သူ့ကို ဟားဗက်တက္ကသိုလ်က လက်မခံခဲ့။ အရှေ့မြောက် တက္ကသိုလ်မှာလည်း သည်ကောင်၏ အခြေအနေ မကောင်းပါ။ အဖေတစ်ယောက်အနေနှင့် မိမိ ဘာတွေများ အမှားတွေ လုပ်ခဲ့သနည်းဟု ချား စဉ်းစားနေမိသည်။ သို့သော် သည်ကဲ့သို့ တွေးရန် မလိုအပ်ပါ။ ဂျင်းပေါ ရှိနေသည်။ သားအငယ်ကို လှမ်းကြည့်လိုက်သည်။ သပ်သပ်ရပ်ရပ် ဖြစ်သည်။ အေးအေးဆေးဆေး ဖြစ်သည်။ ကြိုးကြိုးစားစား ရှိသည်။ သည်ကလေး နှစ်ယောက်သည် မျိုးစေ့တစ်ခုတည်းမှ ပေါက်ဖွားလာသည်ကို ယုံကြည်နိုင် ရန်ပင် ခက်နေသည်။ ချား၏ အာရုံသည် သားအကြီးထံသို့ ပြန်လည်ရောက် ရှိသွားသည်။ သို့သော် သည်ပြဿနာတွင် သူ၏ စိတ်ဝင်စားမှုမှာ လျော့ပါး သွားချေပြီ။ သူ့မှာ သည့်ထက် အရေးကြီးတာတွေ စဉ်းစားစရာ ရှိသည်။

'မင်း နေပုံထိုင်ပုံနဲ့ ကျောင်းမှာ မင်း စာသင်ယူပုံတော့ တခြားစီဖြစ်လိမ့် မယ်လို့ ငါထင်တယ်၊ ကျောင်းမှာ မင်းရဲ့ အခြေအနေ ကောင်းတယ် မဟုတ် လား၊ တို့ ဘာမှမသိရဘူး'

'ကောင်းပါတယ်'

ချတ် မျက်လွှာချရင်း ပြန်ပြောသည်။ သူ့အဖေကို သူ တစ်ခါမျှ သည်လို ရင်မဆိုင်ဖူးခဲ့။

'ကျွန်မ ကနေ့ စတေရှင်ဝက်ဂွန် နဲ့ ဘောစတန်ကို သွားရမယ်ဆိုရင် ကျွန်မမှာ ပိုက်ဆံလိုလိမ့်မယ် ထင်တယ်'

ကက်သရင်းက စကားလွှဲသည့် အနေဖြင့် ပြောသည်။

''ပိုက်ဆံအကြောင်း စကားစပ်မိလို့ ပြောရဦးမယ်၊ ရေနံဆီသမားတွေ

mgyoe.com

mgyoe.com


ကလည်း ဖုန်းဆက်တယ်၊ အရင်စာရင်းကို မရှင်းရင် ထပ်မပို့တော့ဘူးလို့ ပြောတယ်''

'သည်ကိစ္စ ညကျရင် ကိုယ့်ကို သတိပေးပါ'

ချား ကပျာကယာ ပြောသည်။ သူက ငွေရေးကြေးရေးအကြောင်း ပြောလိုဟန် မရှိချေ။

'ကျွန်တော့် ကျောင်းလခလည်း မပေးရသေးဘူး'

ချတ်က ပြောလိုက်သည်။

ကက်သရင်း မော့ကြည့်သည်။ ချားကို လှမ်းကြည့်သည်။ ချတ်၏ စွပ်စွဲချက်ကို ချက်ချင်းပင် ချေဖျက်လိမ့်မည်ဟု မျှော်လင့်သည်။ နှစ်ဝက်အတွက် ကျောင်းလခမှာ အတော်ကလေး များပြားပေသည်။

'ကျွန်တော် မနေ့က သတိပေးစာ ရတယ်၊ ကျောင်းလခ မပေးလို့ရှိရင် အောင်စာရင်း မထွက်ဘူးတဲ့'

ချတ် ပြောသည်။

'ကျောင်းလခပေးဖို့ ပိုက်ဆံ ဘဏ်က ထုတ်သွားပြီပဲ'

ကက်သရင်းက ပြောလိုက်သည်။

'ဓာတ်ခွဲခန်းမှာ ကိုယ်ခဏ သုံးထားတယ်'

ချား ရှင်းပြသည်။

'ဘာ ပြောတယ်'

ကက်သရင်း အံ့သြသွားရသည်။

'ပြန်ရမှာပေါ့၊ ကိုယ့်မှာ မျိုးထူးကြွက်တွေ လိုနေတယ် ဌာနက ပိုက်ဆံ မတ်လမှ ရမယ်'

'ချတ်ရဲ့ ကျောင်းလခ ပိုက်ဆံတွေနဲ့ ကြွက်စုတ်တွေ ဝယ်တာပေါ့၊ ဟုတ်လား'

'မျိုးထူးကြွက်တွေပါ'

'အံ့သြစရာပဲ၊ ချတ်ရဲ့ ကျောင်းလခကို ပေးလိုက်ရင် ကျွန်မတို့ မတ်လအထိ ဘယ်ပိုက်ဆံနဲ့ စားသွားကြမလဲ'

ကက်သရင်းက မေးလိုက်သည်။

'ဒါ ကိုယ့်တာဝန်ပါ'

ချား ခပ်ဆတ်ဆတ်ကလေး ပြန်ပြောသည်။ သူ ဒေါသ ဖြစ်နေသည်။

mgyoe.com

mgyoe.com


'ကျွန်မ အလုပ် လုပ်မှဖြစ်မယ်၊ အစ်ကိုတို့ဌာနမှာ လက်နှိပ်စက်ရိုက်စရာတွေ ရှိသလား'

ကက်သရင်းက ပြောသည်။

'အလိုလေးဘုရား၊ ကပ် မဆိုက်သေးပါဘူး၊ အားလုံး သူ့ဟာနဲ့သူ ရှိနေပါသေးတယ်၊ မင်း လုပ်ရမှာက မင်းရဲ့ ပါရဂူဘွဲ့ စာတမ်းပြီးဖို့ပါ၊ ပါရဂူဘွဲ့ ရပြီးတဲ့အခါမှာ မင်းပညာနဲ့ ထိုက်တန်တဲ့ အလုပ်ကို မင်းလုပ်ရမယ်'

ချား ပြောသည်။

ကက်သရင်းသည် စာပေပါရဂူဘွဲ့အတွက် စာတမ်း ပြုစုနေသည်မှာ သုံးနှစ်နီးပါးမျှ ရှိနေပြီ ဖြစ်သည်။

'ကျွန်မရဲ့ ပါရဂူဘွဲ့ မရသေးတာနဲ့ ချတ်ရဲ့ ကျောင်းလခ မပေးရသေးဘူးဆိုတဲ့ သဘောပါလား'

ကက်သရင်းက ထေ့လိုက်သည်။

မီးဖိုထဲသို့ မီရှဲ ဝင်လာသည်။ ကက်သရင်းရော ချားရော မော့ကြည့်လိုက်သည်။ သူတို့၏ အငြင်းပွားမှု အလိုလို ရပ်ဆိုင်းသွားသည်။

မီရှဲသည် အင်္ကျီအဖြူပေါ်တွင် ပန်းရောင် ဆွယ်တာကလေး ထပ်ဝတ်ထားသည်။ သူမကို ကြည့်ရသည်မှာ အနည်းငယ် ရင့်နေသည်။ ဆံပင်အနက်များက ဘောင်ခတ်ထားသဖြင့် သူမ၏ မျက်နှာကလေးသည် အလွန်အမင်းပင် ဖြူရော်လျက် ရှိတော့သည်။ သူမသည် စားပွဲမြင့်ဆီသို့ လျှောက်သွားပြီး လိမ္မော်ရည် ငှဲ့သည်။

'အို…လိမ္မော်ရည်ကလည်း အမြှုပ်တွေနဲ့ပါလား'

သူမက အနည်းငယ် မြည်းစမ်းပြီး ပြောသည်။

'ရွှေမင်းသမီးကလေး ကျောင်းပြေးချင်တာနဲ့ ဖျားချင်ယောင် ဆောင်နေတယ်ဟေ့'

ဂျင်းပေါ်က စလိုက်သည်။

'ကိုယ့်အစ်မကို မစနဲ့'

ချား အမိန့်ပေးလိုက်သည်။

ရုတ်ခြည်း ဆိုသလို မီရှဲ၏ ခေါင်းကလေး ရှေ့သို့ ဆတ်ခနဲထိုးသွား

mgyoe.com

mgyoe.com


ပြီး သူမ၏ လက်ထဲမှ လိမ္မော်ရည်များ ကြမ်းပြင်ပေါ်သို့ ဖိတ်ကျသွားသည်။ သူမ၏ နှာခေါင်းထဲမှ အရည်တွေ ထွက်လာသဖြင့် မီရှဲသည် ရှေ့သို့ငိုက်လိုက်ပြီး ထွက်ကျလာသည်များကို လက်ဝါးဖြင့် ခံလိုက်သည်။ နှာခေါင်းထဲမှ ထွက်ကျလာသည့် အရည်များမှာ သွေးတွေ ဖြစ်သည်။ မီရှဲ ထိတ်လန့်ချောက်ချားသွားသည်။

'ဖေဖေ'

သူမ အော်လိုက်သည်။

ချားနှင့် ကက်သရင်းတို့ တစ်ပြိုင်တည်းလိုပင် ခုန်ထလိုက်ကြသည်။ ကက်သရင်းက ပန်းကန်သုတ်သည့် အဝတ်တစ်ထည်ကို ဆွဲယူလိုက်သည်။ ချားက မီရှဲကို ထူမပြီး ဧည့်ခန်းသို့ ခေါ်သွားသည်။

လူငယ်နှစ်ယောက်သည် ကြမ်းပြင်ပေါ်မှ သွေးအိုင်ကလေးကို ကြည့်လိုက်ကြသည်။ ထို့နောက် နံနက်စာကို ဆက်ပြီးစားကြသည်။ ကက်သရင်း ဧည့်ခန်းမှ ပြေးလာသည်။ ရေခဲသေတ္တာထဲမှ ရေခဲတုံးကလေးများကို ယူပြီး ဧည့်ခန်းသို့ ပြန်ပြေးသည်။

'ငါ့ကို ငွေတစ်သန်း ပေးမယ်ဆိုတောင် ငါ ဘယ်တော့မှ ဆရာဝန် မလုပ်ဘူး၊ သွေးတွေကို ငါ မကြည့်ချင်ဘူး'

'မီရှဲကတော့ သူ့ကို သူများတွေက ဂရုစိုက်အောင် အမြဲတမ်း ဖန်တီးနေ တယ်'

'ဒီစကားကို နောက်တစ်ခါ ထပ်ပြောနိုင်သေးတယ်…'

'မီရှဲကတော့ သူ့ကို သူများတွေက…'

'တော်စမ်း…'

ချတ် ထသွားသည်။ စားကြွင်း စားကျန်တွေကို အမှိုက်ပုံးထဲ သွန်ထည့်သည်။ ထို့နောက် ကြမ်းပြင်ပေါ်မှ သွေးများကို ရှောင်ပြီး သူ့အခန်းဆီသို့ လျှောက်သွားသည်။

ဂျင်းပေါ်သည် ပါးစပ်အပြည့် လေးလုတ်လောက် စားပြီးနောက် ပန်းကန်ကို ရေအင်တုံထဲသို့ ထည့်လိုက်သည်။ ထို့နောက် စက္ကူလက်သုတ်ပဝါ တစ်ထည်ဖြင့် မီရှဲ၏ သွေးများကို သုတ်ပစ်သည်။

✣

mgyoe.com

mgyoe.com


'အလား…လား…ဘယ်လို အနံ့ကြီးလဲ'

ချား မီးဖိုတံခါးမှ အပြင်သို့ထွက်ရင်း ပြောလိုက်သည်။ အရှေ့မြောက်လေ တိုက်ခတ်လာနေသဖြင့် စက်ရုံမှ ရာဘာညှော်နံ့ စူးဝါးလှသည်။

'တော်တော် သောက်သုံးမကျတဲ့ နေရာပဲ'

ချတ်က ပြောသည်။

ရိုင်းစိုင်းသော စကားလုံးများကြောင့် ချား ဒေါသ ဖြစ်သွားဟန်ရှိသည်။ သို့သော် ဘာမျှမပြောဘဲ ထိန်းချုပ်ထားသည်။ သည်နေ့နံနက်အတွက် ပြဿနာတွေ များနေပြီ။ တိုက်ခတ်နေသော နှင်းဒဏ်ကို ကာကွယ်ရန် ဂျက်ကက်အင်္ကျီ ကော်လံကို ထောင်လိုက်ပြီး စပါးကျီဆီသို့ တရွတ်ဆွဲပြီး လျှောက်သွားသည်။

'အခြေအနေပေးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တော့ ကာလီဖိုးနီးယားကို သွားမှာပဲ'

ချတ်သည် ချားနောက်မှ လိုက်ပါရင်း ပြောလိုက်သည်။ အသစ်ကျထားသော နှင်းတွေက တစ်လက်မလောက်ထူသည်။

'မင်း ဝတ်ပုံစားပုံနဲ့တော့ ကိုက်ပါတယ်'

ချား မှတ်ချက်ချလိုက်သည်။

နောက်ဆုံးမှ လိုက်ပါလာသော ဂျင်းပေါ် ရယ်မောသည်။ ချတ်နောက်သို့ လှည့်ပြီး ဂျင်းပေါ်ကို ရေခဲတောထဲသို့ တွန်းပစ်လိုက်သည်။ ဆဲရေးသံများ ထွက်ပေါ်လာသည်။ သို့သော် ချား သူတို့ကို ဂရုမပြုပါ။ ရပ်တန့်ခြင်း မပြုချင်လောက်အောင်ပင် အေးလွန်းလှသည်။ လေပြင်းကလေးကလည်း တိုက်ခတ်နေသည်။ အနံ့အသက်ကလည်း စူးဝါးသည်။

ရာဘာစက်ရုံသည် ၁၉၇၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ သည်အိမ်ကို သူနှင့်အဲလီဇဘက် ဝယ်ယူပြီး တစ်နှစ်အကြာတွင် ဖြစ်သည်။ သည်အရပ်သို့ သူပြောင်းရွှေ့ခဲ့ခြင်းမှာ အဲလီဇဘက်၏ စိတ်ကူးပင် ဖြစ်သည်။ သူမက ကလေးတွေကို လေကောင်းလေသန့် ရရှိသော တောပိုင်းဒေသတွင် ကြီးပြင်းစေလိုသည်။ ယခုတော့ ပြောင်းပြန် ဖြစ်နေပြီဟု စပါးကျီကိုဖွင့်ရင်း ချား စဉ်းစားမိသည်။ သို့သော် အဆိုးကြီးတော့လည်း မဟုတ်ပါချေ။ အရှေ့မြောက်လေ လာသောအခါတွင်သာ စက်ရုံမှ အနံ့များကို ရရှိပါသည်။ အရှေ့မြောက်လေကလည်း အမြဲတမ်း တိုက်ခတ်နေသည် မဟုတ်ပါ။

mgyoe.com

'တောက် နှင်းတွေ ဒါလောက်ကျနေရင်တော့ ငါ့ဟော်ကီကွင်းထဲက နှင်းတွေကို ဂေါ်နဲ့ ကော်ထုတ်ရဦးတော့မယ်၊ ဖေဖေရေ မီရှဲရဲ့ ကစားအိမ် ပတ်ပတ်လည်က ရေတွေ ဘာဖြစ်လို့ မခဲတာလဲ'

ဂျင်းပေါက ရေကန်ကို ငေးကြည့်ရင်း ပြောလိုက်သည်။

တံခါးကို ပိုက်တိုတစ်ခုဖြင့် ထောက်ဖွင့် ထားလိုက်ပြီးနောက် ချားသည် ရေကန်ဆီသို့ ပြန်ကြည့်လိုက်သည်။

'မပြောတတ်ဘူးသား၊ ဖေဖေ သတိမထားခဲ့မိဘူး၊ ရေစီးကြောင်း ကြောင့် ဖြစ်မယ်ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီကန်က မြစ်နဲ့ဆက်နေ တာ မဟုတ်လား၊ ကန်ထဲကို ဝင်တဲ့ချောင်းကလေးလည်း ရေမခဲဘူး'

'ဟောဟိုမှာဘဲ တစ်ကောင် သေနေပြန်ပြီ၊ ဒီကောင်တွေလည်း အနံ့ကြီးကို မခံနိုင်ကြဘူးနဲ့တူတယ်'

ချတ်က ကလေးကစားအိမ်၏ တစ်ဖက်ဆီသို့ လက်ညှိုးထိုးရင်း ပြောလိုက်သည်။ ရေကန်နံဘေးရှိ ရေခဲပြင်ပေါ်တွင် ဘဲခြေနီတစ်ကောင် လဲသေ နေသည်။

'အဲဒါ ဆန်းတယ်ဟေ့၊ ဘဲတွေကို မမြင်ရတာ တော်တော်ကြာသွား ပြီ တို့ဒီကို ပြောင်းစတုံးက ဒီကောင်တွေကို မီရှဲရဲ့ အိမ်ကလေးထဲကနေ ငါချောင်းပစ်ခဲ့တယ်၊ နောက်မှ ဒီကောင်တွေ လုံးလုံးပျောက်သွားတယ်'

'ဟောဟိုမှာ တစ်ကောင်၊ သူ မသေသေးဘူး၊ တောင်ပံခတ်နေတယ်'

ဂျင်းပေါ ဟစ်အော်လိုက်သည်။

'အရက်မူးနေတာနဲ့ တူတယ်'

ချတ်က ပြောလိုက်သည်။

'လာ သူ့ကို သွားကယ်ကြရအောင်'

'အချိန်မရှိဘူး'

ချားက သတိပေးသည်။

'အို လာပါ'

နှင်းတောထဲတွင် ဂျင်းပေါ လျှောက်သွားသည်။

ချား နှင့် ချတ် တို့သည် ဂျင်းပေါလို စိတ်အားထက်သန်ခြင်း မရှိ သော်လည်း နောက်မှ လိုက်ပါသွားသည်။ အနီးသို့ ရောက်ရှိသွားသောအခါ

mgyoe.com

mgyoe.com

ဂျင်းပေါသည် ကံဆိုးမသားကလေးပေါ်သို့ ကုန်းငုံ့လိုက်သည်။ ဘဲကလေးသည် ဆန့်ငင်ဆန့်ငင်ဖြင့် အကြောဆွဲနေသည်။

'ဝက်ရူးပြန်နေတာပဲ'

ချတ်က ပြောလိုက်သည်။

'ဖေဖေ သူဘာဖြစ်နေတာလဲ'

ဂျင်းပေါက မေးလိုက်သည်။

'ငါမသိဘူး၊ ငှက်တိရစ္ဆာန် ရောဂါတွေကို ငါနားမလည်ဘူး'

ဂျင်းပေါက အကြောဆွဲနေသော ဘဲကလေးကို ထိကိုင်မည်ရှိရာ…

'သား မကိုင်နဲ့၊ ဒီကောင်တွေမှာ ရောဂါပိုး ပါနိုင်တယ်'

'ကျွန်တော်တို့ သူ့ကို သတ်ပစ်လိုက်ရင် ကောင်းမယ်၊ ဒါမှ ဝဋ်ခံနေရတာ ကျွတ်သွားမယ်'

ချတ်က ပြောသည်။

ချားက သားကြီး ဖြစ်သူကို ကြည့်လိုက်သည်။ သူ့မျက်လုံးများက နေမကောင်းနေသော ဘဲကလေးဆီသို့ ရောက်နေသည်။ ချတ်၏ အကြံပေးချက်သည် မှန်ကောင်း မှန်နိုင်သော်လည်း ရက်စက်သည်ဟု ချားက ယူဆမိသည်။

'ဖေဖေ သူ့ကို ကျွန်တော်တို့ စပါးကျီထဲမှာ ထည့်ထားရမလား'

ဂျင်းပေါက တောင်းခံသည်။

'ကျွန်တော် လေသေနတ်သွားယူပြီး သူ့ကို ဝဋ်ကျွတ်အောင် လုပ်ပေးလိုက်မယ်'

ချတ်က ပြောသည်။

'အို မသတ်ရဘူး၊ ကျွန်တော်သူ့ကို စပါးကျီထဲမှာ ထည့်ထားပါရစေ ဖေဖေ'

'ကောင်းပြီ၊ ဒါပေမဲ့ သူ့ကို လက်နဲ့ မထိနဲ့၊ အိမ်ကိုသွားပြီး သေတ္တာဖြစ်ဖြစ် ဘာဖြစ်ဖြစ် တစ်ခုခုယူခဲ့'

ချားက ပြောလိုက်သည်။

ဂျင်းပေါ ယုန်ကလေး တစ်ကောင်လို ပြေးထွက်သွားသည်။ ချားနှင့် ချတ် မျက်လုံးချင်း ဆုံမိကြသည်။

mgyoe.com

mgyoe.com


'မင်းမှာ သနားကြင်နာမှု နည်းနည်းမှ မရှိဘူးလား'

ချားက သားကို မေးလိုက်သည်။

'သနားကြင်နာမှု ဟုတ်လား၊ ဖေဖေက ဓာတ်ခွဲခန်းထဲမှာ တိရစ္ဆာန်တွေကို လုပ်ချင်တိုင်း လုပ်နေပြီးတော့ ကျွန်တော့်ကို သနားကြင်နာမှု မရှိဘူးလားလို့ မေးရသလား၊ ဖေဖေ့စကားက ရယ်စရာ မကောင်းဘူးလား'

ချားသည် သားကို အကဲခတ်ကြည့်ရှုသည်။ သားဖြစ်သူတွင် ရိုသေလေးစားမှု မရှိရုံသာမက မုန်းတီးမှု ပါရှိနေသည်။ သည်သားကို ချားနားမလည်နိုင်ပါ။ အရွယ်ရောက်ကတည်းက ဖြစ်သည်။ သင်းကို မရိုက်မိစေရန် စိတ်ကို မနည်းထိန်းချုပ် ထားရသည်။

ဂျင်းပေါသည် ဘယ်နေရာ ဘာရှိသည်ကို သိထားသည့် အလျောက် ဂျပ်သေတ္တာကြီး တစ်လုံးနှင့် ခေါင်းအုံးအဟောင်း တစ်လုံး ရရှိလာသည်။ သူသည် ခေါင်းအုံးကို ဖောက်ပြီး ကြက်မွေးများကို သေတ္တာထဲထည့်လိုက်သည်။ ခေါင်းအုံးအခွံကို လက်ကိုင်အဝတ် ပြုလုပ်ပြီးနောက် ဘဲကလေးကို ကောက်ယူကာ သေတ္တာထဲသို့ ထည့်လိုက်သည်။ ကြက်မွေးများသည် ဘဲကလေးကို နွေးစေရုံသာမက နောက်တစ်ကြိမ် အကြောဆွဲလျှင်လည်း မခိုက်မိအောင် ကာကွယ်လိမ့်မည်ဟု ဂျင်းပေါက ပြောသည်။ ချားက ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကားပေါ်သို့ သူတို့တက်ကြသည်။

ငါးနှစ်ကျော် သက်တမ်းရှိနေပြီ ဖြစ်သော ပင်တိုကား အနီကလေးသည် ချားနှိုးသည်ကို တော်တော်နှင့် မနိုးပါ။ နောက်ဆုံး နိုးလာသောအခါတွင်လည်း တင့်ကားကြီး တစ်စီးလို အော်မြည်လျက် ရှိတော့သည်။ ချားသည် ကားကို ကိုဒေါင်တွင်းမှ နောက်ပြန် မောင်းထုတ်ပြီး မြောက်ဘက်သို့ ချိုးကွေ့ကာ ရှက်တီဗာရီ မြို့ကလေးဆီသို့ ဦးတည် မောင်းသွားလေတော့သည်။

တဖြည်းဖြည်းနှင့် ကားအရှိန် ရလာသောအခါ ချားသည် စိတ်သက်သာရာ ဖြစ်လာတော့သည်။ မိသားစု ပြဿနာသည် မည်သည့်အခါတွင်မှ ချောမွေ့နေမည် မဟုတ်ပါ။ သို့သော် ဓာတ်ခွဲခန်းသို့ရောက်လျှင် သူ့လုပ်ငန်းများသည် စိတ်ဝင်စားဖွယ် ဖြစ်ကြပေလိမ့်မည်။ ပြဿနာအားလုံးသည် သိပ္ပံနည်းကျအတိုင်း ဖြစ်ကြပေလိမ့်မည်။ ချားသည် တဖြည်းထက်တဖြည်း ဆိုသလိုပင်

mgyoe.com

mgyoe.com


လူတို့၏ အစိုးမရသော လုပ်ဆောင်မှုများကို နှစ်သက်မှု လျော့ပါးလာတော့သည်။

'တော်ပြီ ဘာမှ မဖွင့်နဲ့'

သူ အော်လိုက်သည်။ ရေဒီယိုခလုတ် ပိတ်လိုက်သည်။ လူငယ်နှစ်ယောက်သည် ဟိုကလွှင့်သည်ကို နားထောင်မည်၊ သည်က လွှင့်သည်ကို နားထောင်မည်ဟု ငြင်းခုံနေကြ၍ ဖြစ်သည်။

'မနက်မိုးလင်းလာရင် အေးအေး ဆေးဆေး စိတ်ကူးရတာကလေးနဲ့ စရရင် ကောင်းမယ်'

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ မျက်လုံးကလေးများ ကလယ်ကလယ်နှင့် ဖြစ်ကြသည်။

ကားလမ်းသည် ပေါ်တိုမက်မြစ် အတိုင်း ကွေ့ကောက်ပြီး သွားနေသည်။ တွန့်လိမ်နေသော မြစ်ရေပြင်ကို သူတို့တွေ့မြင်ရသည်။ ရှက်တီဗာရီမြို့နှင့် နီးလာလေ ရာဘာစက်ရုံမှ အနံ့များက မခံမရပ်နိုင် ဆိုးရွားလေဖြစ်သည်။ ပထမဆုံး သူတို့ တွေ့မြင်ရသော မြို့၏ရှုခင်းမှာ မီးခိုးများ ထွက်နေသော စက်ရုံခေါင်းတိုင်ကြီးပင် ဖြစ်သည်။ စက်ရုံအနီးသို့ ရောက်ရှိသောအခါ အလုပ်ဆိုင်းပြောင်းသော ဥသြသံကို ကြားကြရသည်။

စက်ရုံကို လွန်သွားသည်နှင့် တစ်ပြိုင်နက် ဆိုးရွားသော အနံ့အသက်များသည် မျက်လှည့်ပြလိုက်သလို ပျောက်သွားသည်။ လမ်းမကြီးအတိုင်း သူတို့ ဆက်မောင်း သွားသောအခါ လက်ဝဲဘက်တွင် စက်ရုံဟောင်းများကို တွေ့မြင်ကြရသည်။ လူတစ်ဦး တစ်ယောက်မျှ မမြင်တွေ့ရပါ။ ရှက်တီဗာရီသည် နံနက်ခြောက်နာရီခွဲ အချိန်တွင် လူတွေ မနေသော တစ္ဆေမြို့တစ်မြို့ပင် ဖြစ်တော့သည်။ မြစ်ကို ဖြတ်ကူးထားသော သံချေးတက်နေသည့် သံတံတားကြီး သုံးခုရှိသည်။ စစ်ကြီး မဖြစ်မီက ဖွံ့ဖြိုးတိုးတက်ခဲ့သည့် အရိပ်အသွင်များပင်ဖြစ်သည်။ ပေါင်းမိုးပါသော တံတား တစ်ခုပင် ရှိသည်။ သို့သော် မည်သူမျှ အသုံးမပြုပါ။ အန္တရာယ် မကင်း၍ပင် ဖြစ်သည်။ ဤတံတားများသည် ဒေသန္တရဗဟုသုတ ရှာမှီးရန် လာရောက်သော ခရီးသည်များအတွက် ဖြစ်သည်။ သို့သော်လည်း ရှက်တီဗာရီမြို့သို့ မည်သည့် ကမ္ဘာလှည့် ခရီးသည်မျှ လာရောက်ခြင်း မရှိပါ။

mgyoe.com

mgyoe.com


ဂျင်းပေါ်သည် မြို့၏ မြောက်ဘက်အစွန်ရှိ ဒေသအထက်တန်းကျောင်းတွင်ဆင်းသည်။ ကားပေါ်မှ သူ သွက်လက်စွာ ဆင်းသည်။ သူက နေ့တစ်နေ့ကို စတင်ရန် စိတ်အား ထက်သန်လျက် ရှိသည်။ သည်မျှ နံနက်စောစောကြီးမှာပင် သူငယ်ချင်း တစ်သိုက်က သူ့ကို စောင့်ဆိုင်းနေကြသည်။ ကျောင်းတွင်းသို့ ၄င်းတို့ အတူတကွ ဝင်ရောက်သွားကြသည်။ ဂျင်းပေါ်သည်။ ဘတ်စကက်ဘော အဖွဲ့တွင် ပါသဖြင့် ကျောင်းမတက်ခင်တွင် လေ့ကျင့်ရမည်ဖြစ်သည်။ ချားသည် သူ၏သားငယ်ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေသည်။ ပြီးမှ ကားကို ဘော်စတန်မြို့ဆီသို့ ဦးတည်ပြီး မောင်းသည်။ မက်ဆာချူးဆက်သို့ ရောက်သည်အထိ လမ်းတွင် ကားသွားကားလာ မတွေ့ရပါ။

ချားသည် ကားမောင်းရသည်ကို စွဲလမ်းသည်။ ကားမောင်းရင်း ပဋ္ဌိစာတ်၊ ပဋ္ဌိပစ္စည်းနှင့် ပရိုတိန်းဖွဲ့စည်းမှုများ အကြောင်းကို စဉ်းစားသည်။ သို့သော် တစ်နေ့တွင်မူ သူသည် ချတ်အတွက် စိတ်အနှောင့်အယှက် ဖြစ်နေရသည်။ ချတ်သည် ထုံးစံအတိုင်း နှုတ်ဆိတ်နေသည်။ သူ့သား၏ စိတ်တွင် ဘာတွေ ဖြစ်ပေါ်နေသနည်းဟု သူတွေးတော နေမိသည်။ ကောင်မလေးတွေ အကြောင်း သင်းတွေးနေသလား။

'ကျောင်းမှာ ဘယ့်နှယ်လဲ'

ချား မေးသည်။

'ကောင်းပါတယ်'

ချက်ချင်းပင် ပြန်ဖြေသည်။

ထို့နောက် ပြန်လည်တိတ်ဆိတ် သွားသည်။

'ဘယ်ဘာသာ အဓိက ယူဖို့စိတ်ကူးထားသလဲ'

'ခုထိတော့ ဘာမှ စိတ်မကူးရသေးဘူး'

'စိတ်ကူးဖို့ ကောင်းပြီ၊ နောက်နှစ်မှာ ဘာတွေ လုပ်မယ်ဆိုတာ မစဉ်းစားထားဘူးလား'

'မစဉ်းစားထားဘူး'

'ဒီနှစ်မှာ ဘယ်ဘာသာ စိတ်အဝင်စားဆုံးလဲ'

'စိတ်ပညာ'

mgyoe.com

mgyoe.com


ချက်အပြင်သို့ ငေးနေသည်။ သူက ကျောင်းအကြောင်း မဆွေးနွေးချင်ပါ။ အနေးနှင့် အမြန် ဆိုသလို ဓာတုဗေဒအကြောင်း ရောက်ရှိလာပေလိမ့်မည်။

'စိတ်ပညာ ဘာလုပ်စရာလဲ'

ချား ခေါင်းယမ်းခါရင်း ပြောလိုက်သည်။

ချက်သည် သူ့ဖခင်၏ သန့်ပြန့်သော မျက်နှာကို ကြည့်လိုက်သည်။ သူ စကားပြောလျှင် ခေါင်းကို အနည်းငယ် မော့ထားတတ်သည်။ သူ့ကိုယ်သူ ယုံကြည် စိတ်ချသည်။ အဆုံးအဖြတ် လျင်မြန်စွာ ပေးတတ်သည်။

'စိတ်ပညာက ဘာဖြစ်လို့လဲ'

ချက်ချင်းအားတင်းပြီး မေးလိုက်သည်။

'စိတ်ပညာ ဆိုတာက အလကား အချိန်ဖြုန်းတာပဲ၊ မှားယွင်းတဲ့ အခြေခံပေါ်မှာ တည်ဆောက်ထားတာပဲ၊ 'လှုံ့ဆော် တုံ့ပြန်မှု' ပေါ်မှာ အခြေပြုထားတာပဲ၊ လှုံ့ဆော် တုံ့ပြန်မှုဆိုတာ ဦးနှောက်ရဲ့ လှုပ်ရှားမှု မဟုတ်ဘူး၊ ဦးနှောက်ဆိုတာက အမှတ်အသားကင်းတဲ့ ဟင်းလင်းပြင်ကြီး မဟုတ်ဘူး၊ အစဉ်ပြောင်းလဲနေတဲ့ စနစ်ရှိတယ်၊ အတွေးအခေါ်ရဲ့ ခံစားမှုတွေကို ထုတ်လုပ်ပေးနေတယ်၊ ပတ်ဝန်းကျင်နဲ့ ဆက်စပ်မှု မရှိတာတွေကိုပဲ ထုတ်လုပ်တတ်တယ်၊ ဖေဖေ ပြောတာကို သားသဘောပေါက်သလား'

'ဟုတ်'

ချက် တစ်ဖက်သို့ လှည့်သည်။ သူ့ဖေဖေ ပြောသည်ကို သူနားမလည်ပါ။ သို့သော် နားထောင်လို့တော့ ကောင်းသည်။ လက်ခံဖွယ်ရာတွေ ဖြစ်သည်။ ချားသည် နောက်ဆယ့်ငါးမိနစ် လုံးလုံးပင် စိတ်ပညာ၏ အပြစ်အနာများကို ပြောဆိုလျက်ရှိသည်။

'ညနေကျရင် ဓာတ်ခွဲခန်းကို သားလာပါလား၊ ဖေဖေ့ လုပ်ငန်းတွေဟာ တော်တော်ကြီးကို အောင်မြင်နေပြီ၊ ထူးထူးခြားခြားကြီး တစ်ခု ဖြစ်ဖို့ နီးစပ်နေပြီ၊ အဲဒါတွေကို သားတွေ့စေချင်တယ်'

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် ချားက ပြောလိုက်ခြင်း ဖြစ်သည်။

'ကျွန်တော် ကနေ့ မလာနိုင်ဘူး'

ချက် ကမန်းကတန်း ပြန်ပြောသည်။ သူ၏ဖခင်သည် သူ့ကို ဓာတ်ခွဲ

mgyoe.com

ခန်း တစ်ခုလုံးကို လိုက်ပြမည်။ ပြသနာက ဖခင်ပြသသည်များကို သူဘာမျှ နားမလည်ခြင်းပင် ဖြစ်သည်။ သူ၏ဖခင် ရှင်းပြသည်များကို သူဘာမျှ လိုက် မမီပါ။

'ဒါဖြင့် မင်းအဆင်ပြေမယ့် တစ်ချိန်ချိန်မှာ လာပေါ့'

ချားသည် သူ၏ သုတေသနလုပ်ငန်းများ အကြောင်းကို သားဖြစ်သူ အား သိစေချင်သည်။ သို့သော်လည်း သားက အနည်းငယ်မျှ စိတ်ဝင်စားမှု မပြပါ။ သူ၏ သုတေသန လုပ်ငန်းကို လက်တွေ့ တွေ့မြင်ရလျှင် စိတ်ဝင်စား လာလိမ့်မည်ဟု ချားထင်နေသည်။

'ကျွန်တော် ကနေ့ မအားဘူး၊ ဓာတ်ခွဲခန်းဝင်စရာလည်း ရှိတယ်၊ အစည်းအဝေးတွေလည်း ရှိတယ်'

'ဒုက္ခပဲ၊ မနက်ဖြန်ကော'

'ဟုတ်ကဲ့၊ မနက်ဖြန်ပေါ့'

ဟန်တင်တန်လမ်းတွင် ချတ်ကားပေါ်မှ ဆင်းသည်။ ဖခင်ကို ဝတ်ကျေ တန်းကျေ နှုတ်ဆက်ပြီးနောက် နှင်းတွေ စိုရွှဲနေသော လမ်းအတိုင်း လျှောက် သွားသည်။ ချားသည် သူ့ကို ငေးကြည့်နေသည်။ မိခင်သေဆုံးမှုကြောင့် သည်ကလေး ဤသို့ ဖြစ်လေသလားဟု ချား စဉ်းစားနေမိသည်။ ကက်သရင်း ရောက်ရှိလာသောအခါ ချတ်၏ အခြေအနေ ကောင်းမွန်သွားလိမ့်မည်ဟု ချား မျှော်လင့်ခဲ့သည်။ သို့သော် ပို၍ပင် ဆိုးရွားလာတော့သည်။ ချားသည် ကားကို ဂီယာထိုးလိုက်ပြီးနောက် ကိန်းဘရစ်မြို့ဆီသို့ ဦးတည်ကာ မောင်း သည်။

□

mgyoe.com

## (၂)

သူသည် ချားမြစ်ကို ဘော်စတန်တက္ကသိုလ် တံတားမှ ဖြတ်ကျော်ရင်း ထိုနေ့အတွက် အစီအစဉ်များကို စဉ်းစား သတ်မှတ်သည်။ ဆဲလ်တွင်း ဖြစ်စဉ် ရှုပ်ထွေးမှုများကို လေ့လာရခြင်းသည် သားသမီးများကို ပြုစုပျိုးထောင်ရသည်ထက်တော့ အများကြီး လွယ်ကူပေသည်။ မက်မိုရီယမ် ဒရိုက်သို့ ရောက်ရှိသောအခါ ကားကို ယာဘက်သို့ ကွေ့လိုက်သည်။ အတန်ငယ်သွားမိသောအခါ ဘယ်ဘက်ရှိ ဝိုင်ဘာဂါ သုတေသနဌာနဝင်းထဲသို့ ချိုးဝင်လိုက်သည်။ သူ၏စိတ်ဓာတ် တက်ကြွစပြုလာသည်။

ကားထဲမှ သူထွက်လိုက်သောအခါ ကားတွေ အများကြီး ရှိနေသည်ကို တွေ့ရှိရသည်။ သည်လို နံနက်စောစော အချိန်မျိုးတွင် တွေ့ရိုးတွေ့စဉ် မဟုတ်ပါ။ ညွှန်ကြားရေးမှူး၏ မာစီးဒီး အပြာကြီးကိုလည်း သူ့နေရာတွင် တွေ့ရသည်။ ချားသည် ရာသီဥတု ဆိုးရွားသည့် ကြားမှပင် ခေတ္တမျှရပ်ပြီး ကားတွေများပြားနေသည့် အကြောင်း စဉ်းစားအံ့ဩနေမိသည်။ ထို့နောက်တွင်မှ အဆောက်အအုံကြီးထဲသို့ လျှောက်သွားသည်။

သုတေသန အဆောက်အအုံသည် ခေတ်မီသော လေးထပ်တိုက်ကြီး တစ်ခုပင် ဖြစ်သည်။ ချားမြစ်ကမ်းပေါ်တွင် တည်ဆောက်ထားသည်။ အမ်အိုင်တီနှင့် ဟားဗတ်တက္ကသိုလ် အကြားတွင် တည်ရှိသည်။ ဘော်စတန်တက္ကသိုလ်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။

mgyoe.com

mgyoe.com



ဒေ့ခ်ံကြိုဆိုရေး အမျိုးသမီးသည် ချားလာရောက်နေသည်ကို တံခါးမှန်ကြီးကို ဖြတ်ပြီးတွေ့မြင်ရသဖြင့် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ရောမမှန်တံခါးကြီး ရွေ့လျားပြီး ပွင့်သွားသည်။ ဤဌာန၏ လုံခြုံရေးကို အထူးကြပ်မတ်ထားသည်။ အဖိုးတန် သုတေသန ပစ္စည်းများကြောင့် တစ်ကြောင်း၊ အထူးတလည်ဖြစ်သော သုတေသန လုပ်ငန်းများကြောင့် တစ်ကြောင်း ဖြစ်သည်။ ချားသည် အသစ်ရောက်ရှိသော ဧည့်ခံကြိုဆိုရေး အမျိုးသမီးကလေး မစ္စအန်ဒရူးကို နှုတ်ဆက်ပြီးနောက် ကော်ဇောကြီးများ ခင်းထားသော ဧည့်ခံကြိုဆိုရေး ခန်းမကြီးကို ဖြတ်လျှောက်သွားသည်။ သည်အမျိုးသမီးသည် မည်မျှကြာကြာ အလုပ်မြဲမည်နည်းဟု ချားစဉ်းစားမိသည်။ သူတို့ဌာနတွင် ဧည့်ခံကြိုဆိုရေး အမျိုးသမီးများ၏ အလုပ်သက်တမ်းသည် တိုတောင်းလှပေသည်။

ဗဟို ဧည့်ခန်းမဆောင်ထဲတွင် ချားရပ်တန့်လိုက်ပြီး နောက်ပြန်ဆုတ်ကာ ဧည့်ခန်းတွင်းသို့ ကြည့်လိုက်သည်။ ဧည့်ခန်းထဲတွင် လူတွေ အပြည့်ရောက်နေသည်။ စကားပြောနေကြသည်။ စီးကရက် မီးခိုးတွေ မွှန်နေသည်။

'ဒေါက်တာမာတဲ…ဒေါက်တာမာတဲ'

လူအုပ်ထဲမှ တစ်ယောက်က လှမ်းခေါ်သည်။ သူ့နာမည်ကို ခေါ်သံကြားရသဖြင့် ချားသည် အခန်းတွင်းသို့ ဝင်သွားမိသည်။ ချက်ချင်းဆိုသလိုပင် သူ့ပတ်ပတ်လည်တွင် လူတွေ ဝိုင်းလာသည်။ အားလုံးကပင် တစ်ပြိုင်တည်း ဝိုင်းပြီး ပြောကြသည်။ ချားကို ပထမဆုံး ခေါ်လိုက်သူက ချား၏ မျက်နှာရှေ့တွင် စကားပြောခွက်တစ်ခုကို ထိုးကပ်လိုက်ပြီး…

'ကျွန်တော် ဂလုပ်နေ့စဉ်ကပါ၊ မေးခွန်း တစ်ခုနှစ်ခု မေးပါရစေ'

ချားသည် စကားပြောခွက်ကို တွန်းဖယ်လိုက်ပြီး ခန်းမကြီးသို့ ပြန်ထွက်သည်။

'ဒီလုပ်ငန်းကို ဒေါက်တာ ဆက်လုပ်မယ်ဆိုတာ မှန်ပါသလား'

အမျိုးသမီးတစ်ယောက်က ချား၏ ကုတ်အင်္ကျီကို ဆုပ်ကိုင်ရင်း မေးသည်။

'ကျုပ် ဘာမှမပြောဘူး'

mgyoe.com

mgyoe.com



လူအုပ်ထဲမှ တိုးထွက်ယင်း ချားဟာစ်အော်သည်။ သတင်းထောက်များ ဧည့်ခန်းဝတွင် ယောင်လည်လည်ဖြင့် ကျန်ရစ်ခဲ့ကြသည်။

'ဘာတွေ ဖြစ်နေကြတာလဲ မသိဘူး'

ခပ်သုတ်သုတ် လျှောက်နေရာမှ ခြေလှမ်း လျှော့လိုက်ယင်း ချားရေရွတ်သည်။ သတင်းစာများကို သူမုန်းသည်။ အဲလီဇဘက် နေမကောင်းသည့် အကြောင်းကို သတင်းစာတွေက ဖွဲ့ကာ နွှဲ့ကာ ရေးခဲ့ကြသည်။ မိသားစု၏ ကိုယ်ရေး ကိုယ်တာ ကြေကွဲမှုတစ်ခုကို လူတကာ လက်ဖက်ရည်သောက်ရင်း အပျင်းပြေ ဖတ်စရာ သတင်းတစ်ပုဒ် လုပ်ခဲ့ကြသည်။ သူ၏ ဓာတ်ခွဲခန်းထဲသို့ ချား ဝင်ရောက်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။

ချား၏ ဓာတ်ခွဲခန်း လက်ထောက်အဖြစ် ခြောက်နှစ်မျှ လုပ်ဆောင်ခဲ့သော အယ်လင်ရှယ်လဒန် လန့်သွားသည်။ သူမသည် တိတ်ဆိတ်သော ဓာတ်ခွဲခန်းထဲတွင် သွေးခဲကြည် ပရိုတိန်းခွဲသော ကိရိယာများကို နေရာချထားလျက် ရှိနေစဉ် ဖြစ်သည်။ သူမသည် နေ့စဉ်ပင် ဓာတ်ခွဲခန်းသို့ ခုနှစ်နာရီ ဆယ့်ငါးမိနစ် အချိန်တွင် ရောက်ရှိလာပြီး ခုနှစ်နာရီ လေးဆယ့်ငါးမိနစ်တွင် မလွဲမသွေ ရောက်ရှိလာတတ်သော ချားအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားသည်။ ချားသည် သူ၏လုပ်ငန်းများကို ရှစ်နာရီတိတိတွင် စတင်လို သည်။ အထူးသဖြင့် ခုလို အလားအလာကောင်းနေသည့် အချိန်တွင် ပို၍ တိကျသည်။

အယ်လင်ရှယ်လဒန်သည် ညိုညိုချောချော ဖြစ်သည်။ အသက် ၃၀ ခန့် ဖြစ်သည်။ ဆံပင်များကို ခေါင်းပေါ်တွင် ထုံးတင်ထားသည်။ အချို့သော ဆံယဉ်များသာလျှင် လွင့်ကျလျက် ရှိသည်။ သူမကို ငှားရမ်းစဉ်က ချား၏ မိတ်ဆွေများ မနာလို ဖြစ်ကြသည်။ သို့သော် ချားသည် သူမနှင့် နှစ်ပေါင်းအတန်ကြာ လက်တွဲ လုပ်မိသောအခါမှသာလျှင် သူမ၏ လှို့ဆော်သောအလှကို သတိပြုမိသည်။ သို့သော် ချားအနေနှင့် သူမကို တန်ဖိုးထားသည်မှာ သူမ၏ပညာ၊ သူမ၏ ကြိုးစားမှုနှင့် သူမ၏ လေ့လာဆည်းပူးခဲ့မှုများကိုသာ ဖြစ်သည်။

'အယ်လင် လန့်သွားသလား၊ ကိုယ် တောင်းပန်ပါတယ်'

ချားက သူ၏အင်္ကျီကို ချိတ်တွင်ချိတ်ရင်း ပြောသည်။

mgyoe.com

mgyoe.com


'အပြင်မှာ သတင်းထောက်တွေ တစ်ထွေးကြီးပဲ၊ သူတို့နဲ့ ပတ်သက်ပြီး ကိုယ့်စိတ်ထဲမှာ ဘယ်လိုဆိုတာ အယ်လင်လည်း သိသားပဲ'

'ကျွန်မတို့ အားလုံး သိပါတယ်'

အယ်လင်က သူမ၏ အလုပ်ကို ပြန်လုပ်ရင်း ပြောသည်။

ချား စားပွဲတွင်ထိုင်ပြီး စာရွက်များကို ကြည့်သည်။ သူ၏ ဓာတ်ခွဲခန်းသည် ဧရာမ လေးထောင့်ခန်းကြီး တစ်ခုဖြစ်သည်။ နောက်ဘက်တွင် ရုံးခန်းတစ်ခု တွဲလျက် ပါရှိသည်။ ချားသည် ရုံးခန်းတွင် မထိုင်ပဲ ဓာတ်ခွဲခန်းထဲမှာပင် စားပွဲတစ်လုံး ချထားပြီး အလုပ်လုပ်သည်။ ရုံးခန်းကို တိရစ္ဆာန်ခန်းအဖြစ် ပြောင်းလဲထားသည်။

အဆောက်အအုံကြီး၏ နောက်ဘက်တွင် တိရစ္ဆာန်များကို ထားသောနေရာ သပ်သပ်ရှိသည်။ သို့သော် ချားသည် သူ၏ စမ်းသပ်တိရစ္ဆာန်များကို သူ့အနီးမှာပင် ထားလိုသည်။ အနီးကပ်ကြည့်ရှု စောင့်ရှောက်နိုင်ရန် ဖြစ်သည်။ စမ်းသပ် လေ့လာမှု အဖြေကောင်းများသည် အစမ်းသပ်ခံ တိရစ္ဆာန်များကို ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်သည့် အပေါ်တွင် တည်သည်။ ချားသည်။ အသေးစိတ်ကို ဂရုပြုသူ ဖြစ်သည်။

'သတင်းထောက်တွေ ဒီမှာ ဘာလာလုပ်ကြတာလဲ၊ ကိုယ်တို့ရဲ့ ခေါင်းဆောင်ကြီး ညက ရေချိုးရင်း သိပ္ပံတွေ့ရှိမှုကြီး တစ်ခု ဖြစ်သွားလို့လား'

ချားက မေးလိုက်သည်။

'စကားကို ထိန်းပြောပါ၊ တစ်ယောက်ယောက်ကတော့ အုပ်ချုပ်မှု လုပ်ငန်းတွေကို လုပ်ရမှာပဲ'

အယ်လင်က နှုတ်လှန်လိုက်သည်။

'တောင်းပန်ပါတယ် ခင်ဗျာ'

ချား ခနဲ့သည်။

အယ်လင်က...

'အမှန်အတိုင်း ပြောရရင် ပြဿနာက တော်တော်ကလေး အရေးကြီးတယ်၊ ဘရိုက်တန်ကိစ္စ 'နယူးယောက်တိုင်း'ကို ပေါက်ကြားသွားတယ်'

'နောက်ပေါက်တဲ့ ဆရာဝန်တွေဟာ သတင်းစာထဲမှာ သိပ်ပါချင်ကြတယ်၊ လွန်ခဲ့တဲ့ တစ်လလောက်က တိုင်းမဂ္ဂဇင်းမှာ သူ့အကြောင်း တစ်ခါပါပြီးပြီ တော်ရောပေါ့၊ အခုတစ်ခါ သူ ဘာလုပ်ပြန်တာလဲ'

mgyoe.com

mgyoe.com


ချားက မနှစ်သက်ဟန်ဖြင့် ခေါင်းကို ယမ်းခါရင်း ပြောလိုက်သည်။

'ဒီအကြောင်းကို ဆရာ တကယ်မသိဘူးလား'

'ဒီမယ် အယ်လင် ကိုယ်ဒီကိုလာတာ အလုပ် လုပ်ဖို့ပဲ၊ အဲဒါကို မင်းတို့အားလုံး သိကြဖို့ ကောင်းတယ်'

'မှန်ပါတယ်၊ ဒါပေမဲ့ ဘရိုက်တန် ပြဿနာကိုတော့ လူတိုင်းသိနေကြတာပဲ၊ ဒီအကြောင်း ဌာနထဲမှာ အတင်းပြောနေကြတာ တစ်ပတ်လောက်တောင် ရှိနေပြီ'

'မင်းအကြောင်းကိုသာ ကိုယ်မသိရင် မင်းဟာ ကိုယ့်ကို တမင်ကလိနေတာပဲလို့ ထင်မိမှာပဲ၊ မင်း ကိုယ့်ကို မပြောချင်ဘူးဆိုရင် ဘာမှမပြောနဲ့၊ ဒါပေမဲ့၊ မင်းပြောနေတဲ့ စကားတွေကို ထောက်ကြည့်ရတာတော့ ဒီအကြောင်း ကိုယ်ဘာမှ မသိသေးတာ အမှန်ပဲ'

'အဲဒါ ဆိုးတာပဲ၊ တိရစ္ဆာန်ဌာနခွဲမှူးက ညွှန်ကြားရေးမှူးကို တိုင်တယ်၊ ဒေါက်တာ သောမတ်ဘရိုက်တန်ဟာ တိရစ္ဆာန်တွေထားတဲ့ အခန်းထဲကို တိတ်တိတ်ကလေး ဝင်ပြီး ကင်ဆာဖြစ်နေတဲ့ ကြွက်တွေကို ကြွက်အကောင်းတွေနဲ့ လဲတယ်'

'အံ့သြစရာပဲ၊ သူ့ဆေးအစွမ်းထက်ကြောင်း သက်သေပြဖို့ပဲပေါ့'

'ဟုတ်တယ်၊ အဲဒီဆေးကလည်း သူ့ကို ခုတစ်လော နာမည်ကြီးစေတဲ့ 'ကင်ဆာရင်ပဲ'

'ဒီဆေးက သူ့ကို ဌာနထဲမှာလည်း တွင်ကျယ်စေတယ် မဟုတ်လား'

ချားက ပြောလိုက်သည်။ သူ့မျက်နှာ ဒေါသဖြင့် ရဲနေသည်။ ဒေါက်တာ သောမတ်ဘရိုက်တန်၏ ဝါဒဖြန့်ချိရေး လုပ်ငန်းများ သူ မနှစ်သက်ခဲ့ပါ။ သို့သော် သည်အကြောင်းကို သူထုတ်ပြောသည့် အခါတိုင်း မနာလို၍ ပြောသည်ဟု လူတွေက ထင်ကြသည်။

'သူ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ဒီပြဿနာဟာ သူ့လုပ်ငန်းကို ထိခိုက်မှာ အမှန်ပဲ'

'မင်းက ဒီလူမျိုးကို သနားနေတာလား၊ ဒီသတ္တဝါဟာ ဆေးကုတဲ့ ဆရာဝန် တစ်ယောက်ပဲ ဖြစ်သင့်တယ်၊ သုတေသန ဌာနလုပ်ငန်းမှာ လိမ်ညာတာဟာ လူနာတစ်ယောက် အပေါ်မှာ လိမ်ညာတာထက် အများကြီးဆိုးတယ်၊ သုတေသနလုပ်ငန်းမှာ လိမ်ညာတာက လူတွေ အများကြီးကို ထိခိုက်စေတယ်'

mgyoe.com

mgyoe.com


'ဒါကတော့ ဒီလောက်ကြီးတော့လည်း မပြောသင့်ဘူး၊ သူ့မှာ မလွှဲမရှောင်သာတဲ့ အကျပ်အတည်းတွေ ရှိနိုင်တယ်၊ သူ့ကို ထောက်ထားညှာတာရမယ့် အကြောင်းတွေ အခြေအနေတွေ ရှိပါသေးတယ်'

'အားလုံးကို ပေါင်းခြုံလိုက်တဲ့အခါမှာ ထောက်ထားညှာတာစရာ အခြေအနေဆိုတာ ဘယ်လိုမှ မရှိနိုင်ဘူး'

'ဒါကတော့ ကျွန်မ သဘောမတူဘူး၊ လူတွေမှာ ပြဿနာတွေ ရှိကြတာပဲ၊ ကျွန်မတို့ဟာ ဆရာ့လို စူပါမင်း မဟာလူသားကြီး တစ်ယောက်မဟုတ်ဘူး'

'ကျုပ်ကို ထေ့စရာ ငေါ့စရာ ဘာမှ မလိုပါဘူး'

ချားက ပြောလိုက်သည်။ အယ်လင်၏ ထေ့ငေါ့သော စကားများအတွက် အံ့သြနေမိသည်။

'ဟုတ်ကဲ့၊ မပြောနဲ့ဆိုရင် မပြောပါဘူး၊ ဒါပေမဲ့ ဆရာ့မှာ လူဆန်တဲ့ စိတ်ကလေး နည်းနည်းပါးပါး ရှိဖို့လိုမယ် ထင်တယ်၊ ဆရာဟာ သူများတွေရဲ့ ခံစားမှုကို နည်းနည်းကလေးမှ ထည့်မတွက်ဘူး၊ ဆရာလိုချင်တာပဲ ဆရာသိတယ်'

အယ်လင်၏ အသံ စိတ်ထိခိုက်မှုဖြင့် တုန်ယင်နေသည်။

ဓာတ်ခွဲခန်းတွင် ပကတိ တိတ်ဆိတ်သွားသည်။ အယ်လင် သူ့အလုပ်ကို သူပြန်လုပ်နေသည်။ ချားက ဓာတ်ခွဲခန်း မှတ်တမ်းစာအုပ်ကို ဖွင့်သည်။ သို့သော် သူသည် အလုပ်တွင် အာရုံစူးစိုက်၍ မရဘဲ ရှိနေသည်။ သူ့အနေနဲ့ အယ်လင်ကို သည်မျှလောက် စိတ်ထိခိုက်စေရန် မရည်ရွယ်ပါ။ သူတစ်ပါးအတွက် ခံစားမှုကို မိမိဂရုမပြု ဆိုသည်မှာ ဟုတ်ချေသလော။ ယခုအကြိမ်သည် အယ်လင့်အနေနှင့် မိမိကို ပထမဆုံးအကြိမ် ဆန့်ကျင်၍ ပြောဆိုခြင်းပင် ဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာ ကက်သရင်းနှင့် မဆုံတွေ့ခင် သူတို့နှစ်ယောက် တဒင်္ဂ ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းကလေးနှင့် ပတ်သက်နေသလော။

နှစ်ပေါင်း အတော်ကြာအောင် လုပ်ငန်းတူ လုပ်ကိုင်မိကြသော်လည်း ချစ်ခြင်းမေတ္တာ ဟူသည်ထက် နီးစပ်မှုဟူသော ပြဿနာက ပေါ်ပေါက်လာသည်။ အထူးသဖြင့် အဲလီဇဘက် သေဆုံးပြီးသည့် နောက်ပိုင်းတွင် ချား

mgyoe.com

mgyoe.com


ကယောက်ကယက် ဖြစ်ခဲ့ရသည်။ သို့သော် သူတို့နှစ်ယောက်၏ ဇာတ်လမ်းသည် တစ်လလောက်သာ ရှည်သည်။ သူတို့ဌာနသို့ နွေရာသီလုပ်အားပေးအဖြစ် ကက်သရင်း ရောက်ရှိလာသည်။ သည့်နောက်ပိုင်းတွင် သူတို့ဇာတ်လမ်းကို မဆက်ကြတော့ပါ။ သည်ဇာတ်လမ်းကလေးကို အတိတ်မှာ ထားခဲ့တာပဲကောင်းသည်ဟု ချား ယူဆလိုက်သည်။

'ကိုယ်ပြောတာ အယ်လင် စိတ်ဆိုးတယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်စိတ်ထဲမှာ ဘယ်လိုမှ မရည်ရွယ်ပါဘူး၊ သူဟာသူ ပြောမိသွားတာပါ'

'ကျွန်မ ပြောခဲ့မိတာတွေအတွက် ကျွန်မကလည်း တောင်းပန်ပါတယ်'

အယ်လင်က ပြန်ပြောသည်။ သို့သော် သူမ၏ အသံသည် အနည်းငယ်တုန်ယင်လျက်ပင် ရှိသေးသည်။

ချား ဘဝင်မကျ ဖြစ်နေသည်။ မိမိသည် ခံစားတတ်မှု မရှိဟု သူမကတကယ်ပင် ထင်မြင်နေသလားဟု မေးချင်သည်။ သို့သော် သူ့မှာ မေးနိုင်စွမ်းမရှိပါ။

'ဪ ဒါနဲ့ စကားမစပ် ဒေါက်တာ မောရစ်ဆန်က ဆရာ့ကို အမြန်ဆုံး တွေ့ချင်တယ်တဲ့၊ ဆရာ မလာခင်ကပဲ သူ ဖုန်းဆက်တယ်'

'မောရစ်ဆန်ကို အသာထားလိုက်ပါ၊ ကိုယ်တို့ လုပ်ငန်းတွေ စကြရအောင်'

✣

ကက်သရင်းသည် ချားကို ဒေါသ ဖြစ်နေသည်။ သူမသည် စိတ်ထဲတွင် ခံစားနေရသည်များကို မျိုသိပ်ထားတတ်သူ တစ်ဦးမဟုတ်ချေ။ သည်ကိစ္စတွင် မိမိမှန်သည်ဟုလည်း ယူဆသည်။ သမီးကလေး မီရှဲ နှာခေါင်းသွေးများထွက်နေသည့်အတွက် ချားသည် သူ၏ အလုပ်ကိစ္စများကို ဘေးဖယ်ထားပြီး သမီးကို ကလေးဆေးရုံသို့ သူကိုယ်တိုင် လိုက်ပို့သင့်သည်။ နောက်ပြီးတော့ သူက ဆရာဝန်တစ်ယောက် မဟုတ်ပါလား။

ကက်သရင်းသည် ကားပေါ်တွင် လမ်းတစ်လျှောက်လုံးပင် မီရှဲ၏ နှာခေါင်းသွေးများကို မြင်ယောင်လျက် ရှိသည်။ နှာခေါင်းသွေးထွက်သဖြင့်

mgyoe.com

mgyoe.com


သေဆုံးနိုင်သလော။ ကက်သရင်း မသိပါ။ သို့သော် သေနိုင်သည်ဟူသော အတွေးက ကက်သရင်းကို ခြောက်လှန့်လျက် ရှိသည်။ ကက်သရင်းသည် သွေးနှင့် ပတ်သက်သည် မှန်သမျှကို မုန်းသည်။ အနာရောဂါ အားလုံးကို မုန်းသည်။ ဆေးရုံကို မုန်းသည်။ အဘယ်ကြောင့် ဤသို့ မုန်းတီးနေမိမှန်းတော့ သူမ မသိပါ။ ဆယ်နှစ်သမီးအရွယ်က အူအတက်ပေါက်သဖြင့် ဆေးရုံသို့ တက်ခဲ့ရသောကြောင့် ဖြစ်နိုင်သည်။

သူတို့က သူမ၏ရောဂါကို အတော်ကြီးပင် ကြိုးစားပြီး ရှာဖွေခဲ့ရသည်။ ပထမတွင် ဆရာဝန်တစ်ယောက်၏ ဆေးခန်း၌ ရှာဖွေသည်။ ထို့နောက် ဆေးရုံကြီး၌ ရှာဖွေကြသည်။ သူမ၏ မျက်စိထဲတွင် နံရံဖြူဖြူများကို ယခုတိုင် မြင်ယောင်လျက်ရှိသည်။ နှာခေါင်းထဲတွင် ဆေးနံ့များ ယခုထက်တိုင် စွဲနေသည်။ အဆိုးဆုံးကတော့ မိန်းမကိုယ်ကို စမ်းသပ်စစ်ဆေးခြင်းပင် ဖြစ်သည်။ သည်ကိစ္စတွေကို ချား သိပါသည်။ သို့သော် သူသည် ဓာတ်ခွဲခန်းသို့ မပျက်မကွက် သွားရောက်ပြီး မီရှဲကိစ္စကို သူမနှင့် လွှဲထားခဲ့သည်။

မီးဖိုထဲရှိ တယ်လီဖုန်းမှနေ၍ မာဂီရွှန်ဟော်ဆာသို့ ကက်သရင်း ဖုန်းဆက်သည်။ ဘော်စတန်သို့ လိုက်မလားဟု မေးရန် ဖြစ်သည်။ သူမ၏ သားကလေး တက်သည် ယခုအထိ ဆေးရုံမှာ ရှိနေသေးလျှင် သူမအတွက် အခွင့်အရေးပင် ဖြစ်သည်။ ဒုတိယအကြိမ် အမြည်တွင် တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူသည်။ တယ်လီဖုန်း ကောက်ယူသူ မာနန်စီ ဖြစ်သည်။ ရွှန်ဟော်ဆာ တို့၏ ဆယ့်ခြောက်နှစ်အရွယ် သမီးငယ်ဖြစ်သည်။

'မေမေ ဆေးရုံမှာ'

'ဟုတ်လား၊ အဲဒီလိုဆိုရင် အချိန်ရရင် ကိုယ် သူ့ကို ဆေးရုံမှာ သွားတွေ့လိုက်မယ်၊ တကယ်လို့ မတွေ့ဖြစ်ဘူး ဆိုရင် ကိုယ် ဖုန်းဆက်တယ်လို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့ ဒေါ်ဒေါ် ဖုန်းဆက်တယ်လို့ ပြောရင် မေမေ ဝမ်းသာမှာပဲ'

'တက် ဘယ့်နှယ်နေသေးသလဲ၊ သူ ဆေးရုံက ဘယ်တော့ ဆင်းမလဲ'

'သူ တော်တော် နေမကောင်းဘူး၊ ခြင်ဆီ သွင်းရမယ်လို့ပြောတယ်၊ ကျွန်မတို့ရဲ့ ခြင်ဆီတွေကို စစ်ကြည့်တော့ လီဆာတစ်ယောက်ပဲ အမျိုးအစား ချင်းတူတယ်၊ အခု သူ့ကို ရောဂါပိုး မဝင်အောင်ဆိုပြီး မိုးကာတဲတစ်ခုနဲ့ သပ်သပ်ထားရတယ်'

mgyoe.com

mgyoe.com


'အိုကွယ် ကြားရတာ ဒေါ်ဒေါ် စိတ်မကောင်းပါဘူး'

ကက်သရင်း ပြောလိုက်သည်။

သူမတွင် ခွန်အား အနည်းငယ်ပင် လျော့နည်းပါးသွားရသည်။ ခြင်ဆိုသွင်းသည့် အကြောင်းကို သူမ မသိပါ၊ သို့သော် အရေးကြီးသည်ဟုကားနားလည်မိသည်။ နန်စီကို နှုတ်ဆက်ပြီး တယ်လီဖုန်းကို ချလိုက်သည်။ ခေတ္တမျှ ထိုင်ပြီး စဉ်းစားနေမိသည်။ မာဂီနှင့် မျက်နှာချင်းဆိုင် ရမည်ကို စိုးရွံ့နေမိသည်။ စောစောက ဖုန်းမဆက်မိသည့်အတွက် မိမိကိုယ် မိမိ စိတ်မလုံဖြစ်နေသည်။ တက်၏ အခြေအနေကို ကြားရသောအခါ မီရှဲ၏ နှာခေါင်းသွေးလျှံမှုမှာ ဘာမျှ မပြောပလောက် ဖြစ်သွားသည်။ ကက်သရင်း သက်ပြင်းရှည်ကြီး တစ်ချက် ချပြီးနောက် ဧည့်ခန်းတွင်းသို့ ဝင်ရောက်သွားသည်။

မီရှဲ ဆိုဖာပေါ်တွင် လဲလျောင်းပြီး ရုပ်မြင်သံကြား ကြည့်နေသည်။ လိမ္မော်ရည်သောက်ပြီး အနည်းငယ် နားလိုက်ရသောအခါ သူမ၏ အခြေအနေတော်တော်ကလေး ကောင်းမွန်သွားသည်။ သို့သော် မီရှဲ စိတ်လှုပ်ရှားလျက်ပင်ရှိနေသည်။ ချားက ဘာမျှ မပြောသော်လည်း သူသည် သမီးကို စိတ်ထိခိုက်အောင် ပြုလုပ်ခဲ့ကြောင်း ကက်သရင်း သိပါသည်။ သည်ကြားထဲတွင် နှာခေါင်းသွေးလျှံခြင်းက ကလေးမကလေး၏ အခြေအနေကို ပို၍ ဆိုးရွားစေတော့သည်။

'ဒေါက်တာ ဝီလီရဲ့ အခန်းကို မေမေဖုန်းဆက်တယ်၊ ဆရာမက မေမေတို့ကို မြန်နိုင်သမျှ မြန်မြန် လာခဲ့ဖို့ ပြောတယ်၊ အဲဒီလို မဟုတ်ရင် မေမေတို့ အကြာကြီး စောင့်နေကြရလိမ့်မယ်တဲ့၊ အဲဒီတော့ သမီး ကားပေါ်ကျမှ တီဗွီ ဆက်ကြည့်တော့'

ကက်သရင်းက ချိုသာနိုင်သမျှ ချိုသာစွာဖြင့် ပြောလိုက်သည်။

'ကျွန်မ နေကောင်းသွားပါပြီ'

မီရှဲက ပြောလိုက်သည်။ သူမ ကြိုးစားပြီး ပြုံးသည်။ သို့သော် သူမ၏နှုတ်ခမ်းများ တုန်နေသည်။

'ကောင်းတယ်၊ ဒါပေမဲ့ အသာကလေး လှဲနေဦး၊ သမီးအင်္ကျီနဲ့ ပစ္စည်းတွေကို မေမေ ယူခဲ့မယ်'

'ကက်သရင်း ကျွန်မ နေကောင်းသွားပြီ၊ ကျွန်မ ကျောင်းသွားနိုင်ပြီ'

mgyoe.com

mgyoe.com


မိရှဲသည် သူမ၏ စကားကို သက်သေပြသည့် အနေဖြင့် ခြေထောက်များကို ကြမ်းပြင်ပေါ်သို့ လွှဲချကာ မတ်တတ်ရပ်လိုက်သည်။ သို့သော် အားနည်းမှုကြောင့် သူမ၏ အပြုံးကလေး ညှိုးမှိန်သွားသည်။

ကက်သရင်း ကိုယ်ကိုလှည့်ပြီး မွေးစား သမီးငယ်ကို ကြည့်လိုက်သည်။ ချား၏ အချစ်ဖူးကလေးကို အထူးပင် ငြိတွယ်သွားမိသည်။ မိရှဲ အဘယ်ကြောင့် သူမ၏ နေမကောင်းမှုကို ငြင်းကွယ်နေရသနည်း။ မိမိကဲ့သို့ပင် ဆေးရုံကို ကြောက်လန့်၍ပင် ဖြစ်ရပေမည်။ ကက်သရင်း လျှောက်သွားပြီး ကလေးမကလေး၏ ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။ ဆွဲယူသိုင်းဖက်လိုက်သည်။

'ဘာမှ ကြောက်စရာ မရှိပါဘူး သမီးရယ်'

'ကျွန်မ မကြောက်ပါဘူး'

မိရှဲ ရှန်းဖယ်ရင်း ပြောသည်။

'သမီး...မကြောက်ဘူး...ဟုတ်လား'

ကက်သရင်းက မေးလိုက်သည်။ သူမ၏ ရင်ထဲမှာ ပြောချင်တာရှိသည်။ မိရှဲ၏ ရှန်းဖယ်မှုကို အမြဲလိုပင် အံ့သြမိသည်။ ကက်သရင်း ပြုံးလိုက်သည်။ သူမ၏ လက်များကို ကလေးမလေး ပခုံးနှစ်ဖက်ပေါ်တွင် တင်ထားလျက်ပင် ရှိသည်။

'ကျွန်မ ကျောင်းသွားမယ်၊ ကက်သရင်း စာရေးပေးလိုက်ရင် ကျွန်မ လေ့ကျင့်ခန်း လုပ်စရာ မလိုဘူး'

'ဒီမယ်မိရှဲ၊ သမီးနေမကောင်းနေတာ တစ်လလောက် ရှိသွားပြီ၊ ကနေ့မနက်မှာလည်း အဖျားသွေးရှိတယ်၊ ဒီတော့ မေမေတို့ တစ်ခုခုလုပ်ကြမှ ကောင်းမယ်'

'ကျွန်မ အခု နေကောင်းသွားပြီပဲ၊ ကျွန်မ ကျောင်းသွားချင်တယ်'

ကက်သရင်းသည် မိရှဲ၏ ပခုံးထက်မှ မိမိ၏ လက်များကို ဖယ်လိုက်ပြီးနောက် မိမိ၏ရှေ့တွင်ရှိသော ကလန်ကဆန် မျက်နှာကလေးကို ကြည့်ရှုလေ့လာနေမိသည်။ မိရှဲသည် မည်သည့်ဘက်ကပင် ကြည့်ကြည့် အသိခေါက်ခက်သည့် မိန်းကလေး တစ်ယောက်ဖြစ်သည်။ သူမ အရွယ်နှင့်မလိုက်အောင် တိကျမှု၊ လေးနက်မှုရှိသည့် မိန်းကလေး တစ်ယောက်ဖြစ်သည်။ သို့သော်

mgyoe.com

mgyoe.com


သူမသည် ကက်သရင်းနှင့်မူ အမြဲလိုပင် လက်တစ်လှမ်း ကွာမှာနေသည်။ ယင်းသို့ ဖြစ်ရသည်မှာ ကလေးမကလေး သုံးနှစ်သမီးအရွယ်က သူမ၏မိခင် ကွယ်လွန်ခဲ့သည့် အတွက်လောဟု ကက်သရင်း စဉ်းစားမိသည်။ မိစုံဖစုံ မကြီးပြင်းရသော ကလေးတစ်ယောက် ဘဝကို ကက်သရင်း နားလည်သည်။ သူမလည်း ဖခင်၏ စွန့်ပစ်မှုကို ခံခဲ့ရသူတစ်ဦး ဖြစ်သည်။

ကက်သရင်းက အကောင်းဆုံး နည်းလမ်းတစ်ခုကို ရှာဖွေသည်။

'သမီးမှာ အဖျားရှိ မရှိ ထပ်တိုင်းကြည့်မယ်၊ သမီးမှာ အဖျားရှိတယ်ဆိုရင် ဆေးရုံကို သွားကြမယ်၊ အဖျား မရှိရင် မသွားဘူး'

မီရှဲ၏ ကိုယ်အပူချိန်မှာ ၁၀၀.၈ ဖြစ်သည်။

နောက်တစ်နေ့ တစ်နာရီခွဲအကြာတွင် ကက်သရင်းသည် သူမ၏ ဒေါ့(ချ်) စတေရှင်ဝက်ဂွန်းကားကြီးကို ကလေးဆေးရုံ ကားရပ်ရန် ဒေသသို့ ဝင်ရောက်ပြီး လက်မှတ်စက်မှ လက်မှတ်တစ်စောင် ထုတ်ယူလိုက်သည်။ လမ်းခရီးတွင် ဘာတစ်ခုမျှ အထူးတလည် ဖြစ်ပွားခြင်း မရှိပါ။ မီရှဲစကား နည်းနည်းပဲ ပြောသည်။ မေးသမျှလောက်ကိုသာ ဖြေသည်။ ကလေးမ ကလေးသည် လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်ထားပြီး အပေါ်က ကြိုးဆွဲမည်ကို စောင့်စားနေသော ရုပ်သေးရုပ် တစ်ရုပ်လို ရှိနေသည်ဟု ကက်သရင်း ထင်မြင်သည်။

'သမီး ဘာတွေ စဉ်းစားနေသလဲ'

ကက်သရင်းက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ ကားရပ်ရန်နေရာ မရှိသဖြင့် သူတို့သည် ကားဖောင်း တစ်ခုပြီးတစ်ခုသို့ မောင်းသွားရသည်။

'ဘာမှ မစဉ်းစားပါဘူး'

မီရှဲ မလှုပ်မယှက် ပြန်ဖြေသည်။

ကက်သရင်းသည် မျက်လုံးထောင့်မှနေ၍ မီရှဲကို ကြည့်နေသည်။ သူမသည် ကလေးမကလေး၏ မေတ္တာ တုံ့ပြန်မှုကို အလွန်အမင်း ရယူချင်နေသည်။

'သမီးစိတ်ထဲမှာ ရှိနေတာကို မေမေ့ကို ပြောပါလား၊ မေမေကူပြီး စဉ်းစားပေးမှာပေါ့'

mgyoe.com

mgyoe.com


'ကျွန်မ နေလို့မကောင်းဘူး၊ တကယ့်ကို မကောင်းဘူး၊ ကားပေါ်က ဆင်းရင် ကျွန်မကို တွဲပြီး ဆင်းပေးပါ'

မီရှဲ မျက်နှာကို ကက်သရင်း တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ကားကို ရုတ်တရက် ရပ်လိုက်သည်။ သူမ၏ လက်နှစ်ဖက်ဖြင့် ကလေးမကလေးကို သိုင်းဖက်လိုက်သည်။ ကလေးမကလေး ရုန်းဖယ်ခြင်း မပြုပါ။ သူမ၏ ကိုယ်ကလေးကို လှုပ်ရှားလိုက်ပြီး ကက်သရင်း၏ ရင်အုံပေါ်တွင် ခေါင်းကလေးကို မှီတင်ထားလိုက်သည်။ သူမ၏ လက်မောင်းတွင် ပူနွေးသော မျက်ရည်များ ထိတွေ့လာသည်ကို ကက်သရင်း ခံစားရသည်။

'မီရှဲရယ်၊ သမီးကို မေမေ ဝမ်းမြောက်ဝမ်းသာ ကူညီပါမယ်ကွယ်၊ သမီးမှာ အကူအညီလိုအပ်တိုင်း မေမေ ကူညီပါ့မယ် မေမေကတိပေးပါတယ်ကွယ်'

နောက်ဆုံးတွင် ကက်သရင်းသည် အတားအဆီးကြီး တစ်ခုကို ကျော်လွှန်နိုင်ပြီတည်း။ ယင်းသို့ အောင်မြင်စွာ ကျော်လွှန်နိုင်ရန်အတွက် နှစ်နှစ်ခွဲတိတိ စိတ်ရှည်စွာ စောင့်စားခဲ့ရသည်။ စောင့်စားရကျိုး နပ်ချေပြီ။

ကားဟွန်းသံများကြောင့် ကက်သရင်း သတိပြန်ဝင်လာသည်။ ကားကို ဂီယာသွင်းပြီး မောင်းရသည်။ မီရှဲက သူမကို ဆက်ပြီး မှီထားသဖြင့် ကျေနပ်ရသည်။

ကက်သရင်းသည် စိတ်ထဲတွင် တကယ့်မိခင်ရင်း တစ်ယောက်လို ခံစားနေရသည်။ ဆုံလည်တံခါးကြီးကို တွန်းပြီး ဝင်သွားရသော အချိန်တွင် မီရှဲသည် အထူးပင် နွမ်းယှဲ့နေသဖြင့် ကက်သရင်းက ဖေးမကာ တွဲခေါ်ရသည်။ ဧည့်ခန်းတွင် ကက်သရင်းက ဘီးတပ်ကုလားထိုင် တစ်လုံးတောင်းသည်။ ချက်ချင်းပင် ရသည်။ ပထမတော့ မီရှဲ ကုလားထိုင်နှင့် မသွားဟုငြင်းနေသေးသည်။ နောက်မှ ကက်သရင်းက တွန်းခေါ်သွားသည်ကို မီရှဲ သဘောတူလိုက်ပါသည်။

မီရှဲနှင့် နားလည်နီးစပ်မှုကို ဝမ်းသာ ကျေနပ်နေမိသဖြင့် ကက်သရင်းသည် ဆေးရုံကို စိုးရွံ့ထိတ်လန့်သည့် စိတ်ပင် လျော့ပါးရတော့သည်။ ဆေးရုံကြီး၏ အဆင်အယင် မွမ်းမံမှုများကလည်း ကောင်းမွန်သည်။ ဧည့်ခန်းဆောင်ကြီးတွင် မက္ကဆီကို ကျောက်ပြားများ ခင်းထားသည်။ ထိုင်ခုံများကလည်း

mgyoe.com

mgyoe.com


တောက်ပသော အဝါရောင်နှင့် လိမ္မော်ရောင်များ ဖြစ်သည်။ ပန်းပင်ကလေးတွေလည်း ရှိသည်။ ဆေးရုံကြီး တစ်ခုနှင့်မတူဘဲ ဗိမ်ခံဟိုတယ်ကြီး တစ်ခုနှင့်ပင် ဝူနေသေးတော့သည်။

ရုံးခန်းများမှာလည်း ချောက်ချားဖွယ်ရာ မရှိချေ။ ဒေါက်တာ ဝီလီ၏ ဧည့်ခန်းတွင် လူနာငါးယောက် စောင့်ဆိုင်းလျက် ရှိသည်။ လူနာများအားလုံးပင် အဓါလည်ကျော်နှင့် နှစ်ခါလည်များသာ ဖြစ်သဖြင့် မီရှဲ စိတ်ပျက်ရသည်။ ဖွင့်ထားသော တံခါးပေါက်ကို ဖြတ်ပြီး စမ်းသပ်ခန်းကို မြင်ရသည်။ မိမိအဘယ်ကြောင့် သည်သို့ရောက်ရှိ နေသည်ကို သိသဖြင့်သာ မီရှဲ ပြဿနာ မတက်ခြင်း ဖြစ်သည်။

'ကျွန်မ ဆေးထိုးရမလား'

ကက်သရင်းဘက်သို့ တိမ်းညွတ်ယင်း မီရှဲ မေးလိုက်သည်။

'မပြောတတ်ဘူး၊ ဒါပေမဲ့ သမီး ဒီကကိစ္စပြီးရင် မေမေတို့ တစ်နေရာရာကို စိတ်ပြေလက်ပျောက် သွားကြမယ်လေ၊ သမီး ကြိုက်တဲ့နေရာကို သွားမယ်'

ကက်သရင်းက ပြောလိုက်သည်။

'ဖေဖေတို့ရုံးကို သွားကြမလား'

မီရှဲ မျက်လုံးများက အရောင်လက်လာသည်။

'သွားမယ်လေ'

ကက်သရင်းသည် ဘီးတပ်ကုလားထိုင်ကို ကုလားထိုင်လွတ် တစ်လုံးအနီးတွင် ရပ်ထားလိုက်သည်။ ထို့နောက် ကုလားထိုင်လွတ်တွင် သူမထိုင်သည်။

မိခင်တစ်ယောက်နှင့် တဟင့်ဟင့်ငိုနေသော ငါးနှစ်သားရွယ် ကောင်ကလေးတစ်ယောက် စမ်းသပ်ခန်း အတွင်းမှ ထွက်လာကြသည်။ စောင့်ဆိုင်းနေသော မိခင်တစ်ယောက်သည် ကလေးငယ်ကလေးနှင့်အတူ စမ်းသပ်ခန်းသို့ ဝင်သွားသည်။

'ဖုန်းဆက်လို့ ရမလားလို့ ဆရာမကို သွားမေးဦးမယ် တက်ရှန်ဟော်ဆာ ဘယ်အခန်းမှာလဲလို့ မေမေ သိချင်တယ် သမီး ဒီမှာ နေရစ်ခဲ့လို့ ဖြစ်မလား'

mgyoe.com

mgyoe.com


'ဖြစ်ပါတယ်၊ ကျွန်မ နေလို့ကောင်းသွားပါပြီ'

'ကောင်းတာပေါ့'

ကက်သရင်း ထလိုက်သည်။ ဆရာမရှိရာသို့ လျှောက်သွားသော ကက်သရင်း၏ ရှည်လျားသော အညိုရောင် ဆံပင်များ သူမ၏ပခုံးပေါ်တွင် လှုပ်ခုန်နေကြသည်ကို မီရှဲကြည့်နေသည်။ ထို့နောက် မီရှဲသည် မိမိ၏ဆံပင်များကိုလည်း သည်အရောင်အတိုင်း ဖြစ်စေချင်တော့သည်။ ရုတ်တရက် ဆိုသလိုပင် မိမိသည် အသက်နှစ်ဆယ်အရွယ်သို့ ရောက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်ကာ ဖခင်နှင့်အတူ ဓာတ်ခွဲခန်းထဲတွင် အလုပ် လုပ်နေသည်ဟု စိတ်ကူးမိသည်။ ဆရာဝန်များသည် ဆေးမထိုးရ၊ ဆရာမများကသာ ထိုးသည်ဟု ဖခင်က ပြောဖူးသည်။ မီရှဲ ဆေးမထိုးချင်ပါ။ ဆေးထိုးရမှာကို မုန်းသည်။

*

'ဒေါက်တာမာတဲ၊ ခင်ဗျားကို ကျုပ် ခေါ်ထားတယ်လို့ မပြောကြဘူးလား'

ဓာတ်ခွဲခန်း တံခါးဝမှနေ၍ ဒေါက်တာပိတာမောရစ်ဆန်က ပြောလိုက်ခြင်း ဖြစ်သည်။

ချားသည် သွေးခဲရည်ကြည် နမူနာများကို အလိုအလျောက် ရေဒီယိုသတ္တိကြွစက်ထဲသို့ ထည့်နေရာမှ ခါးဆန့်လိုက်ပြီး ဇီဝကမ္မဗေဒဌာနမှူး မောရစ်ဆန်ကို ကြည့်လိုက်သည်။ ဌာနမှူးသည် တံခါးပေါင်ကိုမှီပြီး ရပ်နေသည်။ မျက်နှာကြက်မှာ ဖြာကျလာသော မီးရောင်တန်းသည် သူ့မျက်နှာမှ မျက်မှန်ကို ရိုက်ခတ်လျက်ရှိသည်။ သူ့မျက်နှာ တင်းမာနေသည်။ ဒေါသဖြစ်နေသည်။

'ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ကြာရင် လာခဲ့မယ်၊ ကျွန်တော့်မှာ အရေးတကြီး လုပ်စရာကလေးတွေ ရှိနေတယ်'

ချားက ပြောလိုက်သည်။

မောရစ်ဆန် ခေတ္တမျှ စဉ်းစားနေပြီးနောက်…

'ကျုပ်အခန်းက စောင့်နေမယ်'

တံခါး ပြန်ပိတ်သွားသည်။

'ဆရာ သူ့ကို သွားမထောင်သင့်ဘူး၊ ပြဿနာတွေ တက်လာလိမ့်မယ်'

mgyoe.com

mgyoe.com


'ဒါမှ ကောင်းတယ်၊ ဒါမှ သူစဉ်းစားစရာ ဖြစ်မယ်။ သူ့ရုံးခန်းထဲမှာ သူဘာတွေ လုပ်နေတယ်ဆိုတာ ကိုယ်တော့ စဉ်းစားလို့ မရဘူး'

'လူတစ်ယောက်ကတော့ အုပ်ချုပ်မှု လုပ်ငန်းတွေကို လုပ်ရမှာပဲ'

အယ်လင်က ပြောသည်။

'အံ့သြစရာ ကောင်းတာကတော့ သူဟာ တစ်ချိန်တုန်းက သင့်တင့်လျောက်ပတ်တဲ့ သုတေသီ တစ်ယောက်ပဲ၊ အခုတော့ သူ့မှာ ညွှန်မှူးဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေ ဖုံးလွှမ်းနေတော့ သူလုပ်နေတာက စာရွက်တွေကို ဟိုဘက်ရွှေ့ ဒီဘက်ရွှေ့၊ အစည်းအဝေးတွေတက်၊ နေ့လယ်စာ စားပွဲတွေသွား၊ ရန်ပုံငွေပွဲတွေ တက်ပဲ'

'ရန်ပုံငွေပွဲတွေက ပိုက်ဆံရတယ်'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီအတွက် ဇီဝကမ္မဌာနက ပါရဂူ တစ်ယောက် မလိုပါဘူး၊ ဒါဟာ အလကား သက်သက် လုပ်အားဖြုန်းတီးတာပဲ'

'ဆရာ ပြောတာတွေကို ကျွန်မ သဘောတူပါတယ်၊ ဒါပေမဲ့ ဒီနမူနာတွေကို ကျွန်မ လုပ်ထားလိုက်ပြီး ဆရာက သူနဲ့သွားတွေ့လိုက်ရင် မကောင်းဘူးလား၊ ဒါမှ ကြွက်တွေကို သွေးထုတ်တဲ့အချိန်မှာ ဆရာက ကျွန်မကို ကူညီနိုင်မှာ'

အယ်လင်က ပြောလိုက်သည်။

နောက် ဆယ်မိနစ်ခန့် ရှိသောအခါ ချားသည် ဒုတိယထပ်သို့ အရေးပေါ် လှေကားမှ တက်သွားလျက်ရှိသည်။ မောရစ်ဆန်က သူ့ကို ဘာကိစ္စနှင့် တွေ့လိုကြောင်း သူမသိပါ။ လာမည့် အစည်းအဝေးကို တင်ရန် စာတမ်းတစ် ခုခု ရေးခိုင်းဖို့ ဖြစ်မည်ဟု သူခန့်မှန်းသည်။ စာတမ်းတင်သည့်ကိစ္စတွင် ချားသည် တခြား လုပ်ဖော်ကိုင်ဖက်များနှင့် သဘောထားခြင်း မတူညီပါ။ သူက စာတမ်းတစ်ခုကို အလောတကြီး မပြုစုလိုပါ။ သုတေသန လုပ်ငန်းတွင် စာတမ်းများဖြင့် အကဲဖြတ်လေ့ ရှိသော်လည်း ချားကတော့ သည်အလုပ်ကို ရှောင်ကြဉ်သည်။ သည်အတွက် လုပ်ဖော်ကိုင်ဖက်များက လေးစားကြသည်။ ချားကဲ့သို့သော လူမျိုးများသာလျှင် ကြီးမားသော သိပ္ပံတွေ့ရှိချက်များကို ပြုလုပ်နိုင်စွမ်းသည်ဟု ဆိုကြသည်။ ချား၏ လုပ်ရပ်ကို မနှစ်သက်သည်မှာ အုပ်ချုပ်ရေးပိုင်းကသာလျှင် ဖြစ်သည်။

mgyoe.com

mgyoe.com


ဒေါက်တာမောရစ်ဆန်၏ ရုံးခန်းသည် ဒုတိယထပ်ရှိ ရုံးခန်းများတည်ရှိရာ ဒေသတွင် ဖြစ်သည်။ အခန်းနံရံများကို သိုးမွေးရောင် နုနုကလေး သုတ်ထားပြီး နံရံတစ်လျှောက်တွင် ယခင် တာဝန်ထမ်းဆောင်ခဲ့ကြသော ညွှန်ကြားရေးမှူးများ ဆီဆေးပုံတူ ကားကြီးများကို ချိတ်ဆွဲထားသည်။ ခမ်းနားသော ဘွဲ့ဝတ်စုံများဖြင့် ဖြစ်ကြသည်။ ဤဒေသ၏ အသွင်အပြင်သည် မြေညီထပ်နှင့် ပထမထပ်ရှိ ဓာတ်ခွဲခန်းများနှင့် တခြားစီ ဖြစ်သည်။ ငွေကြေးအမြတ်အစွန်း မရှိသော ဆေးသိပ္ပံဌာန တစ်ခုနှင့်မတူဘဲ အောင်မြင်ကျော်ကြားသော ဝတ်လုံတော်ရကြီးများ၏ ရုံးအဖွဲ့ကြီးနှင့် တူနေသည်။

မောရစ်ဆန်၏ ရုံးခန်းသို့ ဝင်မည်အပြုတွင် အတွင်းရေးမှူးများ အားလုံးက မိမိကို ကြည့်ရှုနေကြကြောင်း ချား သတိပြုမိသည်။ သည်နံနက် သည်ကို မိမိရောက်ကတည်းက သည်သဘောကို ချားခံစားရသည်။ တစ်စုံတစ်ခု ဖြစ်ဖွယ်ရှိမည်ကို လူအားလုံးကပင် စောင့်ဆိုင်းနေကြဟန် ဖြစ်သည်။

ရုံးခန်းထဲသို့ ချားဝင်ရောက်လာသောအခါ မောရစ်ဆန်သည် ထိုင်ရာမှ ထပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ကြီးမားသော မဟော်ဂနီ စားပွဲကြီးကို ကွေ့လျှောက်လာသည်။ စောစောက ခက်ထန်သော အမူအရာများ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ထုံးစံအရ ချား သူ့ကို လက်ဆွဲနှုတ်ဆက်သည်။ သို့သော် သူ၏ အမူအရာများကို နားမလည်နိုင် ရှိရသည်။ မောရစ်ဆန်နှင့် သူက တခြားစီဖြစ်သည်။ ဝတ်ပုံစားပုံချင်းလည်း မတူပါ။ မောရစ်ဆန်က သေသေသပ်သပ် တောက်တောက်ပြောင်ပြောင် ချားက အင်္ကျီကော်လံ ကြယ်သီးပြုတ်နေသည်။ လည်စည်းကို ဒုတိယနှင့် တတိယ ကြယ်သီးများကြားသို့ ထိုးထည့်ထားသည်။ အင်္ကျီလက်များကို တံတောင်ဆစ်ထိအောင် ပင့်တင်ထားသည်။

'ကြိုဆိုပါတယ် ခင်ဗျာ'

မောရစ်ဆန်က ပြောသည်။ သူက ချားကို သည်နံနက်တွင် ယခုမှ တွေ့ရသည့်အလား ဖြစ်သည်။ သူက ချားကို ရုံးခန်းနောက်ပိုင်းရှိ ဆိုဖာပေါ်တွင်ထိုင်ရန် ညွှန်ပြသည်။ ထိုမှနေ၍ ချား မြစ်ရှုခင်းကို တွေ့မြင်ရသည်။

'ကော်ဖီ'

မောရစ်ဆန်သည် သေးသွယ်ဖြူဖွေး ညီညာသော သွားများကို ပေါ်အောင် ပြုံးရင်း မေးသည်။

mgyoe.com

mgyoe.com



ချား ငြင်းသည်။ ဆိုဖာပေါ်တွင် ထိုင်သည်။ လက်နှစ်ဖက်ကို ပိုက်ထားသည်။ တစ်စုံတစ်ရာ ထူးဆန်းလျက် ရှိချေသည်။ သူ့တွင် သိချင်စိတ်များ ပြင်းထန်လာသည်။

'ကနေ့ထုတ် 'နယူးယောက်တိုင်း' တွေ့ပြီးပြီလား'

မောရစ်ဆန်က မေးသည်။

ချား ခေါင်းခါသည်။

မောရစ်ဆန်သည် စားပွဲဆီသို့ လျှောက်သွားပြီး သတင်းစာကို ကောက်ယူကာ မျက်နှာဖုံးမှ သတင်းတစ်ပုဒ်ကို ထောက်ပြသည်။

**'ဝိုင်ဘာဂါ ကင်ဆာသိပ္ပံမှ အရှက်တော်ပုံ'**

ပထမစာပိုဒ်ကို ချားဖတ်ကြည့်သည်။ သူ့အား အယ်လင်ပြောခဲ့သည့် အကြောင်းအရာများပင် ဖြစ်သည်။ သည်မျှဆိုလျှင် လုံလောက်ပေပြီ။

'အတော်ဆိုးတယ်'

မောရစ်ဆန်က ပြောသည်။

ချား ခေါင်းညိတ်သည်။ မောရစ်ဆန်ပြောသည့် သဘောကို သူက တစ်ဝက်ပဲ သဘောတူသည်။ သည်အဖြစ် အပျက်ကြောင့် သူတို့ဌာန၏ ရန်ပုံငွေ ရှာဖွေရေးသည် ကာလအတန်ကြာအောင် နှောင့်နှေးမည်။ တစ်နည်းကောင်းသည်ကလည်း အဓိပ္ပာယ်မရှိသော ဤ'ကင်ဆာရင်' စီမံချက်ကြီး ပျက်သွားသဖြင့် တခြားအကျိုးရှိသော လုပ်ငန်းတစ်ခုကို ပြောင်းလဲ လုပ်ကိုင်နိုင်ကြမည်။

ချားအဖို့မူ ကင်ဆာရင်သည် အယ်လကိုင် အုပ်စုဝင် တစ်ခုသာဖြစ်သည်။ ကင်ဆာရောဂါ တိုက်ဖျက်ရေးတွင် ရောဂါပြီးဗေဒသာ အဓိကဖြစ်သည်ဟု ချားယူဆသည်။ ဓာတုကုထုံးနည်းကို မယုံကြည်ပါ။ လွန်ခဲ့သည့်နှစ်များအတွင်းတွင် ဓာတုကုထုံးနည်းသည် အတော်ကလေး အောင်မြင်ခဲ့သည်ကို သူအသိအမှတ် ပြုပါသည်။ သို့သော် ဓာတုကုထုံးနည်းသည် အခရာမဟုတ်ပါ။

'ဒေါက်တာ ဘရိုက်တန်ဟာ အများကြီး လိုသေးတယ်၊ သူက ငယ်သေးတယ်၊ ဆန္ဒစောလွန်းတယ်'

မောရစ်ဆန် ပြောသည်ကို ချားနားထောင်နေသည်။ လိုရင်းကို ရောက်သည်အထိ ဖြစ်သည်။

mgyoe.com

'ဒေါက်တာဘရိုက်တန်ကို ကျုပ်တို့အလုပ်က ထုတ်လိုက်ပြီ'

မောရစ်ဆန် ဆက်ပြောသည်။

ဘရိုက်တန်၏ လုပ်ရပ်များအကြောင်း မောရစ်ဆန်က ရှင်းပြနေသည်ကို ချား ခေါင်းညိတ်သည်။ မောရစ်ဆန်၏ တောက်လက်နေသော ခေါင်းပြောင်ပြောင်ကြီးကို ချားကြည့်သည်။ သူ့ခေါင်းတွင် ဆံပင်ဟူ၍ နားရွက်များ၏ အထက်နားတွင်သာ ရှိသည်။ ဆံပင်တန်းနှစ်ခု နောက်ဘက်တွင် သွားဆက်သည်။

'ခဏကလေး အခုပြောနေတာတွေ အများကြီး စိတ်ဝင်စားစရာကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ အရေးကြီးတဲ့ လုပ်စရာတွေ အများကြီး ရှိနေတယ်၊ ကျွန်တော်နဲ့ ပတ်သက်တဲ့ အကြောင်း ပြောစရာရှိသလား'

ချားက ကြားဖြတ်ပြီး ပြောလိုက်သည်။

'ရှိတာပေါ့'

မောရစ်ဆန်က သူ၏ အင်္ကျီလက်ဖျားကို တည့်ရင်း ပြောသည်။ သူ၏လေသံက အလေးအနက်ကြီး ပြောနေဟန် ဖြစ်သည်။ သူ၏ လက်ထိပ်များကို ပူးကပ်လိုက်ရင်း...

'နယူးယောက် တိုင်းသတင်းစာမှာ ဆောင်းပါးပါမဲ့ အကြောင်းကြိုသိတဲ့အတွက် ဒါရိုက်တာအဖွဲ့ဟာ မနေ့ညက အစည်းအဝေး လုပ်ကြတယ်။ ဒီကိစ္စကို ကျုပ်တို့ မြန်မြန်ထက်ထက် မကာကွယ်နိုင်ရင် ဘရိုက်တန်ကိစ္စမှာ အခိက ခံရမယ့်ရလဒ်က အင်မတန် အလားအလာ ကောင်းနေတဲ့'ကင်ဆာရင်'ပဲ၊ ဒီကိစ္စကို ခင်ဗျား သဘောပေါက်ပါလိမ့်မယ်'

'ပေါက်ပါတယ်'

ချား ပြောလိုက်သည်။ သူ၏ စိတ်အာရုံတွင် အမည်းရိပ်တစ်ခု ထင်လာသည်။

'အဲဒီတော့ ကင်ဆာရင် စီမံကိန်းကို ကယ်တင်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ ဒီစီမံကိန်းကြီးကို ပြီးမြောက်အောင် ဆက်လုပ်ဖို့ ဂုဏ်သိက္ခာအရှိဆုံး သိပ္ပံပညာရှင်ကြီး တစ်ဦးကို တာဝန်ပေးအပ်ခန့်ဖို့ပဲ၊ ဒါနဲ့တစ်ဆက်တည်း ဝမ်းသာစကား ပြောရမယ်ဆိုယင်တော့ အားလုံးကပဲ ခင်ဗျားကို ရွေးချယ်လိုက်ကြတယ်'

mgyoe.com

ချားမျက်လုံးများကို မှိတ်လိုက်ပြီး နဖူးကို လက်ဝါးဖြင့် ပုတ်လိုက်သည်။ ရုံးခန်းထဲက သူပြေးထွက်သွားချင်သည်။ သူ့ကိုယ်သူ မနည်းပင် ထိန်းချုပ်ထားရသည်။ သူ့မျက်လုံးများကို တဖြည်းဖြည်းချင်း ပြန်ဖွင့်သည်။ မောရစ်ဆန်၏ နှုတ်ခမ်းပါးပါးလေးတွင် အပြုံးဖွဲ့နေသည်။ မောရစ်ဆန်၏ တုံ့ပြန်မှုသည် မိမိကို လှောင်နေခြင်းလော သို့မဟုတ် သတင်းကောင်းတစ်ခုကို တကယ်ပင် ပါးရသည် ယူဆနေသလောဟု ချားမဝေခွဲနိုင်ပါ။

'ဒါရိုက်တာအဖွဲ့က ကျုပ်ဌာနက လူတစ်ယောက်ကို ရွေးချယ်လိုက်တဲ့အတွက် ကျုပ်ဘယ်လောက် ဝမ်းသာ ကျေနပ်ရတယ်ဆိုတာ ပြောတောင် မပြောနိုင်ဘူး၊ ဒါပေမဲ့ အံ့သြတယ်တော့ မဟုတ်ဘူး၊ ကျုပ်တို့ဟာ ဝိုင်ဘာဂါ အတွက် မဆုတ်မနစ် လုပ်ဆောင်နေကြရတယ်၊ အခုလို အသိအမှတ်ပြု ခံရတာမျိုးဟာ ကောင်းတဲ့သဘောပဲ၊ နောက်ပြီးတော့ ခင်ဗျားကို ကျုပ်ရွေးချယ်လိုက်တာပဲ

'အဲဒီတော့ အခုလို ရွေးချယ်လိုက်တဲ့ အတွက် ကျေးဇူးတင်ကြောင်း ဒါရိုက်တာအဖွဲ့ကို ခင်ဗျားက ပြောပြပါ၊ ဒါပေမဲ့ ကံမကောင်း အကြောင်းမသင့်ချင်တော့ ကင်ဆာရင် စီမံချက်ကို ကျွန်တော်ဆက်ပြီး မလုပ်နိုင်ပါဘူး၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော့လုပ်ငန်းက အတော်ကြီးကို တိုးတက်အောင်မြင်နေတယ်မဟုတ်လား၊ အဲဒီတော့ တစ်ခြားလူတစ်ယောက်ကို ရှာကြပါ'

ချားက အသံကို တည်ငြိမ်အောင် ထိန်းပြီး ပြောလိုက်သည်။

'ခင်ဗျား နောက်နေတာလား'

မောရစ်ဆန်၏ နှုတ်ခမ်းမှာ အပြုံးမေးမှိန် ပျောက်ကွယ်သွားသည်။

ကျွန်တော် မနောက်ပါဘူး၊ ကျွန်တော့်လုပ်ငန်း အောင်မြင်နေတဲ့ အချိန်မှာ ဒီအလုပ်ကို ကျွန်တော် ဘယ်နည်းနဲ့မှ ပစ်မထားနိုင်ဘူး၊ ဒီလုပ်ငန်းက အရှိန်သိပ်ကောင်းနေပြီ'

'ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဘာစာတမ်းမှ မတင်တာ ဘယ်နှစ်နှစ်ရှိသွားပြီလဲ၊ ဒီတော့ အရှိန်သိပ်ကောင်းနေပြီ ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မလဲ၊ နောက်ပြီးတော့ ခင်ဗျားလုပ်ငန်းအတွက် ကျုပ်တို့ ပေးနေရတဲ့ ငွေဟာ ဌာနရဲ့ အထွေထွေ ရန်ပုံငွေထဲက ဖြစ်တယ်၊ ခင်ဗျားအနေနဲ့ ဌာနအတွက် အပြင်က ငွေရှာမပေးနိုင်တာ ကြာတောင် ကြာလှပြီ၊ ဒါပေမဲ့ ခင်ဗျားရဲ့

mgyoe.com

mgyoe.com


လုပ်ငန်းကို ကျုပ်အမြဲတမ်း အားပေးခဲ့တယ်၊ အခု ခင်ဗျားအလှည့် ရောက်လာပြီ၊ ကင်ဆာရင် စီမံချက်ပြီးတာနဲ့ တစ်ပြိုင်နက် ခင်ဗျားလုပ်ငန်းကို ဆက်ပြီး လုပ်နိုင်တယ်၊ ဒါကတော့ ရှင်းနေတာပဲ'

မောရစ်ဆန် မတ်တပ်ရပ်ပြီး စားပွဲနောက်ဘက်ရှိ သူ၏ ကုလားထိုင်သို့ ပြန်သွားသည်။ သူတို့နှစ်ယောက် တွေ့ဆုံခြင်း ပြီးပြီဆိုသည့် သဘောပင်ဖြစ်သည်။ ပြဿနာကို ဆုံးဖြတ်ချက်ချပြီးပြီ ဆိုသည့် သဘောပင် ဖြစ်သည်။

'ဒါပေမဲ့ ကျွန်တော့်အလုပ်ကို ပစ်မထားနိုင်ဘူး၊ လောလောဆယ် အချိန်မှာ ပစ်မထားနိုင်ဘူး၊ အခြေအနေတွေက သိပ်ကောင်းနေတယ် ကျွန်တော်ရဲ့ မျိုးစပ်မှုလုပ်ငန်း အောင်မြင်တာကိုကော ဘာပြောကြမလဲ၊ အဲဒါဟာ ထည့်တွက်စရာ မဟုတ်လား'

ချားက မေးသည်။

'အင်း မျိုးစပ်မှု၊ အံ့ဩစရာကောင်းတဲ့ လုပ်ငန်းတစ်ခုပဲ၊ ဓာတ်ပြောင်း ပြန်ရည်ဆဲလ်တစ်ခုဟာ ကင်ဆာဆဲလ်တစ်ခုနဲ့ ပေါင်းပြီး ဆဲလ်ပဋိပစ္စည်း အလုပ်ရုံတစ်ခု ဖြစ်လာနိုင်တယ်ဆိုတာကို ဘယ်သူတွေးမိမလဲ၊ ပြောင်မြောက် ပါတယ်၊ အဲ ပြဿနာနှစ်ခုပဲ ရှိတယ်၊ တစ်ခုကတော့ နှစ်ပေါင်းများစွာ ကြာသွားပြီ၊ နောက်တစ်ခုကတော့ ဒီတွေ့ရှိမှု အကြောင်းကို စာတမ်းမတင်ခဲ့ဘူး၊ ဒါနဲ့ပတ်သက်ပြီး ကျုပ်တို့ အမြတ်ထုတ်ဖို့ ကောင်းပါတယ်၊ ဒါပေမဲ့ တခြားဌာန တစ်ခုကဝင်ပြီး အမြတ်ထုတ်သွားတယ်၊ မျိုးစပ်မှုလုပ်ငန်းအတွက်နဲ့တော့ ဒါရိုက်တာအဖွဲ့မှာ ခင်ဗျားမျက်နှာသာ မရနိုင်ဘူး'

'မျိုးစပ်မှုဟာ ကျွန်တော့်ရဲ့ စမ်းသပ်မှု လုပ်ငန်းမှာ အဆင့်တစ်ဆင့်သာဖြစ်တဲ့အတွက် ကျွန်တော် စာတမ်းမတင်ခဲ့တာပဲ၊ ကျွန်တော်ဟာ စာတမ်းတင်တဲ့ နေရာမှာ ဘယ်တော့မှ ရှေ့လောမကြီးခဲ့ဘူး'

'ဒါကို ကျုပ်တို့အားလုံး သိပါတယ်၊ ဒါကြောင့်လည်း ခင်ဗျားဟာ ဒီနေရာ ဒီနေရာမှာပဲ ရှိနေပြီး ဌာနမှူးတစ်ယောက် ဖြစ်မလာဘဲ....'

'ကျုပ် ဌာနမှူး မဖြစ်ချင်ဘူး'

ချားအော်လိုက်သည်။ သူ စိတ်တိုစ ပြုလာပြီ။

'ကျုပ်က သုတေသန လုပ်ငန်းပဲ လုပ်ချင်တယ်၊ စက္ကူတွေ ဟိုရွှေ့ ဒီရွှေ့ မလုပ်ချင်ဘူး၊ ဟိုပွဲ သည်ပွဲတွေ မတက်ချင်ဘူး'

mgyoe.com

mgyoe.com

'ဒါ ခင်ဗျား ပုဂ္ဂိုလ်ရေးရာ စော်ကားတာပဲ'

မောရစ်ဆန် တုံ့ပြန်သည်။

'ခင်ဗျား ကြိုက်သလို ယူဆနိုင်တယ်'

ချားသည် ယခုအခါ သူ၏ဒေါသကို ထိန်းချုပ်ရန် မကြိုးစားတော့။ သူထိုင်ရာမှ ထပြီး စားပွဲဆီသို့ လျှောက်သွားသည်။ မောရစ်ဆန်ကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး

'ကင်ဆာရင် စိမ်ချက်ကို ကျွန်တော် မလုပ်နိုင်တဲ့အကြောင်း အရေး အကြီးဆုံး အချက်ကို ပြောမယ်၊ အဲဒါကတော့ ကျွန်တော် မယုံလို့ပဲ'

'ခင်ဗျား ဘာကို ပြောတာလဲ'

မောရစ်ဆန်၏ စိတ်ရှည်မှုလည်း ကုန်ဆုံးချေပြီ။

'ဘာကို ပြောတယ်ဆိုတာကတော့ ကင်ဆာရင်လို ဆဲလ်အဆိပ်သင့် ဆေးမျိုးဟာ ကင်ဆာရောဂါကို လုံးဝပျောက်စေတဲ့နည်း မဟုတ်ဘူး၊ သူ့အဆို ကတော့ ကင်ဆာရင်ဟာ ကင်ဆာဆဲလ်တွေကို ပုံမှန်ဆဲလ်တွေထက် ပိုပြီး မြန်မြန် သေစေတယ်လို့ ပြောတာပဲ၊ ဒီသဘောက ရောဂါပျောက်လို့ ဆေးရပ် တဲ့ အချိန်မှာ လူနာမှာ အသက်ရှင်နေဖို့အတွက် ပုံမှန်ဆဲလ်တွေ လုံလုံလောက် လောက် ကျန်ရစ်ခဲ့မယ်လို့ ဆိုတယ်၊ ဒီနည်းဟာ ကြားဖြတ်နည်း တစ်ခုပဲ၊ ကင်ဆာကို တကယ်ကုသနိုင်ဖို့ အတွက်ကတော့ ဇီဝဆဲလ် ဖြစ်စဉ်ကို သေသေ ချာချာ သဘောပေါက် နားလည်ဖို့ လိုတယ်၊ အထူးသဖြင့်ကတော့ ဆဲလ်တစ်ခု နဲ့တစ်ခု ဓာတု ဆက်သွယ်မှုတို့ကို နားလည်ဖို့လိုတယ်'

ချား ရုံးခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်သည်။ ခေါင်းမှ ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွသည်။ မောရစ်ဆန်ကမူ သူနှင့်ဆန့်ကျင် ဘက် ဖြစ်သည်။ ကုလားထိုင်ပေါ်တွင် မလှုပ်မယှက် ရှိနေသည်။ သူ၏ မျက်လုံးများကသာလျှင် ချား၏ လှုပ်ရှားမှုကို လိုက်လံကြည့်ရှုနေသည်။

'ကျုပ်ပြောမယ်'

ချား ဟစ်အော်သည်။

'ကင်ဆာကို တိုက်တဲ့နေရာမှာ အားလုံးဟာ ရှုထောင့်မှားနေတယ်၊ ကင်ဆာကို ကူးစက်ရောဂါ တစ်ခုလို့ မသတ်မှတ်သင့်ဘူး၊ ကူးစက်ရောဂါလို့ ယူဆလိုက်တာနဲ့ တစ်ပြိုင်နက် ပင်နီဇီဝ မဟာသြသဓ ဆေးစွမ်းကောင်းကြီးတွေ ရှိလိမ့်မယ်လို့ အမြင်မှား လာကြတော့တာပဲ'

mgyoe.com

ချား လမ်းလျှောက် ရပ်လိုက်ပြီး စားပွဲပေါ်တွင် လက်ထောက်ကာ မောရစ်ဆန်ထံသို့ ကိုယ်ကို ကိုင်းငိုက်လိုက်သည်။ သူ့အသံ အတော်ပင် တည်ငြိမ်လာသည်။

'ဒါနဲ့ ပတ်သက်လို့ ကျွန်တော် အတော်ကြီးကို စဉ်းစားပြီးပြီ ဒေါက်တာ မောရစ်ဆန်၊ ကင်ဆာဟာ အစဉ်အလာ ရောဂါတစ်ခု မဟုတ်ဘူး၊ ဒီရောဂါဟာ အင်မတန် ရှေးကျတဲ့ ဇီဝပုံစံကို ဖော်ပြတယ်၊ ဆဲလ်များ ဇီဝရုပ်တွေ ဖြစ်ပေါ်စ ကာလကို ညွှန်ပြတယ်၊ စဉ်းစားကြည့်ပါ။ တစ်ချိန်တုန်းက အသချေ၊ အသင်္ချာ အနန္တ ကာလတုန်းက ဒီကမ္ဘာကြီးမှာ ဧကဆဲလ်တွေပဲ ရှိခဲ့ကြတယ်၊ သူတို့ဟာ တစ်ခုနဲ့တစ်ခု အဆက်အသွယ် မပြုခဲ့ကြဘူး၊ ဒါပေမဲ့ နောက်နှစ်သန်းပေါင်း အတော်ကြာတဲ့ အခါမှာတော့ ဧကဆဲလ် တချို့ဟာ တစ်ခုနဲ့တစ်ခု ဆက်သွယ် ပေါင်းစပ်မိလာကြတယ်၊ သူတို့ဟာ ဓာတုနည်းအရ ဖွဲ့စည်းပေါင်းစပ်လာကြ တဲ့ အခါမှာ ကျွန်တော်တို့လို ဆဲလ်များ ဇီဝရုပ်တွေ ဖြစ်လာကြတယ်၊ အသည်း ဆဲလ်ဟာ ဘာဖြစ်လို့ အသည်းဆဲလ်ရဲ့ တာဝန်ကိုပဲ ထမ်းဆောင်ရသလဲ၊ နှလုံးဆဲလ်ဟာ ဘာဖြစ်လို့ နှလုံးဆဲလ်ပဲ ဖြစ်နေဆဲလဲ၊ ဦးနှောက်ဆဲလ် ဘာဖြစ် လို့ ဦးနှောက်ဆဲလ်ပဲ ဖြစ်နေဆဲလဲ၊ အဖြေကတော့ ဓာတုဆက်သွယ်မှု သဘောပဲ၊ ဒါပေမဲ့ ကင်ဆာဆဲလ်တွေဟာ ဒီဓာတုဆက်သွယ်မှု သဘော တရားထဲမှာ မပါဘူး၊ သူတို့က သီးခြားလွတ်ထွက်နေကြတယ်၊ ရှေးခေတ် အဆင့်ကို ပြန်ပြီး ရောက်နေကြတယ်၊ လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာက ဧကဆဲလ်တွေ တည်ရှိခဲ့ကြတဲ့ သဘောမျိုးပဲ၊ ဒါကြောင့်မို့လို့ ကင်ဆာဟာ ရောဂါတစ်ခုမဟုတ်ဘူး၊ အခြေခံ ဇီဝဖွဲ့စည်းပုံရဲ့ သဲလွန်စတစ်ခုပဲ၊ ရောဂါ ပြီးဗေဒ ဆိုတာ ဒီဆက်သွယ်မှု သဘောတရားကို လေ့လာတာပဲ'

ချား၏ စကားရှည်ကြီး ပြီးဆုံးသွားသည်။ အတန်ကြာမျှ ငြိမ်သက် တိတ်ဆိတ်နေသည်။ မောရစ်ဆန်သည် လည်ချောင်းရှင်းလိုက်သည်။ ပြီးမှ-

'အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒါပေမဲ့ ကျုပ်တို့က ပရမတ္ထ သဘောနဲ့ ဆွေးနွေးနေကြတာ မဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျားသိအောင် ကျုပ် ထပ်ပြောမယ်၊ ကင်ဆာနဲ့ ပတ်သက်ပြီး ရောဂါပြီးဗေဒကို လေ့လာနေတာ ဆယ်စုနှစ်တစ်ခု ကျော်လာပြီ၊ ကင်ဆာရောဂါ ခံစားနေရတဲ့ သူတွေအတွက် ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်မပေးနိုင်သေးဘူး'

mgyoe.com

mgyoe.com


'အဲဒါ လိုရင်းပဲ၊ ရောဂါပြီးဗေဒက ကင်ဆာကို ပျောက်အောင်ကုမှာ ခဏပန်းသက်သာရုံ လုပ်ပေးမှာ မဟုတ်ဘူး'

ချားက ပြောသည်။

'ကျေးဇူးပြုလို့ နားထောင်ပါ၊ ခင်ဗျား ပြောတာတွေကို ကျုပ်နားထောင်ပြီးပြီ၊ အခု ကျုပ်ပြောတာကို တစ်လှည့် နားထောင်ပါဦး၊ လောလောဆယ်ကာလမှာ ရောဂါပြီးဗေဒအတွက် ငွေနည်းနည်းပါးပါးပဲ ရနိုင်မယ်၊ ဒါအချက်အလက်ပဲ ကင်ဆာရင် စီမံချက်အတွက် ငွေတွေအများကြီး ရနေတယ်၊ နိုင်ငံတော် ကင်ဆာဌာနကလည်း ရတယ်၊ အမေရိကန် ကင်ဆာအဖွဲ့ကလည်း ရတယ်၊ ကျုပ်တို့ ဌာနက အဲဒီငွေတွေကို လိုအပ်နေတယ်'

မောရစ်ဆန် တိုးညင်းစွာ ပြောသည်။ ချား ကြားဖြတ်ပြီး ပြောရန်ကြိုးစားသည်။ သို့သော် မောရစ်ဆန်က သူ့ကို တားပြီးပြောသည်။ ချားကုလားထိုင်ပေါ်တွင် ပစ်ကျသွားသည်။ သည်ဌာန၏ ဗျူရိုကရေစီ ယန္တရားကြီးသည် သူ့ကို ရေသရဲတစ်ကောင်လို ရစ်ပတ်ချုပ်နှောင်လျက် ရှိသည်။

မောရစ်ဆန်သည် မျက်မှန်ကို ဟန်ပါပါဖြုတ်ပြီး စားပွဲပေါ်တွင် ချထားလိုက်ကာ–

'ဒီမယ် ချား၊ ခင်ဗျားဟာ ထိပ်တန်းသိပ္ပံပညာရှင် တစ်ယောက်ပဲ၊ ဒါကို ကျုပ်တို့အားလုံး သိတယ်၊ သိလို့လည်း ခင်ဗျား ဒီလိုအချိန်မျိုးမှာ ခင်ဗျားရဲ့ လုပ်အားကို လိုချင်ကြတယ်၊ တစ်ချိန်တည်းမှာပဲ ခင်ဗျားဟာ အင်မတန် ခေါင်းမာတဲ့ လူတစ်ယောက်ပဲ၊ အဲဒီအတွက် အများကြီး သည်းခံကြရတယ်၊ ခင်ဗျားမှာ ရန်သူတွေ ရှိနေတယ်၊ ခင်ဗျားကို မနာလိုလို့လည်း ဖြစ်မယ်၊ ခင်ဗျားက ခေါင်းမာလွန်းလို့လည်း ဖြစ်မယ်၊ ခင်ဗျားကို ကျုပ်တစ်လျှောက်လုံး အကာအကွယ်ပေးခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျား လွင့်ထွက်သွားမှာကို လိုလားနေတဲ့ လူတွေ အများကြီး ရှိနေတယ်၊ ကျုပ် ဒါတွေကို ပြောနေတာဟာ ခင်ဗျားအကျိုးအတွက်ပဲ၊ မနေ့ညက အစည်းအဝေး မှာလည်း ကင်ဆာရင်စီမံချက်ကို ခင်ဗျား လုပ်မှာမဟုတ်ဘူးလို့ ကျုပ် ပြောခဲ့ပါတယ်၊ အဲဒီတော့ အစည်းအဝေးက ဆုံးဖြတ်တယ်၊ ဒီအလုပ်ကို ခင်ဗျား လက်မခံဘူးဆိုယင် ဒီဌာနမှာ ခင်ဗျားရဲ့ လုပ်ငန်းတာဝန်တွေ ဆုံးခန်းတိုင်ပြီပဲ၊ ခင်ဗျားနေရာမှာ လူစားတစ်ယောက် ရှာဖို့ပဲ'

mgyoe.com

"ဆုံးခန်းတိုင်ပြီ..."

ထိုစကားလုံးများ ချား၏ ရင်ထဲတွင် ပဲ့တင်ထပ်နေတော့သည်။ လွှင့်ပါးနေသော သူ့စိတ်များကို ထိန်းချုပ်ရသည်။

'ကျွန်တော်တစ်ခု ပြောရမလား'

ချား မေးလိုက်သည်။

'ပြောပါ၊ ကင်ဆာရင် စီမံချက်ကို လက်ခံမယ်လို့ ပြောစမ်းပါ၊ အဲဒါ ခင်ဗျားဆီက ကျုပ်ကြားချင်တဲ့ စကားပဲ'

'ကျွန်တော့်မှာ အလုပ်တွေ သိပ်များနေပါတယ်၊ အောင်မြင်မှုလည်း အများကြီး ရနေပါတယ်၊ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး လျှို့ဝှက်ထားခဲ့ပါတယ်၊ ဒါပေမဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ကင်ဆာရောဂါရဲ့ အရင်းအမြစ်ကို သိနားလည်ဖို့နဲ့ ကင်ဆာရောဂါကို ကုသနိုင်ရေးအတွက် အများကြီး နီးစပ်နေပါပြီ'

ချားက မောရစ်ဆန်၏ တောင်းဆိုချက်ကို မသိကျိုးကျွန်ပြုကာ သူ၏ လိုအပ်ချက်ကို ပြောလိုက်သည်။

ချား၏မျက်နှာကို မောရစ်ဆန် ကြည့်သည်။ ချား၏ အတိတ်ကာလကို သူသိသည်။ သူ့ဇနီး သေဆုံးရခြင်းကို သိသည်။ ဆေးဝါး ကုသနေရာမှ သုတေသနဘက်သို့ ရုတ်တရက် ကူးပြောင်းလာသည်ကို သိသည်။ ချားသည် ထက်မြက်သော အလုပ်သမားတစ်ယောက် ဖြစ်သည်။ သို့သော် အထီးကျန်တစ်ဦး ဖြစ်သည်။ ချား၏ 'နီးစပ်'နေပြီဆိုခြင်းသည် အနည်းဆုံး ဆယ်နှစ်လောက် ကြာနိုင်သည်။

'ကင်ဆာရောဂါ ကုသရေး၊ အင်မတန်ကောင်းတဲ့ အချက်ပဲ၊ ကျုပ်တို့အားလုံး ဂုဏ်ယူစရာပဲ၊ ဒါပေမဲ့ ဒီလုပ်ငန်းကို ကင်ဆာရင် စီမံချက်ပြီးတဲ့အထိတော့ စောင့်ရမယ်၊ ကင်ဆာရင်ဆေး ထုတ်လုပ်မှုကို တာဝန်ယူထားတဲ့ 'လက်စလီဆေးဝါးကုမ္ပဏီ'ဟာ ဆေးကို အမြန်ဆုံး ထုတ်လုပ်ချင်နေပြီ၊ အဲဒီတော့ ဒေါက်တာမာတဲ ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်မှာ လုပ်စရာ ကလေးတွေ ရှိနေသေးတယ်၊ ကျုပ်တို့ကိစ္စ ပြီးပါပြီ၊ ကင်ဆာရင် ဓာတ်ခွဲခန်း မှတ်တမ်းစာအုပ်တွေ အဆင်သင့် ရှိနေပါတယ်၊ အဲဒီတော့ လုပ်ငန်းကိုစပါ၊ အောင်မြင်ပါစေ၊ အောင်မြင်ပါစေ၊ အခက်အခဲ ရှိရင် ကျုပ်ကို ပြောပါ'

mgyoe.com

mgyoe.com

မောရစ်ဆန်၏ ရုံးခန်းအတွင်းမှ ချား စိတ်နောက်ကျူစွာဖြင့် ထွက်ခဲ့သည်။ သူ၏လုပ်ငန်း အောင်မြင်ခါနီး အချိန်တွင်မှ ဖျက်ဆီးခြင်းခံရသည်။ မောရစ်ဆန်၏ အတွင်းရေးမှူးက ချားကို စူးစမ်းသည့်နေဖြင့် ကြည့်နေသည်။ ချား ပြေးသွားသည်။ တံခါးမကြီးကို ဆောင့်ဖွင့်သည်။ ထို့နောက် လှေကားမှ ဖြည်းညင်းစွာ ဆင်းသွားသည်။ သူ့စိတ်များ ရှုပ်ထွေးလျက်ရှိသည်။ သူ့ဘဝတွင် တစ်ခါမျှ သည်လို ခြိမ်းခြောက်ခြင်းမျိုး မခံခဲ့ရစဖူး။ သူ့အနေနဲ့ အလုပ်သစ်တစ်ခု ရနိုင်ပါသည်။ သို့သော် ခေတ္တမျှ အခြေမကျ ဖြစ်နေမည့် အရေးမှာလည်း မသေးလှ။ သူ့မှာ ငွေရေးကြေးရေး ပြဿနာတွေ ရှိနေသည်။ သူ၏ ဆေးဝါးကုသမှုလုပ်ငန်းကို စွန့်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ တင့်တင့်တယ်တယ်နေထိုင်နိုင်သည့် ဘဝကိုလည်း စွန့်လွှတ်ခဲ့ရသည်။ သုတေသနလုပ်ငန်းမှ ရသည့်လခမှာ စားလောက်ရုံမျှပင်။ အထူးသဖြင့် ချတ်ကို ကောလိပ်ပို့ထားရသည့်အတွက် တာဝန်ကြီးလှသည်။

ပထမထပ်သို့ ရောက်ရှိသောအခါ ချားသည် သူ၏ဓာတ်ခွဲခန်းဆီသို့ လျှောက်သွားသည်။ သူ့အဖို့ စဉ်းစားရန် အချိန် လိုအပ်သည်။

❒

mgyoe.com

mgyoe.com

# (၃)

သူတို့အလှည့် ရောက်ပြီ။ ထောင့်ကိုးရာငါးဆယ်ခုနှစ်က ရုပ်ရှင်မင်းသမီး ဒေါ်ရစ်ဒေး ပုံစံနှင့်ဖြစ်သော သူနာပြု ဆရာမတစ်ယောက်က မီရှဲ၏ အမည်ကိုခေါ်ပြီး တံခါးဖွင့်ပေးသည်။ စမ်းသပ်ခန်း အတွင်းသို့ ဝင်ရောက်သွားကြသော အခါတွင် မီရှဲက မိထွေးဖြစ်သူ၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူတို့ နှစ်ယောက်အနက် မည်သူကပိုပြီး စိတ်လှုပ်ရှားနေမည်ကို ကက်သရင်း မပြောနိုင်ပါ။

လူနာမှတ်တမ်း တစ်ခုကို ကြည့်နေရာမှ ဒေါက်တာဝီလီ မော့ကြည့်သည်။ ထက်ဝက်ခြမ်း မျက်မှန်ကလေးပေါ်မှ ကျော်ကြည့်သည်။ ဒေါက်တာဂျော်ဒန်ဝီလီကို ကက်သရင်း တစ်ခါမျှ မတွေ့ဖူးပါ။ သို့သော် ကလေးတွေအားလုံးကပင် သူ့ကို သိကြသည်။ သူမ ရှစ်နှစ်သမီးအရွယ်တွင် ရေကျောက်ပေါက်တုန်းက တစ်ခေါက် ရောက်ဖူးသည်။ မီရှဲက ပြောသည်။ လွန်ခဲ့သည့် လေးနှစ်က ဖြစ်သည်။ ကက်သရင်းသည် ဒေါက်တာဝီလီ၏ ဥပဓိရုပ် ကောင်းမွန်မှုကို ချက်ချင်းပင် တွေ့မြင်မိသည်။ သူသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်း ဖြစ်သည်။ ဆရာဝန်များ၏ ထုံးစံအတိုင်း မိဘဆန်သော အသွင်အမူ ရှိသည်။ အရုပ်အမောင်း ကောင်းသည်။ နှုတ်ခမ်းမွေး ဖြူရေးရေး ရှိသည်။ လည်စည်း နီနီကလေး စည်းထားသည်။ သူ့အသွင်တွင် အားအင်ရှိသည်။ သူ့လက်ချောင်းများ ကြီးမားသည်။ သို့သော် ပျော့ပျောင်းသည်။

mgyoe.com

mgyoe.com


'ကဲကဲ....မစွမာတဲ ပါလား၊ သမီးက အပျိုကြီး ဖြစ်နေပြီပဲ၊ လှလည်း လှတယ်၊ နည်းနည်းကလေးတော့ ဖျော့နေတယ်၊ ဒါပေမဲ့ လှတာပဲ၊ ကဲ သမီးရဲ့ အမေအသစ်ကလေးနဲ့ မိတ်ဆက်ပေးပါဦး'

ဒေါက်တာဝီလီက ပဋိသန္ဓာရ စကားပြုလိုက်သည်။

'ကျွန်မ အမေအသစ်ကလေး မဟုတ်ဘူး...သူ ကျွန်မအမေ ဖြစ်နေတာ–နှစ်နှစ်ကျော်သွားပြီ'

မီရှဲက ဆက်ခနဲ နှုတ်လှန်သည်။

ဒေါက်တာဝီလီနှင့် ကက်သရင်းတို့ ရယ်မောလိုက်ကြသည်။ အတန်ငယ် တုံ့ဆိုင်းနေပြီးမှ မီရှဲလည်း ရောနှော ရယ်မောသည်။

'ထိုင်ကြပါ'

ဒေါက်တာဝီလီက စားပွဲရှေ့ရှိ ကုလားထိုင်များကို ညွှန်ပြယင်းပြောသည်။ သူသည် ကျွမ်းကျင်သော ဆရာဝန်ကြီး တစ်ဦး ဖြစ်သည်နှင့်အညီ မီရှဲကို သူ၏ရုံးခန်းတွင်းသို့ ဝင်ရောက်လာကတည်းကပင် စတင်စစ်ဆေးခြင်း ပြုလုပ်သည်။ မီရှဲသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည့်အပြင် ကိုယ်နေကိုယ်ဟန်ကလေး ပျော့ခွေလျက်ရှိသည်။ သူမ၏ မျက်လုံးများကလည်း လျော့မှိန်နေသည်။ စောစောက သူကြည့်ရှုလျက်ရှိသော သူမ၏ လူနာမှတ်တမ်းစာရွက်ကို သူ့ရှေ့တွင် ပြန်ပြီး ဖြန့်လိုက်သည်။ ဘောပင်တစ်ချောင်းကို ဆွဲယူလိုက်ပြီး–

'ကဲ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ'

ကက်သရင်းက မီရှဲ နေမကောင်းသည့် အကြောင်း ပြောပြသည်။ မီရှဲက ဟိုနေရာ ဒီနေရာတွင် ဖြည့်စွက်သည်။ မီရှဲ၏ ရောဂါသည် ရိုးရိုးဖျားရာကစသည်ဟု ကက်သရင်းက တင်ပြသည်။ နောက်ပိုင်းတွင် အလိုလိုနေရင်း မအီမသာကြီး ဖြစ်နေသည်ဟု ဆိုသည်။ ပထမတော့ သူမသည် တုပ်ကွေးဖြစ်တာပဲဟု ယူဆသည်။ သို့သော် ရောဂါက တော်တော်နှင့် မသက်သာပါ။ အခု နေကောင်းလိုက် အခုနေမကောင်းလိုက် ဖြစ်နေသည်။ ယင်းသို့ဖြင့် မီရှဲကို ဆေးရုံသို့ လာရောက် ပြသရသည်ဟု ကက်သရင်း နိဂုံးချုပ်လိုက်သည်။

'ဟုတ်ပြီ၊ မီရှဲကို ကျုပ်စမ်းကြည့်မယ်၊ မစွက်မာတဲ အပြင်က ခဏစောင့်နေပါလား'

ဒေါက်တာဝီလီ ထိုင်ရာမှထသွားပြီး တံခါးကို ဖွင့်ပေးရင်း ကက်သရင်းကို ပြောသည်။

mgyoe.com

.mgyoe.com


ကက်သရင်း ခေတ္တမျှ တွေဝေပြီးနောက် ထိုင်ရာမှ ထလိုက်သည်။ သူမက မီရှဲနှင့်အတူ နေရလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

ဒေါက်တာဝီလီက သူမ၏ အတွင်းစိတ်ကို စိတ်ဖြင့် သိမြင်ဟန်ဖြင့် ပြုံးလဲ့ကာ–

'မီရှဲအတွက် ဘာမှ စိတ်မပူပါနဲ့၊ ကျုပ်တို့နှစ်ယောက်က မိတ်ဟောင်း ဆွေဟောင်းတွေပါ'

မီရှဲ၏ ပခုံးကို လက်တစ်ဖက်ဖြင့် ဖျစ်ညှစ် လိုက်ပြီးနောက် တံခါး ပေါက်ဆီသို့ ကက်သရင်း လျှောက်သွားသည်။ တံခါးဝတွင် သူမရပ်လိုက်ပြီး

'ဆရာ…ဘယ်လောက်ကြာမလဲ၊ လူနာတစ်ယောက်ကို ကျွန်မ သွား ကြည့်လို့ ရမလား'

'ရပါတယ်၊ နာရီဝက်လောက်တော့ ကြာလိမ့်မယ်'

ဒေါက်တာဝီလီ အဖြေပေးသည်။

'နာရီဝက် မကြာခင် ပြန်လာခဲ့မယ်နော် မီရှဲ'

ကက်သရင်းက မီရှဲကို ပြောသည်။ မီရှဲ လက်ပြနှုတ်ဆက်သည်။ တံခါးပိတ်သွားသည်။ ဓာတ်လှေကား အတွင်းသို့ ဝင်မိသောအခါ သူမ၏ ဆေးရုံကြောက်လန့်စိတ် ပြန်လည်ဝင်ရောက်လာသည်။ ဘီးတပ်လှည်းပေါ်မှ သနားဖွယ်ရာ ကလေးမကလေး တစ်ယောက်ကို ငေးကြည့်နေမိသည်။ ကလေး ဆေးရုံ ဆိုသည်မှာ စိတ်ထိခိုက်ဖွယ်ရာ အရပ်တစ်ခုဟု ကက်သရင်း ယူဆမိ သည်။ ကက်သရင်းသည် တံခါးပေါက်အထက်ရှိ အထပ်ပြ အချက်မီးများကို အာရုံစိုက်ပြီး ကြည့်နေမိသည်။ သို့သော် သူမ၏မျက်လုံးများသည် နေမကောင်း သော ကလေးငယ် ဆီသို့သာ ပြန်လည်ရောက်ရှိ သွားကြသည်။ ပဉ္စမထပ်သို့ ရောက်ရှိပြီး တံခါးပွင့် သွားသောအခါ ကက်သရင်း အပြင်သို့ ထွက်သည်။ သူမ၏ ခြေထောက်များ ပျော့ချည့်နေပြီး သူမ၏ လက်ဖဝါးများ ချွေးစို့နေ သည်။

မာရှယ်အထိမ်းအမှတ် သီးသန့်ဆောင်ဆီသို့ ကက်သရင်း လျှောက်သွား သည်။ သို့သော် ပဉ္စမထပ်တွင် မာရှယ် သီးသန့်ဆောင်အပြင် အထွေထွေ အထူးဆောင်နှင့် ခွဲစိတ်ဆောင်များ ရှိသည်။ ကက်သရင်းသည် စိတ်လှုပ်ရှား ချောက်ချားလျက် ရှိသဖြင့် မြင်သမျှ ကြားသမျှ အရာအားလုံးသည် ထိတ်လန့်

mgyoe.com

mgyoe.com


ဖွယ်ရာများ ဖြစ်နေသည်။ အသက်ရှူစက်မှ နှလုံးခုန်သံများနှင့် ကလေးငိုသံများ ရောထွေးနေသည်။ မည်သည့်နေရာပဲ ကြည့်ကြည့် ဖန်ချောင်းများ၊ ပုလင်းများ နှင့် ညှိုးညှိုးညည်နေသော စက်များကို မြင်ရသည်။ သည်နေရာသည် သီးခြား ကမ္ဘာကလေး တစ်ခုဖြစ်သည်။ သည်အရပ်မှ လူများသည် သူတို့ ပတ်ဝန်းကျင် နှင့် ကင်းလွတ်နေကြသူများ ဖြစ်ကြသည်။

ပြတင်းပေါက်များဖြင့် ကာရံထားသော စင်္ကြံလမ်းကျဉ်းကလေး တစ်ခု တွင် ကက်သရင်း ခေတ္တမျှရပ်နားပြီး အမောဖြေသည်။ ထိုအခါတွင်မှ သူမ သည် အဆောက်အအုံတစ်ခုမှ အခြား အဆောက်အအုံတစ်ခုသို့ ကူးသော စင်္ကြံတံတားပေါ်တွင် ရောက်ရှိနေကြောင်း ကက်သရင်း သတိပြုမိသည်။ စင်္ကြံတံတားကလေးသည် အေးဆေးငြိမ်းချမ်းသည်။ တံတားပေါ်တွင် သူမ တစ်ယောက်တည်း ရှိနေသည်။ တွန်းလှည်းပေါ်တွင် နမူနာ ဖန်ချောင်းများ၊ ကရားများ၊ ပုလင်းများ လှုပ်ခတ်နေကြသည်။ တွန်းလှည်းသမားက ကက်သ ရင်းကို ပြုံးပြသွားသည်။ သူမက တုံ့ပြန်ပြီး ပြုံးလိုက်သည်။ ကက်သရင်း သည် တည်ငြိမ်မှု ရလာသည်။ ဆက်ပြီး လျှောက်သွားသည်။

မာရှယ် အထိမ်းအမှတ် သီးသန့်ဆောင်သည် ငြိမ်းအေးမှုရှိသည်။ ကက်သရင်းအဖို့ စိတ်မောစရာ ဖြစ်ရသည်။ တံခါးပေါက်များ အားလုံးပိတ် ထားသည်။ လူနာများကို မတွေ့မြင်ရပါ။ ဆရာမများ နေသည့် နေရာသို့ ကက်သရင်း လျှောက်သွားသည်။ ဆရာမများ၏ နေရာသည် ဆေးရုံကြီး တစ်ခုမှ အချက်အချာဒေသ တစ်ခုနှင့် မတူဘဲ ခေတ်မီ လေယာဉ်ကွင်းကြီး တစ်ခုမှ လက်မှတ်ရောင်းသော ဌာနတစ်ခုနှင့် တူသည်။ လေးထောင့်ကောင် တာကြီး ဖြစ်သည်။ ရုပ်မြင်သံကြား စက်များရှိသည်။ စာရေးတစ်ယောက်က မော့ကြည့်ပြီး ဘာကူညီရမလဲဟု မေးသည်။

'ရွှန်ဟော်ဆာ ကောင်ကလေးကို လာရှာတာပါ'

ကက်သရင်းက ပြောလိုက်သည်။

'ငါးရာနှစ်ဆယ့်တစ်'

စာရေးက လက်ညှိုးညွှန်ပြရင်း ပြောသည်။

ကက်သရင်းသည် စာရေးကို ကျေးဇူးတင်စကား ပြောပြီး နောက်ပိတ် ထားသော တံခါးတစ်ခုဆီသို့ လျှောက်သွားသည်။ တံခါးခေါက်သည်။

mgyoe.com

mgyoe.com


'ဝင်သွားပါ၊ ဝတ်ရုံဝတ်ဖို့ မမေ့ပါနဲ့'

စာရေးက လှမ်းပြောသည်။

ကက်သရင်းသည် တံခါးကို ဖွင့်သည်။ ပွင့်သွားသည်။ အခန်းငယ်ကလေးတစ်ခု အတွင်းသို့ ကက်သရင်း ရောက်ရှိသွားသည်။ အဝတ်စင်များတွေ့ရသည်။ ဆေးဗီရို တစ်လုံးရှိသည်။ မျက်နှာသစ် ကြွေအင်တုံ တစ်လုံးရှိသည်။ အဝတ်ခြင်းကြီး တစ်ခုလည်းရှိသည်။ အဝတ်ခြင်းကြီး၏ တစ်ဖက်တွင် မှန်ပြတင်းပေါက် ပါရှိသော တံခါးတစ်ခုရှိသည်။ ကက်သရင်း ဘာမျှမလုပ်ရမီမှာပင် အတွင်းတံခါး ပွင့်သွားပြီး မျက်နှာဖုံး တပ်ထားသော လူတစ်ယောက် ထွက်လာသည်။ ထိုသူသည် စက္ကူမျက်နှာဖုံးနှင့် ခေါင်းစွပ်တို့ကို လျင်မြန်စွာ ချွတ်ပြီး အမှိုက်ပုံးထဲသို့ ပစ်လိုက်သည်။ ထိုသူမှာ ဆံပင်နီနှင့် သူနာပြုဆရာမကလေး တစ်ယောက်ဖြစ်သည်။

'တက်ကို သွားကြည့်မလို့လား'

ဆရာမကလေးက လက်အိတ်များကို အမှိုက်ပုံးထဲသို့ ပစ်ပြီး ဝတ်ရုံကြီးကို အဝတ်ခြင်းထဲသို့ ပစ်ရင်း မေးလိုက်သည်။

'ဟုတ်ကဲ့၊ အထဲမှာ မစ္စက်ရှန်ဟော်ဆာကော ရှိသလား၊'

'ရှိတယ်၊ သူနေ့တိုင်းလာတယ်၊ အဘွားကြီးခမျာ သနားစရာပဲ၊ အစ်မ ဝတ်စုံဝတ်ဖို့ မမေ့ပါနဲ့၊ ကြိုတင်ကာကွယ်မှုတွေ အထူး လုပ်ထားရတယ်'

'ကျွန်မ..'

ကက်သရင်း စကားစစဉ်မှာပင် အဆောတလျင် နိုင်သော ဆရာမကလေးသည် အခန်းထဲမှ ထွက်သွားပြီ ဖြစ်သည်။

ကက်သရင်း စင်တွေပေါ်တွင် ရှာသည်။ မျက်နှာဖုံးနှင့် ခေါင်းစွပ်များကို တွေ့ရသည်။ သူ့ကိုယ်တွင် တပ်ဆင်လိုက်သည်။ စိတ်ထဲတွင် ရယ်ချင်နေသည်။ ဝတ်ရုံကြီးကိုမူ ကုတ်အင်္ကျီပမာ ဝတ်ဆင်လိုက်သည်။ ရာဘာလက်အိတ်များကို စွပ်ရသည်မှာ မလွယ်ပါ။ လက်ဝဲဘက် လက်အိတ်ကို လမ်းလျှောက်ယင်း စွပ်သွားရာ တံခါးဆီသို့ ရောက်သည်အထိ မပြီးပါ၊ သူမလက်ချောင်းအချို့ လွတ်နေသော လက်ဖြင့် အတွင်းတံခါးကို ဖွင့်လိုက်၏။

ကက်သရင်း ပထမဆုံး မြင်တွေ့ရသောအရာမှာ ခုတင်ကို ဝိုင်းပတ်ထားသော ပလတ်စတစ် လှောင်အိမ်ကြီးပင် ဖြစ်သည်။ ပလတ်စတစ်သား

mgyoe.com

mgyoe.com


ပိတ်ကာထားသော်လည်း ရွှန်ပော်ဆာ၏ ကိုယ်ခန္ဓာရေးရေးကို တွေ့မြင်ရသည်။ မီးရောင်တွင် ကောင်ကလေးသည် ဖြူရော်နေသည်။ အသားအရေများ အနည်းငယ် စိမ်းနေသည်။ အောက်ဆီဂျင် သွင်းသောစက် မြည်သံကိုကြားရသည်။ မာဂီရွှန်ပော်ဆာသည် ခုတင်၏ လက်ဝဲဘက် ပြတင်းပေါက်အနီးတွင် ထိုင်ပြီး စာဖတ်နေသည်။

'မာဂီ'

ကက်သရင်းလေသံဖြင့် ခေါ်လိုက်သည်။

ဝတ်ရုံဝတ်ပြီး မျက်နှာဖုံးစွပ်ထားသော အမျိုးသမီး မော့ကြည့်ပြီး–

'ဟုတ်ကဲ့'

'ကက်သရင်းပါ'

'ရှင်'

'ကက်သရင်းမာတဲပါ'

'အို'

မာဂီစာအုပ်ကို ချပြီး ထလိုက်သည်။ ကက်သရင်း၏ လက်ကိုဆွဲပြီး အပြင်ခန်းသို့ ပြန်ခေါ်သွားသည်။ တံခါးပြန်ပိတ် မသွားမီတွင် ကက်သရင်းက နောက်ဘက်သို့ ပြန်ကြည့်လိုက်သည်။ ကောင်ကလေး မလှုပ်ပါ။ သို့သော် သူ့မျက်လုံးများ ပွင့်နေသည်။

'ကက်သရင်း လာတာ ဝမ်းသာလိုက်တာ တကယ်ပါပဲ'

မာဂီက ပြောသည်။

'ကလေး ဘယ်နှယ့်နေသလဲ'

ကက်သရင်း မေးလိုက်သည်။ ထူးဆန်းသော အခန်းတစ်ခု ဖြစ်သည်။ ဝတ်ရုံကြီးတွေ ဝတ်ထားရသည်။ ချောက်ချားဖွယ်ရာ ဖြစ်သည်။

'အခြေအနေ မကောင်းဘူး'

မာဂီက မျက်နှာဖုံးကို ဖြုတ်ယင်း ပြောသည်။ သူမ၏ မျက်လုံးများ နီးရဲမို့မောက်နေသည်။

'လီဆာရဲ့ ခြင်ဆီကို ပြောင်းပြီး သွင်းပေးရတာ နှစ်ခါရှိပြီ။ ဒါပေမဲ့ မသက်သာဘူး၊ အကြောင်းမထူးဘူး'

'ကျွန်မ မနက်က ဖုန်းဆက်တယ်၊ နန်စီနဲ့တွေ့တယ်၊ သူဒီလို ဖြစ်မှန်း ကျွန်မ မသိဘူး'

mgyoe.com

mgyoe.com


မာဂီ၏ ရင်တွင်း၌ ခံစားနေရသည်ကို ကက်သရင်း သိမြင်သည်။ ပေါက်ကွဲတော့မည့် မီးတောင်ကြီး တစ်ခုပမာ ဖြစ်သည်။

'ကိုယ်လည်း ခြင်ဆီသွေးအားနည်း ရောဂါဆိုတာ တစ်ခါမှ မကြားဖူးခဲ့ဘူး'

မာဂီ ယင်းသို့ပြောပြီး ရယ်မောရန် ကြိုးစားသည်။ သို့သော် မျက်ရည်များသာ စီးကျလာသည်။ ထိုအခါ ကက်သရင်းလည်း ငိုမိတော့သည်။ အမျိုးသမီးနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ဖက်ပြီး အတန်ကြာအောင် ငိုနေမိကြသည်။ နောက်ဆုံးတွင် မာဂီသည် သက်ပြင်းကြီးတစ်ခု ချလိုက်ပြီး ကက်သရင်း၏ ကိုယ်မှ ခွာလိုက်သည်။ ကက်သရင်း၏ မျက်နှာကို ကြည့်သည်။

'ညီမ လာတာကို အစ်မ အများကြီး ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ လူမမာ အခြေအနေ သိပ်ဆိုးတဲ့ အချိန်မှာ ဘယ်သူမှ မေးဖော်စမ်းဖော် မရဘူးဆိုရင် အများကြီး အခံရဆိုးတာပဲကွယ်'

'ကျွန်မကလည်း ဒါလောက် ဖြစ်လိမ့်မယ်လို့ မထင်ဘူး'

'ညီမကို အပြစ်ပြောနေတာ မဟုတ်ပါဘူး၊ လူတွေရဲ့ သဘောကို ပြောတာပါ၊ လူတွေက ဘာပြောရမှန်း မသိကြလို့ ရင်လည်းဖြစ်မယ်၊ တစ်ခုခုကို ကြောက်ကြတာလည်း ဖြစ်မယ်၊ ဒါပေမဲ့ ကိုယ့်မှာ ဒုက္ခရောက်တဲ့ အချိန်မှာတော့ လူတွေရဲ့ အားပေးကူညီမှုဟာ အများကြီး လိုအပ်တာပဲ'

'ကျွန်မ တကယ် စိတ်မကောင်းပါဘူး'

ကက်သရင်း ဘာပြောရမှန်း မသိသဖြင့် သည်စကားပဲ ပြောလိုက်သည်။ အမှန်ကတော့ သူမ စောစောကတည်းက လာဖို့ကောင်းသည်။ မာဂီက သူမထက်ကြီးသည်။ ချားနှင့် အသက်တူလောက် ဖြစ်သည်။ ရှက်တီဗာရီသို့ ကက်သရင်း ရောက်စက မာဂီက အများကြီး ကူညီခဲ့သည်။ သည်အရပ်က အမျိုးသမီးတွေက များသောအားဖြင့် အနေစိမ်းကြသည်။

'ဒီစကားတွေ ညီမကို ပြောဖို့ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ ကိုယ့်စိတ်တွေ ကယောက်ကယက် ဖြစ်နေလို့ပါ၊ ကနေ့မနက်ပဲ ဆရာဝန်တွေက ပြောတယ်၊ သားကလေးဟာ မရတော့ဘူးတဲ့၊ သူတို့က ကိုယ့်စိတ်ကို ထိန်းနိုင်အောင် ကြိုပြီးပြောသွားတာပဲ၊ သားကလေး ဒုက္ခခံစားနေရတာကိုပဲ ကိုယ် မကြည့်ရက်ဘူး၊ သူသေသွားမှာကို ကိုယ်မလိုလားဘူး'

mgyoe.com

mgyoe.com


ကက်သရင်း တုန်လှုပ်သွားသည်။ မရတော့ဘူးတဲ့၊ သေတော့မယ်တဲ့၊ သည်စကားလုံးများသည် အသက်ကြီးသူများ အတွက်သာ ဖြစ်သည်။ ငယ်ရွယ်သော လူငယ်ကလေး တစ်ယောက်အတွက် မဟုတ်ပါ။ သည် သူငယ်ကလေးသည် ကလေးငယ်လေး ဘဝကပင် မိမိတို့အိမ်တွင် ပြေးလွှားဆော့ကစားပြီး နေခဲ့သေးသည်။ အခန်းထဲမှ ပြေးထွက် မသွားမိစေရန် စိတ်ကို မနည်းပင် ထိန်းချုပ်ထားရသည်။ မာဂီကို ဖက်ထားရသည်။

'ကျွန်မ သွားဦးမယ်၊ မီရှဲဆီကို သွားလိုက်ဦးမယ်၊ ကျွန်မ လာခဲ့ဦးမယ်၊ ကျွန်မ ညကျရင် ဖုန်းဆက်မယ်'

နောက်ဆုံးတွင် ကက်သရင်းက ပြောသည်။ မာဂီခေါင်းညိတ်သည်။ ကက်သရင်းကို နမ်းပြီး သားရှိရာ အခန်းထဲသို့ ပြန်ဝင်သွားသည်။ ကက်သရင်း အပြင်ဘက်သို့ ထွက်ခဲ့သည်။ တံခါးဝတွင် သူမ ရပ်လိုက်သည်။ အသက်ရှူ မြန်နေသည်။ နောက်ဆုံးတွင် သူမသည် ဆေးရုံဆိုသည်ကို ကြောက်လန့်ရ ပြန်ချေပြီတည်း။

*

'ကျွန်မတို့မှာ ရွေးစရာနည်းလမ်း ဘာမှ မရှိတော့ဘူးနဲ့ တူတယ်'

အယ်လင်က သူမ၏ ကော်ဖီခွက်ကို ကောင်တာပေါ်တွင် ချလိုက်ယင်း ပြောသည်။ သူမသည် မာတ်ခွဲခန်း ခွေးခြေမြင့်ပေါ်တွင် ထိုင်နေရာမှ စာရေးစားပွဲ ကုလားထိုင်ပေါ်တွင် ထိုင်နေသော ချားကို ငုံ့ကြည့်ရင်း ဆက်ပြောသည်။

'ဒီလို အချိန်မျိုးမှာ ကျွန်မတို့လုပ်ငန်း တန့်သွားရတာတော့ အင်မတန်နာတာပဲ၊ ဒါပေမဲ့ ဘာများကော တတ်နိုင်ကြမှာလဲ၊ တစ်ခုပဲရှိတယ်၊ ကျွန်မတို့ရဲ့ တိုးတက်မှု အခြေအနေတွေကို မောရစ်ဆန်ကို အစီရင်ခံနေရင် ကောင်းမယ်'

'မကောင်းဘူး'

ချားက စားပွဲပေါ်တွင် တံတောင်များ ထောက်ထားရင်း ပြောလိုက်သည်။ သူ့မျက်နှာက သူ့လက်များ အကြားတွင် ဖြစ်သည်။ သူ၏ ကော်ဖီပန်းကန်မှာ သည်အတိုင်းပဲ မထိမကိုင် ရှိနေသည်။

'ကျုပ်တို့ရဲ့ တိုးတက်မှု အခြေအနေတွေကို သူ့ကို ပြောရင် သူဟာ

mgyoe.com

mgyoe.com


ဘာလုပ်မလဲ၊ ကိုယ်တို့ကို စာတမ်းတွေ ခဏ ခဏ တင်ခိုင်းမယ်၊ အဲဒီတော့ ကိုယ်တို့ရဲ့လုပ်ငန်း ဘာမှဖြစ်တော့မှာ မဟုတ်ဘူး'

'ဒါပေမဲ့ ကျွန်မတို့မှာ ရှောင်နိုင်လွှဲနိုင်တဲ့ နည်းလမ်း သည်တစ်လမ်းပဲ ရှိတာပဲ'

သူမက ယင်းသို့ပြောဆိုရင်း သူမ၏ လက်တစ်ဖက်ကို သူ၏ လက်မောင်းပေါ်တွင် တင်လိုက်သည်။ ချား၏ အခက်အခဲကို အသိဆုံး လူတစ်ယောက်မှာ သူမပင် ဖြစ်သည်။ ချားသည် သူ့လုပ်ငန်းမှာ အနှောင့်အယှက်ပေးလာသည်ကို နည်းနည်းမှ မကြိုက်ပါ။ အထူးသဖြင့် အုပ်ချုပ်ရေးပိုင်းမှ ပေးလာသည်ကို မကြိုက်ပါ။

'ဟုတ်တယ်၊ အစ်ကိုကြီး ပြောတာမှန်တယ်၊ ကျွန်မတို့ လုပ်နေတာတွေကို သူတို့ သိသွားရင် သူတို့ဟာ ဒီကိုနေ့တိုင်း ချောင်းပေါက်အောင် လာနေကြမှာပဲ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျွန်မတို့ အလုပ် နည်းနည်းကလေး အရှိန် လျှော့သွားရုံပါပဲ'

ချား မော့ပြီး အယ်လင်၏ မျက်လုံးများကို ကြည့်လိုက်သည်။ သူမ၏ မျက်လုံးများက နက်မှောင်လှသည်။ သူ၏ လက်မောင်းတွင် တင်ထားသော သူမ၏လက်ကို သတိပြုမိနေသည်။ သူတို့၏ ဇာတ်လမ်းကလေး ကန့်လန့်ကာချပြီး သွားသည့်နောက်ပိုင်းတွင် သူမက သူ့ကို အသားချင်း မထိတွေ့အောင် ရှောင်ရှားသည်။ သို့သော် ယနေ့နံနက်တွင်မူ သူမက သူ့ကို စာနာမှုမရှိဘူးဟုလည်း စွပ်စွဲခဲ့သည်။ သူ၏ လက်မောင်းကိုလည်း ထိကိုင်ခြင်းပြုသည်။ နားလည်ရန် ခက်တော့သည်။

'ဒီကင်ဆာရင် လုပ်ငန်းကြီးက အချိန်အတော် ကုန်မယ်၊ အနည်းဆုံး ခြောက်လကနေ တစ်နှစ်လောက်အထိ အချိန်ကုန်မယ်၊ ဒါတောင် အားလုံး ချောချောမွေ့မွေ့ ဖြစ်ပါမှ…'

'ကင်ဆာရင်နဲ့ ကျွန်မတို့လုပ်ငန်းကို တစ်ပြိုင်တည်းလုပ်လို့ မဖြစ်ဘူးလား၊ ကျွန်မတို့ အချိန်ပိုလုပ်ကြမယ်၊ ညဘက်မှာ လုပ်ကြမယ်၊ အစ်ကိုကြီး အတွက်ဆိုရင် ကျွန်မလုပ်ပါ့မယ်'

အယ်လင်က ပြောလိုက်သည်။

ချား မတ်တတ်ထသည်။ ညဘက်တွင် အလုပ် လုပ်ကြမည်။ အမျိုးသမီး

mgyoe.com

mgyoe.com


ကို သူကြည့်လိုက်သည်။ သည် အမျိုးသမီးနှင့် အိပ်ခဲ့ရသည်များကို သူရေးရေးမျှသာ မှတ်မိသည်။ သူမ၏ အသားများက အယ်လီဇဘက်နှင့် ကက်သရင်း တို့လိုပင် ဖြူလွှင်သည်။ သူက သည်အမျိုးသမီးကို သွေးသားအရ တောင့်တမှု ရှိသော်လည်း သင့်တင့် ဟပ်စပ်မှုကား မရှိခဲ့ပါ။ သူတို့နှစ်ယောက်သည် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ လုပ်ငန်းတူများ ဖြစ်ကြသည်။ သို့သော် ချစ်သူများကား မဟုတ်ကြပါ။ သူတို့၏ ဇာတ်လမ်းက ခိုးလိုးခုလုကလေးပင် ဖြစ်သည်။ သူတို့၏ ချစ်ကျွမ်းဝင်မှုက မရေမရာပင် ဖြစ်သည်။ မြီးကောင်ပေါက်ကလေးများ သဖွယ်ဖြစ်သည်။ ကက်သရင်းသည် အယ်လင်လောက်မလှပါ။ သို့သော် ကက်သရင်းသည် ကျေနပ် နှစ်သိမ့်ဖွယ်ရာဖြစ်သည်။

'ကိုယ်အကြံရပြီ၊ မော်ရစ်ဆန်ရဲ့ အထက်က ညွှန်မှူးဆီကို သွားမယ်၊ အခြေအနေတွေ အားလုံး ရှင်းပြမယ်၊ ကိုယ်တို့ အလုပ်က ပိုပြီး အရေးကြီးတယ်ဆိုတာ ပြောမယ်'

ချား ပြောလိုက်သည်။

'ကျွန်မကတော့ မထင်ဘူး၊ ဒီဆုံးဖြတ်ချက်ဟာ ဒါရိုက်တာ အဖွဲ့ကလာတဲ့ အဆုံးအဖြတ်လို့ အစ်ကိုကြီးကို မော်ရစ်ဆန်က ပြောတယ်မဟုတ်လား၊ ဒေါက်တာအိုင်ဗင်နက်က ဒီဆုံးဖြတ်ချက်ကို ဘယ်နည်းနဲ့မှ ပြောင်းပြန်လှန်မှာ မဟုတ်ဘူး၊ အစ်ကိုကြီး ပြဿနာရှာတာပဲ ဖြစ်လိမ့်မယ်'

'ကိုယ်ကတော့ စွန့်စားကြည့်ရမယ်လို့ ထင်တယ်၊ ဓာတ်ခွဲခန်းမှတ်တမ်း စာအုပ်တွေ စုပေးစမ်းပါ၊ ကိုယ်တို့ ဘာတွေ လုပ်ထားတယ်ဆိုတာ သူ့ကို ပြမယ်'

အယ်လင် ခွေးခြေပေါ်မှ ဆင်းပြီး တံခါးပေါက် ဆီသို့ လျှောက်သွားသည်။

'အယ်လင်'

ချားအော်လိုက်သည်။ သူမ၏ အပြုအမူအတွက် အံ့သြနေသည်။ အမျိုးသမီး မတန့်မရပ်ပါ။

'ဆရာလုပ်ချင်တာ ဆရာလုပ်ပါ၊ ဆရာအမြဲတမ်း လုပ်နေကျပဲ'

သူမ၏ နောက်ဘက်တွင် တံခါးပိတ်သွားသည်။

mgyoe.com

mgyoe.com


ချားသည် ပထမတွင် သူမ၏နောက်သို့ လိုက်သွားမည်ရှိသည်။ သို့သော် ချက်ချင်းလိုပင် ထိုစိတ်ဆန္ဒ ပျောက်သွားသည်။ သူမ၏ ထောက်ခံမှုကို သူမျှော်လင့်ခဲ့သည်။

သို့သော် သူ့တွင် သူမ၏ အမူအရာနှင့် လုပ်ဆောင်မှုများကို စဉ်းစားတွေးတောနေရသည်ထက် အရေးကြီးသော လုပ်ငန်းများ လုပ်စရာရှိသည်။ သူသည် ဒေါသတကြီးဖြင့်ပင် သူမကို သူ၏စိတ်ကူးထဲမှ မောင်းထုတ်လိုက်သည်။ ပြီး ဓာတ်ခွဲခန်း မှတ်တမ်းစာအုပ်များကို စူးစိုက်ကာ စုဆောင်းသည်။ ညွှန်ကြားရေးမှူးကို မည်သို့ မည်ပုံ ရှင်းပြမည်ဟု ခေါင်းထဲတွင် စဉ်းစားလိုက်ပြီးနောက် ချားသည် လေ့ကားမှ တစ်ကြိမ်တက်သွားလျက် ရှိပြန်တော့သည်။

အုပ်ချုပ်ရေးဌာနရှိ အတွင်းရေးမှူးများသည် ခန်းမကြီးတစ်လျှောက် သူလျှောက်သွားနေသည်ကို ငေးစိုက်ပြီး ကြည့်နေကြသည်။ တစ်စုံတစ်ခုကို ကြိုတင် သတိပေးနေကြသည့် အလားဖြစ်သည်။ သို့သော် သူသည် ကြက်လှောင်အိမ်ထဲသို့ ဝင်သွားရသော ဝံပုလွေကြီး တစ်ကောင်ပမာ ဖြစ်နေသည်။ ယင်းသို့ဖြင့် သူသည် ဒေါက်တာကာလိုအိုင်ဗင်နက်၏ အတွင်းရေးမှူး မစ္စဗာရိုနိကာအီဗင်၏ အနီးသို့ ရောက်ရှိသွားသည်။ သူမသည် ညွှန်ကြားရေးမှူး၏ အတွင်းရေးမှူး ဖြစ်သည်နှင့်အညီ အခြားသော အတွင်းရေးမှူးများနှင့် နေရာပိုင်းခြားထားသည်။ သူမ၏ နေရာကို ကာရံထားသည်။ သူမသည် ဤဌာနသို့ ရောက်ရှိသည်မှာ ဒေါက်တာအိုင်ဗင်နက် ထက်ပင် အလျှင်ကျသေးသည်။ သူမသည် ခန္ဓာအချိုးအစား ကျနတောင့်တင်းသော အမျိုးသမီးကြီး တစ်ဦးဖြစ်သည်။

'ညွှန်ကြားရေးမှူးနဲ့ တွေ့ချင်လို့ပါ'

ချားက ပြောလိုက်သည်။

'သူနဲ့ ချိန်းထားသလား'

'ကျွန်တော် ရောက်နေတယ်လို့ ပြောပါ'

'မဖြစ်နိုင်....'

'ကျွန်တော် ရောက်နေတဲ့အကြောင်း ခင်ဗျား သူ့ကို မပြောရင် ကျွန်တော် တစ်ခါတည်းပဲ တန်းဝင်သွားရလိမ့်မယ်'

မစ္စအီဗင်သည် မနှစ်မြို့ဟန်ကိုပြပြီး ထိုင်ရာမှ မထချင် ထချင်ထကာ

mgyoe.com

mgyoe.com


အတွင်းခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ အခန်းထဲမှ သူမ ပြန်ထွက်လာသည်။ အခန်းတံခါးကို သူမ ဖွင့်ထားပြီး ချားကို အတွင်းသို့ဝင်ရန် အရိပ်အခြည်ပြသည်။

အိုင်ဗင်နက်၏ အခန်းမှာ ဧရာမ အခန်းကြီး ဖြစ်သည်။ ထောင့်ခန်း တစ်ခန်း ဖြစ်သည်။ တောင်ဘက်နှင့် အရှေ့ဘက်တို့ကို မျက်နှာစာ ပြုထားသည်။ ဘော်စတန် တက္ကသိုလ် ကျောင်းဝင်းကြီးအပြင် ချားမြစ်၏ တစ်ဖက်ကမ်းရှိ မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။ အိုင်ဗင်နက်သည် ဧရာမ ရှေးဟောင်းစပိန် စားပွဲကြီးတွင် ထိုင်လျက်ရှိသည်။ ဘော်စတန်မြို့ မြင်ကွင်းက သူ၏ နောက်ကျောဘက်တွင် ဖြစ်သည်။ စားပွဲ၏ ရှေ့တွင် ထိုင်နေသူကား ဒေါက်တာသောမတ်ဘရိုက်တန် ဖြစ်သည်။

ဒေါက်တာ အိုင်ဗင်နက်သည် တစ်စုံတစ်ခုကို ပြောဆို ရယ်မောနေရာမှ သူသောက်နေသော သေးသွယ်ရှည်လျားသည့် ဆေးပြင်းလိပ်ဖြင့် ချားကို ကုလားထိုင် တစ်လုံးတွင် ထိုင်ရန် ညွှန်ပြလိုက်သည်။ ဆေးလိပ်မီးခိုးဝိုင်းဝိုင်း ကလေးသည် ညွှန်ကြားရေးမှူး၏ ခေါင်းထက်တွင် အပူပိုင်းဒေသ ကျွန်းတစ်ကျွန်းပေါ်မှ တိမ်တိုက်များသဖွယ် ရှိနေကြသည်။ သူသည် အသက်ခြောက်ဆယ်ကျော်အရွယ် သေးသေးသွယ်သွယ် လူတစ်ယောက် ဖြစ်သည်။

ချား ထိုင်သည်။ ဒေါက်တာဘရိုက်တန် ရှိနေသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်နေသည်။ တကယ်တွင် သည်လူ၏ လုပ်ရပ်များအတွက်လည်း ဒေါသ ဖြစ်နေသည်။ အခြား တစ်ဖက်တွင်လည်း သူ့အတွက် စိတ်မကောင်း ဖြစ်နေမိသည်။

ဒေါက်တာ ဘရိုက်တန်သည် ချားကို မနှစ်မြို့ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် ဒေါက်တာ အိုင်ဗင်နက် ဘက်သို့ လှည့်သွားသည်။ ချားအမြင်တွင် ဒေါက်တာဘရိုက်တန်သည် ငယ်ရွယ်လွန်းလှသည်။ သုံးဆယ့်တစ်နှစ်ပဲ ရှိသေးသည်။ သူ၏ ပုံပန်းသဏ္ဌာန်က သည့်ထက်ပင် ငယ်ရွယ်ဟန်ရှိသည်။ လူချော လူလှကလေး တစ်ယောက်ပင် ဖြစ်သည်။

'ဩော် ချား၊ ကျုပ်အခုပဲ သောမတ်ကို နှုတ်ဆက်နေတယ်၊ ကင်ဆာရင်နဲ့ ပတ်သက်ပြီး သူ အလောတကြီး လုပ်လိုက်တာ တကယ်တော့ ရှက်စရာ ဖြစ်သွားတာပဲ၊ သူ့ရဲ့ မိုက်မှားမှုပဲပေါ့'

mgyoe.com

mgyoe.com


အိုင်ဗင်နက်က အနည်းငယ် ကသိကအောက်ဖြစ်ဟန်ဖြင့် ပြောလိုက်သည်။

'မိုက်မှားမှု၊ ဟုတ်လား၊ ရာဇဝတ်မှု ဆိုရင် ပိုပြီး မမှန်ဘူးလား'

ချား ပေါက်ကွဲသည်။

သောမတ်ဘရိုက်တန် မျက်နှာရဲသွားသည်။

'မဟုတ်ဘူး ချား၊ သူရဲ့ လုပ်ငန်းမှားပေမဲ့ သူ့ရဲ့ ရည်ရွယ်ချက်က အများကြီးကောင်းတယ်၊ ကျုပ်တို့ဌာနကို သူဒုက္ခပေးဖို့ မရည်ရွယ်ဘူးဆိုတာ ကျုပ်တို့အားလုံး သိတယ်၊ တကယ် ရာဇဝတ်မှု ကျူးလွန်တဲ့လူက ဒီသတင်းကို သတင်းစာတိုက်ကို ပေးလိုက်တဲ့ လူပဲ၊ ကျုပ်တို့ဟာ အဲဒီလူကို မတွေ့ တွေ့အောင် ဖော်ထုတ်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးဖို့ စိတ်ကူးရှိတယ်'

'ဒေါက်တာဘရိုက်တန်ကိုတော့ ဘာမှ အရေးမယူဘူးလား'

ကာယကံရှင် အခန်းထဲတွင် မရှိသည့်အလား ချားက မေးလိုက်သည်။

'အရေးမယူဘူး မဟုတ်ပါဘူး၊ ဒါပေမဲ့ သတင်းစာက ရေးလို့ သူ အရှက်ရရတာ သူ့အတွက် လုံလောက်နေပါပြီ၊ သူ့ရဲ့ ပညာအရည်အချင်းနဲ့ ထိုက်တန်တဲ့ အလုပ်တစ်ခုခုကို သူတော်တော်နဲ့ရဖို့ မလွယ်တော့ပါဘူး၊ ကျုပ်တို့ ဌာနကလည်း သူ့ကို ဘယ်နည်းနဲ့မှ ဆက်ပြီး ခန့်မထားနိုင်တော့ပါဘူး၊အခု သူ့ကို ပြောနေတာကတော့ ဖလောရီဒါမှာ သူ့အတွက် ကျုပ်တို့ အလုပ်တစ်ခု ရှာပေးမယ်လို့ ဆိုတာပဲ'

အိုင်ဗင်နက်က ပြောသည်။

ခေတ္တမျှ ကြောင်တောင်တောင် ရှိနေကြသည်။

'ကဲ...ကဲ၊ ဒီတော့ ဒါပဲ'

ဒေါက်တာ အိုင်ဗင်နက် ယင်းသို့ပြောလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ စားပွဲကို ကွေ့လျှောက်ပြီး လာသည်။ သူ့အနီးသို့ ဒေါက်တာအိုင်ဗင်နက် ရောက်ရှိလာသောအခါ ဘရိုက်တန်လည်း မတ်တတ်ရပ်လိုက်သည်။ ဒေါက်တာအိုင်ဗင်နက်သည် ဘရိုက်တန်၏ ပခုံးပေါ်တွင် လက်တင်လျက် တံခါးဆီသို့ လျှောက်သွားသည်။

'ဆရာကြီးပေးတဲ့ အကူအညီအတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်'

mgyoe.com

mgyoe.com


ဘရိုက်တန်က ပြောသည်။

'ကျုပ်တို့ဌာနက ခင်ဗျား အခုလို မြန်မြန်ဆန်ဆန်ကြီး ထွက်သွားရတဲ့ ကိစ္စကိုတော့ ခင်ဗျား နားလည်ပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်၊ သတင်းစာတွေကတော့ အခုလို အခွင့်အရေးမျိုး တစ်ခုခု ရတယ်ဆိုယင် ရသမျှ နှာတော့တာပဲ၊ သူတို့ စက်ကွင်းကနေ ခဏရှောင်နေလိုက်တာ အကောင်းဆုံးပါပဲ'

ဘရိုက်တန် ထွက်သွားသောအခါ အိုင်ဗင်နက်သည် တံခါးကို ပိတ်လိုက်ပြီး စားပွဲဆီသို့ ပြန်လျှောက်လာသည်။ ကုလားထိုင်တွင် ထိုင်သည်။ ရုတ်တရက်ဆိုသလို သူ၏ အမူအရာသည် ဒေါသဖြစ်လာဟန် ရှိသည်။

'အမှန်အတိုင်း ပြောရယင် ကျုပ် သတ်ပစ်ချင်တဲ့ လူနှစ်ယောက်ရှိတယ်၊ ကျုပ်တို့ဌာနက သတင်းကို ပေါက်ကြားတဲ့ လူရယ်၊ နောက်ပြီးတော့ ဒီသတင်းကိုရေးတဲ့ သတင်းထောက်ရယ်ပဲပေါ့၊ သတင်းစာတွေကတော့ အခြေအနေတွေ ပရမ်းပတာဖြစ်အောင် လုပ်ပစ်တတ်တဲ့ အကျင့်ရှိတယ်၊ အခုဟာ နမူနာပဲ၊ နယူးယောက်တိုင်း မျက်နှာဖုံး၊ တောက်...'

'ကျွန်တော့်အမြင် ပြောရရင်တော့ ဆရာကြီးဟာ မဆိုင်တဲ့လူတွေကို သွားပြီး အပြစ်တင်နေတာပဲ၊ အခုကိစ္စက အဆင်မသင့်လို့ ဖြစ်ရတာမျိုး မဟုတ်ဘူး၊ ကိုယ်ကျင့်တရား ပြဿနာပဲ'

ချားက ပြောလိုက်သည်။

ဒေါက်တာ အိုင်ဗင်နက်သည် အပြန့်ကျယ်သော စားပွဲကြီးကို ဖြတ်ပြီး ချားကို ကြည့်လိုက်သည်။

'ဒီကိစ္စဟာ ဒေါက်တာ ဘရိုက်တန် မလုပ်အပ်တဲ့ ကိစ္စပဲ၊ ဒါပေမဲ့ ကိုယ်ကျင့်တရား ပြဿနာနှင့် ပတ်သက်ပြီး ပြောရရင်တော့ ကျုပ်တို့အဖို့ ကျုပ်တို့ဌာနကြီးနဲ့ ကျုပ်တို့ရဲ့ ကင်ဆာရင်ဆေးကို ထိခိုက်တာလောက် အရေးမကြီးပါဘူး၊ ပြဿနာ အသေးကလေးကနေ ပြဿနာအကြီးကြီး ဖြစ်လာနိုင်တာပဲ ဆိုးတယ်'

'လုပ်ငန်းဆိုင်ရာ သိက္ခာသမာဓိဟာ ပြဿနာ အသေးကလေး မဟုတ်ပါဘူး'

'ဒေါက်တာမာတဲ ခင်ဗျားက ကျုပ်ကို ပညာပေးနေဖို့ မဟုတ်ပါဘူး၊

mgyoe.com

mgyoe.com


ဒီမယ် ကျုပ်ပြောမယ်၊ ဒေါက်တာဘရိုက်တန်ဟာ ဒီကိစ္စကို မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာ မဟုတ်ဘူး၊ ကင်ဆာရင်ကို သူယုံကြည်တယ်၊ ဒီဆေးကို လူထုလက်ထဲ မြန်မြန်ရောက်စေချင်တယ်၊ သူ့ရဲ့ အမှားကတော့ လူငယ်တစ်ယောက်ရဲ့ ရှေ့လောကြီးမှုပဲ၊ ကျုပ်တို့ အားလုံးလည်း တစ်ချိန်တုန်းက ဒါမျိုးကို တစ်မျိုးမဟုတ် တစ်မျိုး မှားခဲ့ကြတာပဲ၊ ကံဆိုးတာကတော့ အခုကိစ္စမှာ သူ့ရဲ့ လောကြီးမှုဟာ မထိန်းနိုင် မသိမ်းနိုင်တဲ့ အခြေအနေကို ရောက်သွားတယ်၊ အဲဒီအတွက် ကျုပ်တို့မှာ အင်မတန် တော်တဲ့ လူတစ်ယောက်၊ ရန်ပုံငွေ အရှာကောင်းတဲ့ လူတစ်ယောက် ဆုံးရှုံးသွားရတယ်'

ချားသည် ကုလားထိုင်စွန်းသို့ ရွှေ့ထိုင်လိုက်သည်။ သူနှင့် ဒေါက်တာ အိုင်ဗင်နက်တို့သည် ဤပြဿနာကို ကြည့်မြင်ရာတွင် ရှုထောင့်ချင်း မတူညီဘဲ ဖြစ်နေကြသည်။ ချားသည် ယင်းပြဿနာနှင့် ပတ်သက်ပြီး အမှားအမှန်ကို ဝေဖန်ပြောကြားတော့မည်ရှိစဉ် အခန်းတွင်းသို့ မစ္စအီဗင် ဝင်ရောက်လာသည်။

'ဒေါက်တာ အိုင်ဗင်နက်'

မစ္စအီဗင် အခန်းဝမှ လှမ်းပြောသည်။

'မစ္စတာဘဲလမင်း ရောက်ရင် ပြောပါလို့ ဆရာမှာထားတယ်၊ အခု သူရောက်နေပြီ'

'အထဲကို လွှတ်လိုက်ပါ'

ဒေါက်တာအိုင်ဗင်နက် ထရပ်ရင်း အော်လိုက်သည်။

သူတို့ဌာန၏ လူထုဆက်ဆံရေးမှူး ဂျူးဘဲလမင်းသည် အခန်းတွင်းသို့ ခွေးကလေးတစ်ကောင် အမြီးကုပ်ပြီး ဝင်လာသည့်ပမာ ဝင်ရောက်လာသည်။

'ကိုင်း၊ သတင်းစာအကြောင်း ကနေ့မနက် ဖတ်ရမှပဲ ကျွန်တော်သိပါတယ်၊ သတင်းစာထဲမှာ ဘယ်လိုလုပ်ပြီး ပါသွားသလဲဆိုတာ ကျွန်တော် မသိပါဘူး၊ ကျွန်တော့်ဌာနက လူတွေပို့တဲ့သတင်းတော့ မဟုတ်ပါဘူး၊ ဆိုးတာကတော့ ဒီအကြောင်းကို လူအတော်များများ သိနေကြပါတယ်'

'ဒီအကြောင်းဟာ ကျုပ်တို့ဌာနရဲ့ အတွင်းစကား တစ်ခု ဖြစ်နေတယ်လို့ ကျွန်တော်ရဲ့ လက်ထောက်က ပြောတယ်၊ ဒီအကြောင်းကို မသိတာ ကျွန်တော် တစ်ယောက်ပဲ ရှိမယ်ထင်တယ်'

ချားသည် ဘဲလမင်းကို ကယ်တင်သည့်အနေဖြင့် ဝင်ပြောလိုက်သည်။

mgyoe.com

mgyoe.com


ဒေါက်တာအိုင်ဗင်နက်သည် အတန်ကြာမျှ မျက်မှောင်ကုပ်နေပြီး နောက်

'သတင်း ဘယ်က ပေါက်ကြားတယ်ဆိုတာ ကျုပ်သိချင်တယ်'

သူက လူထုဆက်ဆံရေးမှူးကို ထိုင်ရန် မပြောပါ။

'ဟုတ်ကဲ့ သတင်းပေါက်ကြားတဲ့လူ ဘယ်သူဆိုတာတော့ ကျွန်တော် သိနေပါပြီ'

'အို ဟုတ်လား'

ဒေါက်တာ အိုင်ဗင်နက်၏ မျက်လုံးများ မြင့်တက်သွားသည်။

'ဆရာကြီးဆီကို ဘရိုက်တန် အကြောင်း ပထမဆုံး သတင်းပို့တဲ့ တိရစ္ဆာန် ဌာနမှူးပါပဲ၊ သူ့ကို ဆုငွေမပေးတဲ့ အတွက် မကျေမနပ် ဖြစ်နေတယ် လို့ ကျွန်တော် ကြားရပါတယ်'

'ဗိုး လူတွေအားလုံးပဲ သူတို့အလုပ်ကို သူတို့ လုပ်တဲ့အတွက် ဂုဏ်ထူး ဘွဲ့ထူးတွေ လိုချင်ကြတယ်၊ အဲဒီ ကိစ္စကို သေချာအောင် စုံစမ်းပါ၊ သေချာမှ ကောင်းတယ်၊ ကျုပ်တို့ အခု သတင်းစာအကြောင်း ပြောရအောင်၊ ခင်ဗျား ဘယ်လို လုပ်ရမယ်ဆိုတာ ကျုပ်ပြောမယ်၊ သတင်းစာ ကွန်ဖရင့်ခေါ်ပါ၊ ကင်ဆာရင် စီမံချက်မှာ အခြေအနေအရ အမှားအယွင်းတွေ ရှိတယ်ဆိုတာ ဝန်ခံပါ၊ ဒါပေမဲ့ ကလိမ်ကျမှု ရှိတယ်ဆိုတာတော့ လုံးဝဝန်မခံပါနဲ့၊ အုပ်ချုပ် ရေးဌာနက ထုံးစံအတိုင်း လုပ်ငန်းတွေကို စစ်ဆေးတဲ့အခါမှာ အမှားအယွင်း တွေကို တွေ့ရှိရတယ်လို့ ပြောပါ၊ ဒေါက်တာဘရိုက်တန်ကို ခွင့်ရက်ရှည်ပေး တယ်လို့ ပြောပါ၊ သူ့မှာ ဒီဆေးကို မြန်မြန်ပြီးစီးဖို့အတွက် တာဝန်တွေ ပိနေခဲ့ရတယ်လို့ ပြောပါ၊ အရေးကြီးဆုံးကတော့ ကင်ဆာရင်ဟာ ကင်ဆာ ရောဂါ ကုသရေးအတွက် အကောင်းဆုံး ဆေးစွမ်းကောင်း တစ်လက်ဆိုတာ ပေါ်လွင်အောင် ပြောပါ။ နောက်ပြီးတော့ ခုဖြစ်ရတဲ့ အမှားဟာ ဘရိုက်တန် ရဲ့ အမှားသာဖြစ်ပြီး ဝိုင်ဘာဂါ သိပ္ပံဌာနကြီး အနေနဲ့ ကင်ဆာရင်အပေါ်မှာ အပြည့်အဝ ယုံကြည်မှု ရှိတဲ့အကြောင်း ပြောပါ၊ အဲဒီယုံကြည်တဲ့အတွက်လည်း ဒီစီမံချက်ကို ဆက်လက်လုပ်ဆောင်ဖို့အတွက် အင်မတန် ထင်ရှားကျော်ကြား တဲ့ သိပ္ပံပညာရှင်ကြီး ဒေါက်တာချားမာတဲကို တာဝန်ပေးအပ်တဲ့အကြောင်း ကြေညာပါ'

mgyoe.com

mgyoe.com


'ဒေါက်တာအိုင်ဗင်နက်  ကျွန်တော်…'

ချား စကားစလိုက်သည်။ သို့သော် အိုင်ဗင်နက်က ကြားဖြတ်သည်။

'ခဏကလေး ချား၊ ဂျူးနဲ့ကိစ္စပြီးအောင် လုပ်လိုက်ဦးမယ်၊ ကျုပ်ပြောတာတွေ သဘောပေါက်တယ် မဟုတ်လား ဂျူး'

'ဒေါက်တာအိုင်ဗင်နက်  ကျွန်တော် ပြောစရာ တစ်ခုရှိတယ်'

ချား ဖြတ်ဝင်သည်။

'ခဏကလေးပါ ချား၊ ဒီမယ်ဂျူး ဒေါက်တာချားမာတဲဟာ သမားတော်ကြီးဇီဝက အသက်ပြန်ရှင်လာတဲ့ သဘောမျိုးဖြစ်အောင် ခင်ဗျားလုပ်ရမယ်၊ နားလည်လား'

'ဟုတ်ကဲ့ခင်ဗျာ စိတ်ချပါ'

ဘဲလမင်း တက်ကြွစွာ ပြောသည်။ ထို့နောက် ချားဘက်သို့ လှည့်လျက်

'ဒေါက်တာမာတဲခင်ဗျာ၊ ဆရာရဲ့ နောက်ဆုံး စာတမ်းတွေအကြောင်း ကျွန်တော့်ကို ပြောပြစမ်းပါ'

'သွားစမ်းပါ'

ချား ဟစ်အော်လွှတ်သည်။ သူ၏ ဓာတ်ခွဲခန်းစာအုပ်များကို ဒေါက်တာအိုင်ဗင်နက်၏ စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

'ဘာမှ အဓိပ္ပာယ် မရှိတာတွေ ပြောနေကြတယ်၊ ဒီအတောအတွင်းမှာ ကျုပ် ဘာစာတမ်းမှ မထုတ်ဘူးဆိုတာ ခင်ဗျားတို့အားလုံး အသိပါ၊ အဲဒီအတွက် ကျုပ် အချိန်မပေးနိုင်လို့ပဲ၊ ဒါပေမဲ့ စာတမ်းထုတ်ထုတ် မထုတ်ထုတ် ကျုပ်ရဲ့ လုပ်ငန်းကတော့ အများကြီး တိုးတက်နေတယ်၊ ဒီစာအုပ်တွေထဲမှာ အားလုံးရှိတယ်၊ ခင်ဗျားတို့ကို ကျုပ်ပြမယ်'

ချားသည် မှတ်တမ်းစာအုပ် တစ်အုပ်ကို ဖွင့်လှန်မည်ပြုသည်။ သို့သော် ဒေါက်တာအိုင်ဗင်နက်က ဖမ်းတားထားလိုက်သည်။

'ချား စိတ်ငြိမ်ငြိမ် ထားစမ်းပါ၊ ခင်ဗျားကို ကျုပ်တို့ ခုံရုံးတင်ပြီး စစ်နေတာ မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရရင်တော့ ခင်ဗျားအနေနဲ့ စာတမ်းတွေ မထုတ်ခဲ့တာလည်း ကောင်းပါတယ်၊ ခုအချိန်မှာ ရောဂါပြီးဗေဒကင်ဆာသုတေသနလုပ်ငန်းကို လူတွေ စိတ်မဝင်စားကြတော့ဘူး၊ ရန်ပုံငွေရှာလို့လည်း မရတော့ဘူး၊ ခင်ဗျားအနေနဲ့ ဒီလုပ်ငန်းကိုပဲ ဖိလုပ်နေတယ်လို့

mgyoe.com

mgyoe.com


ဂျူးက ပြောရင် သတင်းစာဆရာတွေက ခင်ဗျားဟာ ကင်ဆာရင်လုပ်ငန်းအတွက် အရည်အချင်း မပြည့်ဝဘူးလို့ ပြောကြလိမ့်မယ်'

အိုင်ဗင်နက်ကို ချား စူးစိုက်ပြီး ကြည့်နေသည်။ သူ့အသက်ရှူ ပြင်းနေသည်။

'ကျွန်တော် တစ်ခုပြောပါရစေ၊ ကျွန်တော်တို့ရဲ့ ဆေးလောကကြီး တစ်ခုလုံးဟာ ကင်ဆာကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်း မှားနေကြတယ်၊ ဓာတုကုထုံးနည်းဖြစ်တဲ့ ကင်ဆာရင်လို ဆေးတွေဟာ ရောဂါကို သက်သာရုံပဲရှိတယ်၊ ရောဂါကို တကယ်ပျောက်စေဖို့ဆိုရင် ဆဲလ်တွေရဲ့ ဓာတုဆက်သွယ်မှုသဘောကို နားလည်ရမယ်၊ အဲဒီသဘောကို လေ့လာရင် ရောဂါပြီးစနစ်ကို တွေ့ရမယ်၊ ကင်ဆာရဲ့ အဖြေကတော့ ရောဂါပြီး ပညာပဲ'

ချား၏အသံသည် တဖြည်းထက် တဖြည်း မြင့်တက်သွားသည်။

ဘဲလမင်း အောက်ကိုစိုက်ကြည့်ပြီး သူ့ခြေထောက်များကို လှုပ်ရှားနေသည်။ အိုင်ဗင်နက်ကမူ ဆေးလိပ်ကို တအားရှိုက်ဖွာပြီး မီးခိုးတန်း သေးသေးရှည်ရှည် မှုတ်ထုတ်လိုက်သည်။

'ခင်ဗျားတို့ နားထောင်၊ သက်ရှိသတ္တဝါ တစ်ခုမှာ ဖြစ်နေတဲ့ ကင်ဆာဆဲလ်ကို ထုတ်ယူပြီး လူ့ရဲ့ပုံမှန် ဆဲလ်တစ်ခုနဲ့ ဓာတုခြားနားမှု ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော် ခွဲခြားနိုင်ပြီ'

'ဘယ်တိရစ္ဆာန်တွေမှာ စမ်းပြီးပြီလဲ'

အိုင်ဗင်နက်က မေးလိုက်သည်။

'ကြွက်ဝမ်းဖြူ၊ အိမ်ကြွက်၊ မြေကြွက် ပြီးတော့ မျောက်'

'လူကော'

'မစမ်းရသေးဘူး၊ ဒါပေမဲ့ ဖြစ်မယ်ဆိုတာ သေချာတယ်၊ ကျွန်တော် စမ်းကြည့်သမျှ သတ္တဝါတွေ အားလုံးမှာတော့ ဘာတစ်ခုမှ အဖုအထစ်မရှိဘဲ အောင်မြင်တယ်'

'ဒီဓာတုခြားနားမှုဟာ အမှီခံသတ္တဝါမှာ ပဋိပစ္စည်းကို လှုံ့ဆော်မှု ဖြစ်စေသလား'

'ဖြစ်တယ်၊ ကျွန်တော် စမ်းကြည့်သမျှမှာတော့ ပရိုတိန်းဟာ ပဋိပစ္စည်း လှုံ့ဆော်မှုဖြစ်တယ်၊ ဒါပေမဲ့ ကင်ဆာစွဲ သတ္တဝါတွေကို ကျွန်တော် အခုထက်

mgyoe.com

mgyoe.com


ထိ ခေတ်ပြောင်း လုပ်မကြည့်ရသေးဘူး၊ ဒီအထဲမှာ ပိတ်ဆို့ အာနိသင် တစ်ခု ရှိနေတယ်၊ ကျွန်တော်ကတော့ ပိတ်ဆို့ပစ္စည်းလို့ခေါ်တယ်၊ ကျွန်တော့်ရဲ့ လုပ်ငန်းမှာ အဲဒီပိတ်ဆို့ပစ္စည်းကို ခွဲခြားနိုင်ဖို့ ကြိုးစားနေတယ်၊ ပိတ်ဆို့ပစ္စည်းကို ခွဲခြားနိုင်တာနဲ့ တစ်ပြိုင်နက် မျိုးစပ်မှုနည်းအရ ပိတ်ဆို့ပစ္စည်းကို ပဋိပစ္စည်းပြုလုပ်ရမယ်၊ ပိတ်ဆို့ပစ္စည်းကို ရှင်းနိုင်တာနဲ့ တစ်ပြိုင်နက် ကင်ဆာစွဲတိရစ္ဆာန်ဟာ ရောဂါပြီးသွားမှာ အမှန်ပဲ'

'ဗိုး'

ဘဲလမင်းသည် ဘာကို လိုက်ရေးရမှန်း မသိသဖြင့် မြည်တမ်းလိုက်သည်။

'ခင်ဗျား ပြောနေတာတွေဟာ အကြာကြီး လုပ်ရဦးမယ် မဟုတ်လား' ဒေါက်တာအိုင်ဗင်နက်က မေးလိုက်သည်။

'ဟုတ်ကဲ့ ဒါပေမဲ့ အရှိန်သိပ်ကောင်းနေပါတယ်'

'ဒါပေမဲ့ ဒီလုပ်ငန်းကို ခဏလောက် နားထားလို့ ဖြစ်နိုင်တယ် မဟုတ်လား'

'မဖြစ်နိုင်ပါဘူး၊ ဒီလုပ်ငန်းဟာ အင်မတန် အကျိုးဖြစ်ထွန်းနိုင်ပါတယ်၊ အင်မတန်လည်း အလားအလာ ကောင်းနေပါတယ်၊ ဒီလုပ်ငန်းကြီးကို မြန်နိုင်သမျှ မြန်အောင် မဆောင်ရွက်ဘူးဆိုရင် လူ့လောကကြီးအတွက် ဝမ်းနည်းစရာ ဖြစ်ပါလိမ့်မယ်'

'ဒါပေမဲ့ အင်မတန် အလားအလာ ကောင်းနေတယ်ဆိုတာက ခင်ဗျား ပြောတာပဲ ရှိသေးတယ်၊ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာတော့ ကျုပ်ဝန်ခံပါတယ်၊ ဝိုင်ဘာဂါဟာ အယင်က ထောက်ခံအားပေးခဲ့သလို အခုကိစ္စမှာလည်း ခင်ဗျားကို ထောက်ခံအားပေးသွားမှာပါပဲ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ခင်ဗျားက ထောက်ခံအားပေးရလိမ့်မယ်၊ ခင်ဗျားရဲ့ လုပ်ငန်းကိစ္စကို ခေတ္တခဏ ဖယ်ထားရမယ်။ ကင်ဆာရင်စီမံချက်ကို ခင်ဗျား အခုချက်ချင်း လုပ်ရမယ်၊ ခင်ဗျား မလုပ်ဘူးငြင်းရင်တော့ ခင်ဗျားရဲ့ သုတေသန လုပ်ငန်းတွေကို တခြားတစ်နေရာမှာ ဆက်ပြီး လုပ်ပေတော့ ဒေါက်တာမာတဲ၊ ကျုပ်အနေနဲ့ ဘာမှထပ်ပြီး ပြောစရာ မရှိတော့ဘူး၊ ဒီကိစ္စ ဒီမျှပဲ အဆုံးသတ်ပြီ'

mgyoe.com

mgyoe.com


အတန်ကြာအောင်ပင် ချား မလှုပ်မယှက် ရှိနေသည်။ သူ၏ရင်ထဲတွင် လှုပ်ခတ်နေသည်။ သူ၏ လုပ်ငန်းကို သေသေချာချာ ရှင်းပြခဲ့သည်။ အပြောင်းအလဲကြီး ဖြစ်လိမ့်မည်ဟု အများကြီး မျှော်လင့်ခဲ့သည်။ ယခု ဒေါက်တာအိုင်ဗင်နက်က ယတိပြတ် ငြင်းဆန်လိုက်သောအခါ အရုပ်ကြိုးပြတ် ဖြစ်ရတော့သည်။ သည်စာတ်ခွဲခန်းမှ ထွက်သွားရမည် ဆိုသည့်အတွက် ပို၍ ချောက်ချားရသည်။ ဒေါက်တာအိုင်ဗင်နက်ထံမှ ရာဇသံသည် မောရစ်ဆန်၏ ရာဇသံထက် ပိုမိုပြင်းထန်သည်။ ချား အားစိုက်ပြီး သူ၏ ဓာတ်ခွဲခန်းစာအုပ်များကို သိမ်းယူသည်။

'ခင်ဗျားဟာ ကျုပ်တို့ဌာနမှာ လူကြိုက်အများဆုံး လူတစ်ယောက် မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအချက်ကို ခင်ဗျားအခု ပြောင်းလဲပစ်လိုက်နိုင်တယ်။ အဲဒီတော့ ကျုပ် မေးတာကို ဖြေစမ်းပါ ဒေါက်တာမာတဲ၊ ကျုပ်တို့နဲ့အတူ ခင်ဗျားရှိနေမယ် မဟုတ်လား'

ဒေါက်တာအိုင်ဗင်နက်က မေးသည်။

ချား မော့မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဘာစကားတစ်ခွန်းမျှ မပြောဘဲ အခန်းထဲမှ သူထွက်သွားသည်။

*

ချားသည် သူ့ကိုယ်သူ စက်ဆုပ် ရွံရှာစွာဖြင့်ပင် သူ၏ဓာတ်ခွဲခန်းဆီသို့ လေးကန်စွာ လျှောက်သွားသည်။ ဆယ်နှစ်ကာလ အတွင်းတွင် ချားသည် ပထမဆုံး အကြိမ်အဖြစ်နှင့် ကိုယ်ပိုင်ဆေးကုသခဲ့ရသည့် ဘဝကို သတိရမိသည်။ ဆေးကုသရခြင်းကို တမ်းတခြင်းအမှုကား လွတ်လပ်ခြင်းကို တမ်းတမိခြင်း ဖြစ်သည်။

ချားသည် ထိုနေ့အဖို့ ဒုတိယအကြိမ် အဖြစ်နှင့် ဓာတ်ခွဲခန်း တံခါးကို ဆောင့်ပိတ်လိုက်သည်။ စင်ပေါ်မှ ပုလင်းတွေ ဖန်ချောင်းတွေ လဲကွဲကုန်သည်။ နောက်ဖေးခန်းထဲမှ ကြွက်တွေ လန့်ကုန်ကြသည်။ အယ်လင်လည်း ဒုတိယအကြိမ် ထိတ်လန့်သွားရတော့သည်။ သူမက ချာခနဲလှည့်ကာ ကြည့်လိုက်၍ လက်နှင့်တိုက်မိပြီး လွင့်ထွက်သွားသော ဖန်ပြွန်ကလေးတစ်ခုကို ကမန်းကတန်း ဖမ်းယူလိုက်ရသည်။ သူမက အပြစ်ပြောမည် ပြုလိုက်သည်။ သို့သော် ချား၏ မျက်နှာကို မြင်တွေ့ရသောအခါ သူမ၏စိတ်ကို ချုပ်တည်းထားလိုက်သည်။

mgyoe.com

mgyoe.com


ချားသည် စိတ်ပေါက်ပေါက် ဒေါသဖြစ်ဖြစ်နှင့် လက်ထဲမှ မှတ်တမ်းစာအုပ်များကို ကောင်တာပေါ်သို့ လွှင့်ပစ်လိုက်သည်။ စာအုပ်တစ်အုပ် ကြမ်းပြင်ပေါ်သို့ ကျသွားပြီး တခြားစာအုပ်များကမူ ပေါင်းခံကီရိယာကို ထိမှန်ကွဲရှစေတော့သည်။ ဖန်ကွဲများ တစ်ခန်းလုံးအနှံ့ လွင့်ပျံ့သွားကြသည်။ အယ်လင်နောက်သို့ ဆုတ်လိုက်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် ကာထားလိုက်ရသည်။ ချားသည် စိတ်မကျေနပ်သေးသဖြင့် အာလင်မေယာ ဖန်ဗူးကို ကောက်ယူပြီး ကြွေအင်တုံထဲသို့ ပစ်ထည့်လိုက်သည်။ အယ်လင်သည် ၄င်းတို့ အတူတကွ လုပ်ကိုင်ခဲ့ကြသည့် ခြောက်နှစ်ကာလအတွင်းတွင် ချား ဤသို့ဖြစ်သည်ကို တစ်ကြိမ်မျှ မတွေ့ဖူးခဲ့ပါ။

'ကျွန်မ ပြောသားပဲလို့ မင်းပြောရင် ကျုပ်အော်မိလိမ့်မယ်'

ဆုံလည်ကုလားထိုင်ပေါ်တွင် ပစ်ထိုင်ချလိုက်ရင်း ချားက ပြောလိုက်သည်။

'ဆရာပြောတာကို ဒေါက်တာအိုင်ဗင်နက် နားမထောင်ဘူးလား'

အယ်လင်က ထိန်းထိန်းသိမ်းသိမ်း မေးလိုက်သည်။

'သူ နားထောင်ပါတယ်၊ ဒါပေမဲ့ လက်မခံဘူး၊ ကျုပ်ဟာ အလကားစက္ကူကျားကြီးပဲ'

'ဆရာ့မှာ တခြားရွေးစရာ နည်းလမ်းမရှိဘူးလို့ ကျွန်မထင်တယ်၊ အဲဒီတော့ ဆရာ စိတ်အဆင်းရဲ မခံပါနဲ့၊ ကျွန်မတို့ လုပ်ငန်းဇယားက ဘာတဲ့လဲ'

'လုပ်ငန်းဇယားကတော့ ကင်ဆာရင် စီမံချက်ကို ပြီးအောင် လုပ်ရမယ်'

'အခု ချက်ချင်း လုပ်ရမှာတဲ့လား'

'အခုချက်ချင်းပဲ၊ အဲဒီတော့ ကင်ဆာရင် ဓာတ်ခွဲခန်း စာအုပ်တွေကို အယ်လင်ပဲ သွားယူပါ။ ခုအချိန်မှာ ကိုယ် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး'

ချား နွမ်းလျစွာ ပြောလိုက်သည်။

'ဟုတ်ကဲ့ ကျွန်မ သွားယူလိုက်မယ်'

အယ်လင် ဝမ်းမြောက်ဝမ်းသာ ထွက်သွားသည်။ ဓာတ်ခွဲခန်းထဲမှ ခေတ္တမျှ ထွက်ခွာရသဖြင့် စိတ်သက်သာရာ ရရှိသည်။ ယခုအချိန်တွင် ချားသည် ခေတ္တမျှ တစ်ယောက်တည်း နေသင့်သည်ဟု သူမက မှတ်ယူသည်။

mgyoe.com

mgyoe.com


အယ်လင် ထွက်သွားသောအခါ ချား မလှုပ်ရှားပါ။ ဘာမျှလည်း မစဉ်းစားပါ။ သို့သော် ထိုအဖြစ်သည် ဘာမျှ တာမရှည်ပါ။ အခန်းတံခါး ဝုန်းခနဲ ပွင့်သွားပြီး အခန်းတွင်း မောရစ်ဆန် ဟောဟောဒိုင်းဒိုင်း ဝင်ရောက်လာသည်။

ချား ချာခနဲ လှည့်လိုက်ပြီး မောရစ်ဆန်ကို ကြည့်သည်။ မောရစ်ဆန်၏ နဖူးကြောကြီးများ ထောင်နေသည်။ မောရစ်ဆန် ဒေါသ အကြီးအကျယ်ဖြစ်နေသည်။

'ကျုပ် သည်းခံနိုင်တဲ့ အဆင့် ကုန်သွားပြီ' မောရစ်ဆန် ဟစ်အော်သည်။ 'ခင်ဗျားမှာ ရှိသေလေးစားမှုဆိုတာ လုံးလုံးမရှိဘူး၊ ခင်ဗျားဟာ ဘာဖြစ်လို့ လုပ်ထုံးလုပ်နည်းကို ကျော်ပြီး လုပ်ချင်ရတာလဲ။ ကျုပ်ဟာ ခင်ဗျားရဲ့ ဌာနမှူးဆိုတာ အထူးပြောနေစရာ မလိုဘူး။ ခင်ဗျားဟာ အထက်ကို ပြောစရာရှိရင် ကျုပ်ကနေတစ်ဆင့်ပဲ ပြောရမယ်။ ညွှန်မှူးဆီကို တိုက်ရိုက်သွားစရာ မလိုဘူး'

'ကျုပ်ကို တစ်ခုကူညီပါ မောရစ်ဆန်၊ ကျုပ်အခန်းထဲက အမြန်ဆုံးထွက်သွားပါ'

မောရစ်ဆန်၏ မျက်လုံးကလေးများ နီရဲလာသည်။ သူ့နဖူးတွင် ချွေးသီးချွေးပေါက်များ ရှိနေသည်။

'ဒီမယ် ချား၊ ကျုပ်ရဲ့အခြေအနေဟာ အခုလို သေရေးရှင်ရေးသာ ဖြစ်မနေဘူးဆိုရင် ခင်ဗျားကို ကနေ့ပဲ အလုပ်က ထုတ်ပစ်တယ်။ ခင်ဗျားအဖို့ ကံကောင်းတာကတော့ ကျုပ်တို့ဟာ နောက်ထပ် ပြဿနာတစ်ခု အပေါ်မခံနိုင်တာပဲ၊ ဒါပေမဲ့ ခင်ဗျား ဟောဒီမှာ ဆက်ပြီး နေချင်သေးတယ် ဆိုရင်တော့ ကင်ဆာရင် စီမံချက်ကို လုပ်ဖို့သာ စိတ်ကူးပါ'

ချား ပြန်ပြောမည်ကို မစောင့်ဘဲ မောရစ်ဆန် ဓာတ်ခွဲခန်းထဲမှ ထွက်သွားသည်။ ချား တစ်ယောက်တည်း ကျန်ရစ်သည်။ ရေခဲသေတ္တာမြည်သံနှင့် ရေဒီယိုသတ္တိကြွစက် မြည်သံတို့ကိုသာ ကြားနေရသည်။ သည်အသံများသည် ကြားနေကျ အသံများဖြစ်၍ ချား၏စိတ်ကို ပြန်လည် တည်ငြိမ်စေသည်။ ကင်ဆာရင် စီမံချက်သည် အဆိုးကြီး ဖြစ်ချင်မှ ဖြစ်မည်ဟု သူစဉ်းစားသည်။

mgyoe.com

mgyoe.com


သူ့လုပ်ငန်းကို သူ မြန်မြန်ကြီး လုပ်လိုက်လျှင် ဖြစ်နိုင်မည်။ သို့မဟုတ် အယ်လင် ပြောသည့်အတိုင်း လုပ်ငန်းနှစ်ခုစလုံးကို တစ်ပြိုင်တည်း လုပ်နိုင်သည်။ ညညတွင် အချိန်ပိုလုပ်ရမည်။

ရုတ်ခြည်းဆိုသလို တယ်လီဖုန်း မြည်လာသည်။ တယ်လီဖုန်းကို သူ မကောက်ဘဲ ရှိနေသည်။ သုံးကြိမ် မြည်သည်။ နောက် လေးကြိမ်၊ ငါးကြိမ် မြည်သောအခါတွင် သူကောက်လိုက်သည်။

'ဟဲလို၊ အရှေ့မြောက် တက္ကသိုလ် ငွေထိန်းမှူးရုံးက မစ္စကရိန်းပါ'

တစ်ဖက်မှ ပြောသည်။

'ဟုတ်ကဲ့ ပြောပါ'

ချား ဖြေသည်။ သူခေတ္တမျှ ကြောင်နေပြီးမှ ချက် နှင့် ဆက်စပ်ပြီး စဉ်းစားမိသည်။

'အခုလို အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ်ရှင်။ ဒါပေမဲ့ လူကြီးမင်းရဲ့ သားက လူကြီးမင်းဆီကို ဖုန်းဆက်ဖို့ နံပါတ်ပေးထားပါတယ်။ ကျောင်းလခငွေ ဒေါ်လာ ၁၆၅၀ ပေးဖို့ရှိနေပါတယ်။ အတော်ကလေးတောင် ရက်လွန်သွားပါပြီ'

မစ္စက်ကရိန်းက ပြောသည်။

ချားသည် စက္ကူညှပ်သည့် ကလစ်ကလေးကို လက်နှင့် ကိုင်တွယ်ကစားရင်း ဘာပြန်ပြောရမည်နည်းဟု စဉ်းစားနေမိသည်။ ယခုလို ကျောင်းလခ မပေးနိုင်သည့် အဖြစ်မှာ သူ့အဖို့ အတွေ့အကြုံသစ် တစ်ခုပင် ဖြစ်သည်။

'ဟဲလို မစ္စတာမာတဲ'

တစ်ဖက်မှ ခေါ်သည်။

'ဒေါက်တာမာတဲပါ'

ချား တုံ့ပြန်လိုက်သည်။ ပြီးမှ သူ့စကား ကလေးကလားဆန်သည်ကို သတိပြုလိုက်မိသည်။

'ဩော်-တောင်းပန်ပါတယ် ဒေါက်တာမာတဲ၊ ကျောင်းလခငွေကို မကြာခင်မှာ ပို့လိုက်မလား'

'ဟုတ်ကဲ့ ပို့လိုက်ပါ့မယ်၊ ချက်ပို့လိုက်မယ်၊ ကျွန်တော့်ဘက်က ပျက်ကွက်တဲ့အတွက် တောင်းပန်ပါတယ်'

mgyoe.com

mgyoe.com


ချား တယ်လီဖုန်း ချလိုက်သည်။ သူအမြန်ဆုံး ပိုက်ဆံချေးမှ ဖြစ်မည်။ တက္ကသိုလ်မှာ ချတ် မှန်မှန်ကန်ကန် လုပ်ကောင်းရဲ့ဟု သူ မျှော်လင့်လိုက်သည်။ စိတ်ပညာကိုတော့ အဓိက ဘာသာအဖြစ် မယူတန်ပဲဟု အောက်မေ့မိသည်။ တယ်လီဖုန်းကို သူ ကောက်ယူလိုက်သည်။ သို့သော် နံပါတ်များကို မလှည့်ပါ။ ဘဏ်ကို လူကိုယ်တိုင် သွားလိုက်သည်က မြန်သည်ဟု ယူဆသည်။ နောက်ပြီးတော့ သူ့အနေနှင့် အပြင်ထွက်ပြီး လေကောင်းလေသန့် ရှူလိုက်ရလျှင် ကောင်းမည်။ မောရစ်ဆန်နှင့် အိုင်ဗင်နက် တို့၏ လောကမှ ခဏကလေး ခွာနေလိုက်လျှင် ကောင်းမည်။

❑

mgyoe.com

mgyoe.com

# (၄)

ကက်သရင်းသည် တိုင်းမဂ္ဂဇင်းအဟောင်း စာအုပ်ကို လှန်လှောရင်း စိုးရိမ်စိတ်များ တိုးပွားလျက် ရှိသည်။ ပထမပိုင်းတွင်မူ ဒေါက်တာဝီလီ၏ ဧည့်ခန်းသည် ဆေးရုံကြီး တစ်ခုလုံး၏ ကြောက်မက်ဖွယ်ရာများမှ သီးခြား ဒေသတစ်ခု ဖြစ်ခဲ့သည်။ သို့သော် အချိန်ကြာညောင်း လာသောအခါတွင်ကား၊ သည်အခန်းသည်လည်း ချောက်ချားဖွယ်ရာ ဖြစ်လာတော့သည်။ လက်မှ နာရီကို ကြည့်လိုက်သောအခါ မီရှဲသည် စမ်းသပ်ခန်းသို့ ရောက်ရှိနေသည်မှာ တစ်နာရီကျော်သွားပြီး ဖြစ်ကြောင်း ကက်သရင်း သတိပြုမိရသည်။ တစ်ခုခု တော့ ဖြစ်ချေပြီတည်း။

ကက်သရင်း ဂနာမငြိမ် ရှိသည်။ ခြေထောက်နှစ်ချောင်းကို ချိတ်လိုက် ပြန်ချလိုက် ရှိသည်။ လက်မှ နာရီကို ကြည့်ပြီးရင်း ကြည့်နေသည်။ အခန်း ထဲတွင် စကားပြောစရာ လူမရှိပါ။ မည်သည့် လှုပ်ရှားမှုမှလည်း မရှိပါ။ အမျိုးသမီး တစ်ယောက်သာလျှင် ဇာထိုးလျက်ရှိသည်။

ကက်သရင်း ထိုင်ရာမှ ထလိုက်သည်။ သူမ သည်းမခံနိုင်တော့ပါ။ သူနာပြုဆရာမထံသို့ လျှောက်သွားသည်။

'တစ်ဆိတ်ရှင်၊ ကျွန်မသမီးလေး မီရှဲတစ်ယောက် သူဘယ်လောက် ကြာဦးမလဲ'

'ဆရာက ကျွန်မတို့ကို ဘာမှမပြောဘူး'

mgyoe.com

mgyoe.com


ဆရာမက ယဉ်ကျေးစွာ ပြန်ဖြေသည်။ သူမက ခါးကိုဆန့်ပြီး ထိုင်ထားသည်။ သူမ၏ တင်ပါးများက ကုလားထိုင် အပြင်ဘက်သို့ ထိုးထွက်နေကြသည်။

'သူ တော်တော်ကြာသွားပြီ'

ကက်သရင်းက ပြောလိုက်သည်။

'ဒေါက်တာဝိလီက အင်မတန် စေ့စပ်သေချာတယ်။ ခဏနေရင် သူ ထွက်လာလိမ့်မယ်'

'သူ ဒီလိုပဲ တစ်နာရီကျော်ကျော် ကြာအောင် စမ်းသပ်တတ်သလား'

ကက်သရင်းက မေးသည်။

'ဟုတ်ကဲ့၊ ဆရာက အချိန်ဘယ်လောက် ကြာကြာပဲ၊ ဘယ်တော့မှ ဒရောသောပါး မလုပ်တတ်ဘူး'

သို့သော် အဘယ့်ကြောင့် အချိန် သည်မျှ ကြာနေရသနည်း။ ကက်သရင်း သူမ၏ ကုလားထိုင်တွင် ပြန်ထိုင်ရင်း စဉ်းစားနေမိသည်။ ကက်သရင်း၏ ယောက်ယက် ခတ်နေသော စိတ်အာရုံတွင် ပလတ်စတစ် လှောင်အိမ်တွင်းမှ တက်၏ ရုပ်ပုံလွှာ ထင်လာသည်။ ကလေးငယ် ကလေးမှာ ဝေဒနာ ပြင်းထန်စွာ ခံစားရခြင်းသည် ထိန်လန့်ဖွယ်ရာ ကောင်းလှသည်။

ကက်သရင်းသည် မဂ္ဂဇင်းတစ်စောင် ကောက်ယူလိုက်ပြီး ကြော်ငြာများကို လှန်လှော ကြည့်ရှုနေသည်။ ပြုံးရယ်နေသော မျက်နှာများ၊ တောက်လက်နေသော ကြမ်းပြင်များ၊ လှပသော ကားသစ်များ၊ သူမက ညစာ အတွက် ဘာစီစဉ်ရလျှင် ကောင်းမည်နည်းဟု စိတ်ကူးကြည့်သည်။ သို့သော် စိတ်ကူး၍မရပါ။ အဘယ့်ကြောင့် မီရှဲ သည်မျှကြာနေရသနည်း။ ကလေးအမေ နှစ်ယောက် ထပ်ရောက်လာသည်။ ကလေးငယ်များကို ရင်ဝယ်ပိုက်ထားကြသည်။ ထို့နောက် သားအမိနှစ်ယောက် ထပ်ရောက်လာပြန်သည်။ ကလေးက နှစ်နှစ်သားလောက်ပဲ ရှိသေးသည်။ မျက်နှာတစ်ခြမ်းလုံး ဖူးရောင်လျက်ရှိသည်။

ယခုအခါ ဧည့်ခန်းတစ်ခုလုံး ပြည့်လာသဖြင့် ကက်သရင်း အသက်ရှူကျပ်လာသည်။ ကလေးအမေ တစ်ယောက်ကို နေရာဖယ်ပေးသည့် အနေဖြင့် ထိုင်ရာမှ ထလိုက်သည်။ မျက်နှာတစ်ခြမ်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော

mgyoe.com

mgyoe.com


ကလေးကို မကြည့်မိအောင် ကက်သရင်း ရှောင်ရှားသည်။ သူမ၏ ကြောက်ရွံ့စိတ်များ မြင့်တက်လာသည်။ မီရှဲကို သူမ ခွဲထားခဲ့သည်မှာ တစ်နာရီနှင့် မိနစ်နှစ်ဆယ် ရှိသွားပြီ။ သူမတစ်ကိုယ်လုံး တုန်နေကြောင်း ကက်သရင်း သတိပြုမိသည်။

ကက်သရင်းသည် ဆရာမအနီးသို့ နောက်တစ်ကြိမ် ချဉ်းကပ်သွားပြန်သည်။ သူမ၏ စားပွဲရှေ့တွင် ရပ်နေမိသည်။ ဆရာမက သူမကို သတိပြုမိသည်အထိ ဖြစ်သည်။

'ကျွန်မ ဘာလုပ်ပေးရမလဲ'

သူမက ယဉ်ကျေးစွာ မေးသည်။ ကက်သရင်းသည် ဆရာမကို ကိုင်ဆောင့်ပစ်ချင်စိတ် ပေါက်သွားသည်။ ကက်သရင်း လိုချင်သည်က ယဉ်ကျေးဖွယ်ရာမှု မဟုတ်ပါ။ နွေးထွေးသော နားလည်မှုသာ ဖြစ်သည်။ ကိုယ်ချင်းစာမှုသာ ဖြစ်သည်။

'သမီး ဘာဖြစ်လို့ ဒါလောက် ကြာနေတယ်ဆိုတာ စုံစမ်းလို့ရမလား'

ကက်သရင်းက မေးလိုက်သည်။

ဆရာမက ပြန်မဖြေရမီတွင် သူမ၏လက်ဝဲဘက်ရှိ တံခါးပွင့်လာပြီး ဒေါက်တာဝီလီ၏ ခေါင်း ပြူထွက်လာသည်။ သူက ဧည့်ခန်းတွင်းသို့ ကြည့်ရှုရှာဖွေသည်။ ကက်သရင်းကို တွေ့သောအခါ

'မစ္စက်မာတဲ၊ အထဲကိုကြွပါ'

ကက်သရင်း ကမန်းကတန်းပင် သူ့နောက်သို့ လိုက်ပါသွားသည်။ သူမ၏ ခေါင်းမှဘီးကို လက်ဖြင့် စမ်းကြည့်သည်။ သူ့နေရာတွင် သူရှိရဲ့လားဟု ဖြစ်သည်။ သူမ၏နောက်တွင် တံခါးကို သေချာစွာ ပြန်ပိတ်လိုက်သည်။ ဒေါက်တာဝီလီသည် သူ၏စားပွဲသို့ ရောက်ရှိနေသည်။ သို့သော် ကုလားထိုင်တွင်ကား ထိုင်မနေပါချေ။ စားပွဲစောင်းတွင် မှေးထိုင်ပြီး လက်နှစ်ဖက်ကို ပိုက်ထားသည်။

ကက်သရင်းသည် စိတ်စနောင့်စနင်း ရှိနေသဖြင့် ဒေါက်တာဝီလီ၏ မျက်နှာကို အကဲခတ်သည်။ သူ၏နဖူးပြင် တွန့်နေသည်၊ သူ မပြုံးပါ။

'စစ်ဆေးစရာ တစ်ခုအတွက် မစ္စက်မာတဲဆီက ခွင့်ပြုချက် လိုချင်ပါတယ်'

mgyoe.com

mgyoe.com

ဒေါက်တာဝီလီက ပြော့လိုက်သည်။

'သမီး ဘာဖြစ်လို့လဲ'

'အခြေအနေ အာလုံး ကောင်းပါတယ်'

သူက ပိုက်ထားသော လက်ကို ဖြုတ်လိုက်ပြီး စားပွဲပေါ်မှ စာရွက် တစ်ရွက်ကို ကောက်ယူလိုက်သည်။

'ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို စစ်စရာတစ်ခု ရှိနေတယ်။ အဲဒီ အတွက် ဒီပုံစံပေါ်မှာ လက်မှတ်ထိုးပေးပါ။'

'သူ အခု ဘယ်မှာလဲ'

ကက်သရင်းက ပုံစံစာရွက်ကို ကြည့်ရင်း မေးလိုက်သည်။

'စမ်းသပ်ခန်းထဲမှာ ရှိပါတယ်၊ မစွက်မာတဲ သူ့ကို တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ကျုပ် သူ့ကို အရင်စစ်ဆေးလိုက်ဦးမယ်။ အခုဟာက ခြင်ဆီထုတ် ပြီး စစ်ဆေးဖို့ပါဗဲ'

'ခြင်ဆီ ဟုတ်လား'

ကက်သရင်း ခေါင်းထောင် သွားသည်။ ခြင်ဆီဆိုသော စကားလုံးများ က ပလတ်စတစ် လှောင်ချိုင့်ထဲမှ တက်၏ ပုံသဏ္ဌာန်ကို ပေါ်လာစေသည်။

'ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ သွေးဖောက်ပြီး စစ်တာမျိုးလို စစ်ရိုး စစ်စဉ် တစ်ခုပါပဲ'

ဒေါက်တာဝီလီက ကက်သရင်း၏ ထိန်လန့်မှုကို တွေ့မြင်သဖြင့် ပြော လိုက်သည်။

'သူ့မှာ ခြင်ဆီသွေးကင်ဆာများ ရှိနေသလား'

'အို မရှိပါဘူး၊ အခုဟာက သူ့မှာ ရောဂါတစ်ခုခု ရှိ မရှိ သိရအောင် ရောဂါဖော်စစ်နည်း တစ်ခုပါပဲ။ ဒါပေမဲ့ မီရှဲမှာ ခြင်ဆီသွေး ဆဲလ်ဖြူ ကင်ဆာ မရှိဘူးဆိုတာတော့ ကျုပ်ပြောနိုင်ပါတယ်။ နေပါဦး ကျုပ်မသိလို့ မေးပါရစေ၊ ဘာဖြစ်လို့ အခုလို မေးရတာလဲ'

ဒေါက်တာဝီလီက အနည်းငယ် ရှုပ်ထွေးသွားဟန်ဖြင့် မေးသည်။

'စောစောကပဲ ခြင်ဆီသွေးကင်ဆာ ဖြစ်နေတဲ့ အိမ်နီးချင်း ကလေးတစ် ယောက်ကို ကျွန်မ သွားကြည့်ခဲ့တယ်။ ဆရာကြီးက ခြင်ဆီအကြောင်း ပြော လိုက်တော့...'

mgyoe.com

mgyoe.com


ကက်သရင်း စကားအဆုံး မသတ်နိုင်ရှိနေသည်။

'ဩော် ဟုတ်ပြီ၊ အဲဒါအတွက်တော့ ဘာမှ မစိုးရိမ်ပါနဲ့၊ ခြင်ဆီသွေးကင်ဆာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ ပြီးပြည့်စုံသွားအောင် ခြင်ဆီကို ဖောက်ပြီး စစ်ရမယ်'

'ချားကို ဖုန်းဆက်ပြီး ခေါ်လိုက်ရမလား'

ကက်သရင်း မေးလိုက်သည်။ မီရှဲ ခြင်ဆီသွေး ကင်ဆာ မဖြစ်နိုင်ဆိုသည့်အတွက် ကက်သရင်း စိတ်သက်သာရာ ရသွားသည်။ ခြင်ဆီသွေးကင်ဆာသည် ကူးစက်ခြင်း မရှိနိုင်ဟု ချားက ပြောထားသော်လည်း ယင်း၏ နီးစပ်မှုသည် ကြောက်မက်ဖွယ်ရာပင် ဖြစ်သည်။

ဒေါက်တာဝီလီက၊

'ချားကို ခေါ်ရင်လည်း ခေါ်ပါ၊ ဒါပေမဲ့ အခြေအနေကို ကျုပ်ရှင်းပြပါ့မယ်။ ခြင်ဆီစုပ်ထုတ်ဖို့အတွက် သုံးတဲ့ အပ်ဟာ သွေးဖောက်တဲ့အခါ သုံးတဲ့အပ်မျိုးပဲ။ လူနာ မနာအောင်လို့ ထုံဆေးနည်းနည်းထိုးရတယ်။ ခြင်ဆီထုတ်တာ ဘာမှ မကြာဘူး၊ ခဏကလေးပဲ၊ ဒီဥစ္စာလုပ်ရတာ ရိုးရိုးရှင်းရှင်းကလေးပဲ။ ကျုပ်တို့ မကြာခဏ လုပ်နေကျပဲ'

ကက်သရင်း ပြုံးလိုက်သည်။ ခြင်ဆီစုပ်ထုတ် စစ်ဆေးနိုင်ကြောင်း ပြောလိုက်သည်။ ဒေါက်တာဝီလီကို သူမ သဘောကျသည်။ ယုံကြည်သည်။ ဒေါက်တာဝီလီ ညွှန်ပြသည့်နေရာတွင် ကက်သရင်း လက်မှတ်ထိုးလိုက်သည်။ ထို့နောက် ရုံးခန်းထဲမှ ထွက်ပြီး ပြည့်ကျပ်နေသော ဧည့်ခန်းထဲသို့ ပြန်သွားရောက်သည်။

*

စမ်းသပ် စားပွဲပေါ်တွင် မီရှဲ ငြိမ်သက်စွာ လဲလျောင်းလျက် ရှိသည်။ သူမ၏ ခေါင်းသည် ခေါင်းအုံးပေါ်တွင် ပင့်ဆောင်လျက် ရှိသော်လည်း၊ သူမ မြင်ကွင်းသည် မီးရောင် လင်းဖြာလျက်ရှိသော မျက်နှာကြက် မှန်ဖြူဖြူများသာ ဖြစ်သည်။ သို့သော် နံရံကပ် စက္ကူအချို့ကိုလည်း မြင်ရသည်။ ရယ်မောနေသော လူရွှင်တော်များ၊ လှုပ်မြင်းရုပ်များ၊ လေပူဖောင်းနှင့် ကလေးများကို မြင်တွေ့ရသည်။ အခန်းထဲတွင် ကြွေအင်တုံတစ်ခု ရှိသည်။ သို့သော် မီရှဲ မမြင်ရပါ။ ရေတစက်စက် ကျနေသံကိုသာ ကြားရသည်။

mgyoe.com

mgyoe.com


ဆေးရုံကြီးသည် မီရှဲအတွက် ကြောက်လန့်ဖွယ်ရာ ဖြစ်နေသည်။ သူမသည် အပ်သုံးကြိမ် အထိုးခံရပြီ ဖြစ်သည်။ လက်မောင်းနှစ်ဖက်တွင် တစ်ကြိမ်စီနှင့် လက်ထိပ်တစ်ခုတွင် တစ်ကြိမ်ဖြစ်သည်။

မီရှဲသည် အဝတ်အစား မလုံ့တလုံ ဖြစ်နေရသည့်အတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်နေသည်။ သူမသည် ညဝတ်အင်္ကျီလို ဝတ်ရုံကြီးတစ်ခုကို ဝတ်ထားရသည်။ သို့သော် ကျောဘက်တွင် ကွဲနေသည်။ သူမ၏အသားနှင့် စားပွဲပေါ်တွင် ခင်းထားသော စက္ကူနှင့် ထိကပ်နေသည်။ အောက်ဘက်သို့ ကြည့်လိုက်သောအခါ သူမ၏ကိုယ်ကို လွှမ်းခြုံထားသော ပိတ်စဖြူဖြူအောက်တွင် မို့တက်နေသော သူမ၏ ခြေချောင်းများကို တွေ့မြင်ရသည်။

သူမ၏လက်များသည် ပိတ်ဖြူစ၏ အောက်ဘက်တွင် ရှိနေပြီး သူမ၏ ဝမ်းဗိုက်ပေါ်တွင် ယှက်တင်လျက် ရှိကြသည်။ သူမ၏ ကိုယ်သည် တုန်ယင်လျက်ရှိသည်။ သို့သော် မည်သူ့ကိုမျှ သူမ မပြောပါ။ သူမ၏ ဆန္ဒက သူမ၏ အဝတ်အစားများကို ရယူပြီး အိမ်သို့ ပြန်လိုခြင်းပင် ဖြစ်ပါသည်။ သူမ အဖျားတက်နေပြန်ပြီ ဖြစ်ကြောင်း မီရှဲသိသည်။ သို့သော် သူများသိသွားမည်ကို စိုးရိမ်သည်။ သူမ၏ကိုယ်မှ သွေးထုတ်ပြီး စစ်ဆေးခြင်းသည် သူမ အဘယ့်ကြောင့် ဖျားနာနေသည်ကို သိရှိလို၍ ဖြစ်သည်ဟု သူတို့က ရှင်းပြကြပါသည်။

အသံတစ်ခု ကြားရသည်။ တံခါးပွင့်သွားသည်။ သူနာပြုဆရာမ ဝဝကြီး ဖြစ်သည်။ သူမက အခန်းတွင်းသို့ နောက်ပြန်ဝင်လာသည်။ သူမ၏ ကိုယ်ခန္ဓာကြီးက တံခါးပေါက် တစ်ခုလုံးကို ပိတ်နေသည်။ သူမက တစ်စုံတစ်ခုကို ဆွဲယူလာသည်။ သံကို သံချင်း ထိခတ်သည့် အသံများကို မီရှဲ ကြားရသည်။ တံခါးပေါက်မှ လွတ်သွားသောအခါ ဆရာမ ရိပ်ခနဲလှည့်လိုက်သည်။ ဘီးတပ် စားပွဲငယ် တစ်လုံးကို တွန်းလာသည်။ စားပွဲကို တဘက်စိမ်းတစ်ခုဖြင့် ဖုံးအုပ်ထားသည်။

'အဲဒါ ဘာလဲ'

မီရှဲ မေးလိုက်သည်။

'ဆရာဝန်ကြီးအတွက် ပစ္စည်းတွေပဲပေါ့ သမီးရယ်'

mgyoe.com

mgyoe.com


ဆရာမ မစ္စဟမ်းမားစမစ် က ဖြေသည်။ သူမ၏ နာမည်ကတ်ပြားကို စစ်ဘက်ဆိုင်ရာ ဘွဲ့တံဆိပ်တစ်ခုပမာ ပခုံးထက်မှာ တပ်ထားသည်။

'ဒါတွေက နာမှာလားဟင်'

မိရှဲ ထပ်မေးသည်။

'ဘာဖြစ်လို့ ဒီလိုမျိုး မေးရတာလဲ သမီးရယ်၊ ဆရာတို့က သမီးကို သက်သာအောင် လုပ်ပေးနေကြတာပဲ'

'ဆရာဝန်လုပ်သမျှဟာ နာတာပဲ'

'မဟုတ်တာပဲကွယ်'

'အား ကျူပ်ရဲ့အချစ်ဆုံး လူနာလေးပါလား'

ဒေါက်တာဝီလီက တံခါးရွက်ကို ပခုံးနှင့် တိုက်ဖွင့်ရင်း ပြောသည်။ အခန်းတွင်းသို့ ဝင်လာသောအခါ သူ့လက်များကို သူ့ကိုယ်မှ ခွာထားသည်။ အကြောင်းမှာ သူ့လက်များသည် စိုရွှဲနေပြီး ကြမ်းပြင်ပေါ်သို့ ရေတစက်စက် ကျနေသည်။ မစ္စဟမ်းမားစမစ်က စက္ကူဖူးတစ်ခုကို ဖောက်လိုက်သည်။ ဒေါက်တာဝီလီက လက်ညှိုးလက်မဖြင့် ညှပ်ပြီး ပိုးသတ်ထားသော စက္ကူတစ်ရွက်ကို ထုတ်ယူလိုက်သည်။ မိရှဲကို အထိတ်လန့်ဆုံး ဖြစ်စေသည့် အချက်က တော့ ဒေါက်တာဝီလီ၏ မျက်နှာတွင် ခွဲစိတ်မျက်နှာဖုံး တပ်ထားခြင်းပင် ဖြစ်သည်။

'ဆရာကြီး ဘာလုပ်မလို့လဲ'

မိရှဲက မျက်လုံးများ ပြူးထွက်လျက် မေးသည်။ တံတောင် တစ်ဖက် ထောက်ပြီး ထလိုက်သည်။

'သမီးကို သတင်းကောင်းတစ်ခုနဲ့ သတင်းဆိုးတစ်ခု ပြောစရာရှိတယ်။ သတင်းဆိုးကတော့ သမီးကို အပ်တစ်ခါဖောက်ရဦးမယ်။ သတင်းကောင်း ကတော့ ဒါနောက်ဆုံး အကြိမ်ပဲ'

ဒေါက်တာဝီလီသည် စက္ကူလက်သုတ်ပဝါကို ကြွေအင်တုံအနီးရှိ စင်ပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက် မစ္စဟမ်းမားစမစ်က အိတ်တစ်အိတ်ကို ဖောက်ထုတ်ပြီး ပေးသော ရာဘာလက်အိတ်များကို စွပ်သည်။

'ကျွန်မ နောက်ထပ် အပ်နဲ့ အဖောက်မခံချင်တော့ဘူး၊ ကျွန်မ အိမ်ပြန်ချင်တယ်'

mgyoe.com

mgyoe.com


မီရှဲက ပြောလိုက်သည်။ သူမ၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်နေသည်။ သူမက မငိုမိစေရန် စိတ်ကို တင်းသည်။ သို့သော် များများ တင်းလေ များများ ငိုချင်လေပင် ဖြစ်တော့သည်။

'အို သမီးကလည်းကွယ်'

မစ္စဟမ်းမားစမစ်က မီရှဲ၏ ဆံပင်များကို ပွတ်သပ်ရင်း ချော့သည်။ မီရှဲက ထိုလက်ကို ဖယ်ပစ်လိုက်ပြီး ထထိုင်ရန် ကြိုးစားသည်။ သို့သော် သူမ၏ လက်ကောက်ဝတ်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ခြင်း ခံရသည်။

ဒေါက်တာဝီလီက

'မီရှဲ သမီး နေမကောင်းဘူးဆိုတာ ဘဘသိတယ်၊ သမီး အခံရခက် တယ်ဆိုတာလည်း ဘဘသိတယ်။ ဒါပေမဲ့ ဘဘတို့ ဒါကို လုပ်ကြမှ ဖြစ်မယ်။ သမီးကသာ အလိုက်သင့် ကူညီမယ်ဆိုရင် ခဏကလေးနဲ့ ပြီးသွားမှာပဲ'

'ဟင့်အင်း၊ ဟင့်အင်း၊ ဖေဖေ့ကို ခေါ်ပေး'

ဒေါက်တာဝီလီက မစ္စဟမ်းမားစမစ်ကို ကြည့်လျက်

'မစ္စက်လီဗီကို အကူအညီ ခေါ်မှဖြစ်မယ်'

မစ္စဟမ်းမား စမစ်အခန်းထဲမှ ထွက်သွားသည်။

တံခါး ပွင့်သွားပြန်သည်။ မည်သူနည်းဟု မီရှဲ ခေါင်းထောင်ကြည့် သည်။ မစ္စဟမ်းမားစမစ် ဝင်လာသည်။ သူမ၏နောက်တွင် ဆရာမနှစ်ယောက် ပါလာသည်။ ဆရာမတစ်ယောက်၏ လက်ထဲတွင် သားရေပတ်ကြိုးပြားများ ပါလာသည်။

'ချုပ်ထားဖို့ မလိုပါဘူး' ဒေါက်တာဝီလီက ပြောလိုက်သည်။ 'ကဲ သမီးကလေး ခဏကလေး ငြိမ်ငြိမ်ကလေး လှဲနေလိုက်ပါ'

'နော် သမီး'

မစ္စဟမ်းမားစမစ်က ချော့သည်။ မီရှဲ၏ဘေးတွင် ရပ်သည့် ဆရာမ တစ်ယောက်က မစ္စဟမ်းမားစမစ်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်သည်။ သားရေ ပတ်ကြိုးများကို ကိုင်ထားသော ဆရာမ စားပွဲခြေရင်းတွင် ရပ်သည်။

'ဒေါက်တာဝီလီက ကမ္ဘာပေါ်မှာ အတော်ဆုံး ဆရာဝန်တစ်ယောက်ပဲ ကွယ်၊ သမီးကို သူကိုယ်တိုင် ကုသတာ အင်မတန် ကံကောင်းတယ်'

mgyoe.com

mgyoe.com


မစ္စဟာမ်းမားစမစ်က ယင်းသို့ပြောရင်း မီရှဲ၏ ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ပိတ်စကို ခြေရင်းဘက်သို့ ဆွဲချလိုက်သည်။ ထို့နောက် ဆရာမက သူမ၏ ဝတ်ရုံကို ရင်ညွန့်အထိ ရောက်အောင် ဆွဲထားလိုက်သည်ကို မီရှဲ အနည်းငယ်မျှသာ ခုခံရုန်းဖယ်သည်။

ဆရာမတစ်ယောက်က ဘီးတပ်စားပွဲငယ်ကို ဖုံးအုပ်ထားသော အဝတ်စိမ်းကြီးကို ဆွဲဖယ်လိုက်သည်။ ဒေါက်တာဝီလီသည် မီရှဲကို ကျောပေးပြီး စားပွဲပေါ်မှ ကိရိယာ တန်ဆာပလာများနှင့် အလုပ်ရှုပ်နေသည်။ ဆရာဝန်ကြီး စားပွဲဘက်သို့ လှည့်လာသောအခါ သူ့ လက်နှစ်ဖက်တွင် ဆေးရည်စိုရွှဲနေသော ဂွမ်းစများ ကိုင်ထားသည်။

'သမီးရဲ့ အသားကို သန့်ရှင်းသွားအောင် လုပ်ပေးမယ်နော်'

ဒေါက်တာဝီလီက ပြောလိုက်ပြီး မီရှဲ၏ တင်ပါးရိုးကို ဂွမ်းစဖြင့် ပွတ်သပ်သည်။ ဆေးရည်များက ထိတ်လန့်ဖွယ်ရာ ကောင်းလောက်အောင် အေးစက်လှသည်။ ဆေးရည်များ သူမ၏ တင်ပါးအောက်တွင် အိုင်ထွန်းသွားသည်။ ယခုတစ်ကြိမ်တွင် ယခင်တစ်ကြိမ် အပ်ဖြင့် ထိုးဖောက်သည်များနှင့် မတူချေ။ မီရှဲက ကြည့်ရန် ကြိုးစားသည်။ သို့သော် ဒေါက်တာဝီလီက လှဲနေရန် ပြောသည်။

'ခဏကလေးဆိုရင် ပြီးသွားမယ်'

မစ္စဟာမ်းမားစမစ်က ပြောသည်။

မီရှဲသည် ဆရာမသုံးယောက်၏ မျက်နှာကို ကြည့်လိုက်သည်။ အားလုံးပင် ပြုံးနေကြသည်။ သို့သော် အပြုံးတုများသာ ဖြစ်ကြသည်။ မီရှဲ ထိတ်လန့်လာသည်။

'ဘယ်နေရာကို ဖောက်မှာလဲဟင်'

မီရှဲ နောက်တစ်ကြိမ် မထိုးရန် ကြိုးစားရင်း ဟစ်အော်လိုက်သည်။

သို့သော် ထထိုင်ရန် သူမ လှုပ်ရှားလိုက်စဉ်မှာပင် သန်မာသော လက်များက သူမကို ချုပ်ကိုင်ပြီး စားပွဲပေါ်တွင် ပြန်လှဲထားလိုက်သည်။ သူမ၏ ခြေချင်းဝတ်နှင့် လက်ကိုလည်း ဆုပ်ကိုင်ခြင်းခံရသည်။ သူမကို စားပွဲပေါ်တွင် တင်းတင်းကြီး ဖိထားကြသည်။ ယင်းသို့ ချုပ်ကိုင်မှုက သူမကို ပိုပြီး ထိတ်လန့်စေသည်။ သူမက ရုန်းဖယ်ရန် ကြိုးစားသည်။ သို့သော် ချုပ်ကိုင်မှုများက ပိုပြီး တင်းကျပ်လာကြသည်။

mgyoe.com

mgyoe.com


'ဟင့်အင်း ဟင့်အင်း'

မီရှဲ ဟစ်အော်သည်။

'သမီး သမီး'

ဒေါက်တာဝီလီက အလယ်တွင် အပေါက်ပါသော အဝတ်စ တစ်စကို မီရှဲ၏ တင်ပါးဆုံပေါ်တွင် တင်ရင်း ပြောလိုက်သည်။ ထို့နောက် ဒေါက်တာ ဝီလီသည် စားပွဲငယ်ဘက်သို့ လှည့်ပြီး အလုပ်များနေပြန်တော့သည်။ သူပြန် လှည့်လာသောအခါ သူ့လက်ထဲတွင် ရောမ ဆေးထိုးအပ်ကြီး တစ်ချောင်း ကိုင်ထားသည်ကို မီရှဲတွေ့ရသည်။

'ဟင့်အင်း'

မီရှဲအော်လိုက်သည်။ ဆရာမများ၏ ချုပ်ကိုင်မှုမှ တအားကုန် ရုန်းထ သည်။ ရုတ်ခြည်းဆိုသလိုပင် သူမ၏ ရင်ဘတ်ပေါ်သို့ မစ္စဟမ်းမားစမစ်၏ ကိုယ်ခန္ဓာကြီး ပိကျလာသည်။ မီရှဲ အသက်ရှူ၍ မရနိုင်လောက်အောင် ဖြစ်သွားသည်။ ထို့နောက် သူမ၏ တင်ပါးဆုံ အတွင်းသို့ အပ်ထိုးစိုက်လိုက် သည်ကို ခံစားလိုက်ရသည်။

*

ချားသည် မုန့်ဖြူဖြူကြီး၏ ထောင့်စွန်းကို ကိုက်ဖဲ့လိုက်သည်။ လိမ့် ထွက်သွားသော အသားတုံးကလေး တစ်တုံးကို စားပွဲပေါ်သို့ မကျအောင် လက်ချောင်းများဖြင့် ဖမ်းထားလိုက်ရသည်။ ရောမ ဆင်းဒဝစ်ကြီးဖြစ်သည်။ သူတို့ဌာန လက်ဖက်ရည်ဆိုင်မှ သည်တစ်ခုပဲ ကောင်းကောင်းထွက်သည်။ ချားက မည်သူနှင့်မျှ မတွေ့ချင်ဟု ဆိုသဖြင့် အယ်လင်က သူ့အတွက် ယူလာခြင်း ဖြစ်သည်။ ချားသည် ပထမအမျိုးသားဘဏ်သို့ ခဏတစ်ဖြုတ်မျှ သွားရောက်ခဲ့ပြီးနောက် ဓာတ်ခွဲခန်းထဲမှာပင် ထိုင်ပြီး ကင်ဆာရင် စမ်းသပ်မှု မှတ်တမ်းများကို ကြည့်ရှုလေ့လာလျက် ရှိသည်။ ဓာတ်ခွဲခန်း မှတ်တမ်းများ အားလုံးကို သူသေသေချာချာ ကြည့်သည်။ အားလုံးပင် စနစ်တကျ ရှိနေသည် ကို တွေ့ရသဖြင့် သူအံ့သြရသည်။ သို့ဖြင့် သည်လုပ်ငန်းနှင့် ပတ်သက်ပြီး အကောင်းမြင်လာရသည်။ သူ ပထမ ထင်ထားသလောက် အခက်အခဲများ ရှိမည် မဟုတ်ပေ။ ခြောက်လအတွင်း ပြီးစီးသွားနိုင်သည်ဟု မျှော်လင့်ရသည်။ ပါးစပ်ထဲမှ မုန့်များကို ဝါးမျိုချလိုက်သည်။ ထို့နောက် ကော်ဖီနွေးနွေး ကလေး ကို ကျိုက်ချလိုက်သည်။

mgyoe.com

mgyoe.com


'ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ကောင်းတာတစ်ခုကတော့ ရန်ပုံငွေ တောင့်တင်းတာပဲ။ ကိုယ်တို့ အနေနဲ့ ငွေတွေကို ရေလိုသုံးနိုင်တာ ပထမဆုံးအကြိမ်ပဲ။ ကိုယ်တို့ လိုချင်နေတဲ့ အလိုအလျောက် ရေတွက်စက်နဲ့ လွန်ကဲ ဗဟိုခွာစက် အသစ်ကြီးတွေ ရနိုင်မှာ အမှန်ပဲ'

ချားက ပါးစပ်ကို လက်ဖမိုးတစ်ဖက်ဖြင့် သုတ်ယင်း ပြောလိုက်သည်။

'အရောင်ခွာတတ်ခွဲနည်း ယူနစ်လည်း ရနိုင်တယ်'

အယ်လင်က ပြောလိုက်သည်။

'အမှန်ပဲပေါ့၊ ဒီစီမံချက်အတွက် ရသမျှ ပစ္စည်းတွေဟာ ကိုယ်တို့ အတွက်ပဲ'

သူသည် ဆင်းဒဝစ်မုန့်ကို စက္ကူပုန်းကန်ထဲသို့ ချထားလိုက်ပြီး ခဲတံကို ကောက်ယူလိုက်သည်။

'ဒီမှာ ကိုယ်တို့ လုပ်ရမည့် အစီအစဉ်တွေ၊ ကိုယ်တို့ ပထမဆုံး အယ်လ်ဒီ ၅၀ ဆယ့်ခြောက်ပုံတစ်ပုံနဲ့ စမယ်'

အယ်လင်က

'ခဏကလေး၊ ရောဂါပြီးဗေဒမှာပဲ အားစိုက်နေခဲ့လို့ ဒါတွေကို ကျွန်မ မေ့တော့တော့ ဖြစ်နေပြီ။ ကျွန်မကို ပြန်ပြောစမ်းပါ။ အယ်လ်ဒီ ၅၀ ဆိုတာ စမ်းသပ် တိရစ္ဆာန်တွေကို ငါးဆယ်ရာခိုင်နှုန်း သေစေနိုင်တဲ့ ဆေးချိန်ပဲ မဟုတ်လား'

'ဟုတ်တယ်၊ ကိုယ်တို့ ကြွက်ဝမ်းဖြူကလေးတွေနဲ့ စကြမယ်၊ အာရုံ အိတ်ကစ်ဆဲဗင်း မျိုးထူးကိုသုံးမယ်'

ချားသည် ခဲတံဖြင့် ကင်ဆာရင် စီမံချက်၏ လုပ်ငန်း အဆင့်ဆင့် သရုပ်ပြပုံစံကို ရေးဆွဲလျက် ရှိသည်။ သူသည် ရေးမှတ်နေရင်းဖြင့် လုပ်ကိုင်ရမည့် အဆင့်များကို အယ်လင်အား ရှင်းပြနေသည်။

'ဟုတ်ပြီ၊ ဒီကိစ္စကိုတော့ ကျွန်မ သဘောပေါက်ပြီ။ ဒါပေမဲ့ ကျွန်မ တို့ရဲ့ လုပ်ငန်းကို ဘယ်လိုလုပ်ကြမလဲ'

'အဲဒါကတော့ ကိုယ်လည်း စဉ်းစားနေတုန်းပဲ။ ဒီပြဿနာက ကိုယ်တို့ နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်'

'အစ်ကိုကြီး အပေါ်မှာ တည်တာပဲ'

mgyoe.com

mgyoe.com


အယ်လင်က ပြောလိုက်သည်။ သူမက ခွေးခြေမြင့်ပေါ်တွင် ထိုင်နေသည်။ ဓာတ်ခွဲခန်း စားပွဲကို ကျောမှီထားသည်။ ဓာတ်ခွဲခန်း ကုတ်အဖြူကို ဝတ်ထားသည်။ သို့သော် ကြယ်သီးများ တပ်မထားပါ။ သို့ဖြင့် သိုးမွေးဆွယ်တာ ပေါ်လွင်နေသည်။ ပုလဲပုတီးကလေးကို မြင်ရသည်။ သူမ၏ နူးညံ့သော လက်များကို ပေါင်ပေါ်တွင် ယှက်တင်ထားသည်။

'ညဘက်တွေမှာ အချိန်ပို လုပ်မယ်ဆိုတာ ညီမ တကယ်ပြောတာလား'

ချားက မေးလိုက်သည်။

'အစ်ကိုကြီးအဖို့ အစ်ကိုကြီးရဲ့ လုပ်ငန်းဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ညီမ သိပါတယ်။ နောက်ပြီးတော့ အဖြေတစ်ခုခု ရတော့မယ်လို့ အစ်ကိုကြီး ယူဆနေတာကိုလည်း ညီမသိတယ်။ နောက်ဆုံးအချိန်မှာ သည်လုပ်ငန်း အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ ညီမ မသိဘူး။ ညီမအဖို့ သည်ကိစ္စ အရေးမကြီးပါဘူး။ အစ်ကိုကြီး တစ်ခုတော့ သိဖို့ကောင်းတယ်။ အစ်ကိုကြီးဟာ ညီမတွေ့ဖူးသမျှ လူတွေထဲမှာတော့ ခေါင်းအမာဆုံး လူတစ်ယောက်ပဲ'

အယ်လင်၏ မျက်နှာကို ချားကြည့်လိုက်သည်။ ခေါင်းအမာဆုံး ဆိုသည့် စကားလုံးသည် ဘာကို ရည်ရွယ်သနည်း။ ချီးကျူးခြင်းလော၊ စော်ကားခြင်းလော၊ သူမသိပါ။ အလုပ်အကြောင်း ပြောနေရာမှ အဘယ့်ကြောင့် သူ့အကြောင်း ရောက်သွားရသနည်း။

သူမကို ချား ငေးစိုက်ပြီး ကြည့်နေသည်ကို သတိပြုမိသောအခါ အယ်လင် ပြုံးလိုက်ပြီး၊

'ဒါလောက်ကြီးလည်း အံ့သြမနေပါနဲ့ အစ်ကိုကြီး၊ တကယ်လို့သာ အစ်ကိုကြီးက ညဘက်မှာ အချိန်ပိုလုပ်ချင်တယ်ဆိုရင် ညီမလည်း လုပ်ပါ့မယ်။ အဲဒီလို လုပ်ကြမယ်ဆိုရင် ညမှာ စားကြဖို့အတွက် ညီမ တစ်ခုခု ယူခဲ့ပါ့မယ်'

'လွယ်တော့ သိပ်မလွယ်ဘူး၊ ကိုယ်တို့နှစ်ယောက်ဟာ ဒီမှာပဲ ပြောင်းပြီး နေကြရမယ့်သဘော ဖြစ်နေတယ်'

'ဓာတ်ခွဲခန်းက ညီမအခန်းထက် ပိုပြီး ကျယ်ပါတယ်။ ပြီးတော့ ညီမရဲ့ ကြောင်တွေကလည်း သူတို့ဟာသူတို့ နေနိုင်ကြပါတယ်'

mgyoe.com

mgyoe.com


အယ်လင် ရယ်မောကာ ပြောသည်။

ချားသည် အယ်လင်ကို ကြည့်နေရာမှ စောစောက ရေးဆွဲထားသော လုပ်ငန်းအဆင့်ဆင့် သရုပ်ပြပုံကို ပြန်ကြည့်သည်။ သို့သော် သူသည် ကင်ဆာရင်နှင့် ပတ်သက်ပြီး စဉ်းစားနေသည် မဟုတ်ပါ။ အယ်လင်နှင့် အတူ ညအချိန်ပို လုပ်ရမည့် ကိစ္စကို သင့်မသင့် ချိန်ဆနေခြင်း ဖြစ်သည်။

'မောရစ်ဆန်ကတော့ ညအချိန်ပို လုပ်တဲ့အတွက် ညီမကို ဘာမှ ပေးမှာ မဟုတ်ဘူး'

သူပြောလိုက်သည်။

'ညီမ မ...'

အယ်လင်၏ စကားမဆုံးပါ။ သူမ၏ စကားကို ကြားဖြတ်ပြီး တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

'ညီမ ကောက်လိုက်ပါ၊ ကိုယ် ဘယ်သူနဲ့မှ စကား မပြောချင်ဘူး'

အယ်လင် ခွေးခြေပေါ်မှ ဆင်းသည်။ ချား၏ ပခုံးပေါ်မှ ကျော်ကာ တယ်လီဖုန်းကို ကောက်ယူသည်။ ဟဲလိုဟု ထူးလိုက်ရင်း သူမ၏လက်ကို ချား၏ ကိုယ်ပေါ်တွင် တင်ထားသည်။ သို့သော် ထိုလက်ကို လျင်မြန်စွာပင် ပြန်ရုပ်လိုက်သည်။ ထို့နောက် စကားပြောခွက်ကို သူ့ပေါင်ခြံထဲသို့ ပစ်ချရင်း ထွက်သွားသည်။

'အစ်ကိုကြီး မိန်းမ'

ချားသည် ခြေထောက်နှစ်ခုကြားထဲတွင် ရောက်နေသော တယ်လီဖုန်းကို လက်ဖြင့်စမ်းပြီး ရှာရသည်။ ကြိုးကို ဆွဲယူရသည်။

'ဘာကိစ္စလဲ'

သူ စိတ်တိုစွာ မေးလိုက်သည်။

'ဒေါက်တာဝီလီရဲ့ ရုံးခန်းကို အစ်ကိုလာခဲ့ပါ'

ကက်သရင်း ထိန်းချုပ်ထားသော လေသံဖြင့် ပြောသည်။

'ဘာတွေ ဖြစ်နေလို့လဲ'

'တယ်လီဖုန်းကနေ မပြောချင်ဘူး'

'ဒီမယ် ကက်သရင်း၊ ဒီကနေ့ မနက်ဟာ ကိုယ့်အတွက် ကောင်းတဲ့ နံနက်ခင်း တစ်ခု မဟုတ်ဘူး။ ဘာဖြစ်တယ် ဆိုတာ သဘောလောက်ပြောစမ်းပါ'

mgyoe.com

mgyoe.com


'အစ်ကို ဒီကိုလာခဲ့ပါ'

'ကနေ့မနက်ကတော့ ကိုယ့်အဖို့ မိုးပြိုတာပဲ၊ ကိုယ်အခု မလာနိုင်ဘူး'

'ကျွန်မ စောင့်နေမယ်'

ယင်းသို့ပြောပြီး ကက်သရင်း ဖုန်းချသွားသည်။

'သောက်'

ချား အော်လိုက်ပြီး စကားပြောခွက်ကို ဆောင့်ချလိုက်သည်။ သူ့ကုလားထိုင်ကို လှည့်လိုက်သောအခါ အယ်လင်ကို သူ၏ အလုပ်စားပွဲတွင် တွေ့ရသည်။

'အရေးကြီးတကာ့ အရေးကြီးဆုံးကတော့ ကက်သရင်းတစ်ယောက်ပဲ၊ ဆေးရုံကို လာဖို့ ပြောနေတယ်။ ဒါပေမဲ့ ဘာကိစ္စဆိုတာကတော့ မပြောဘူး။ သည်ကနေ့ နောက်ထပ် ဘာတွေ ဖြစ်နိုင်သေးသလဲ'

'လက်နှိပ်စက် စာရေးမကို ယူထားတာ ဒီလိုပဲ ဖြစ်မှာပဲပေါ့'

'ဘာပြောတယ်'

အယ်လင်၏ စကားကို သူကြားလိုက်သည်။ သို့သော် သူမ၏ ဝေဖန်ချက်က ရှေ့နောက် မဆက်စပ်ဘဲ ရှိနေသည်။

'အစ်ကိုကြီး ဘာတွေ လုပ်နေတယ်ဆိုတာကို ကက်သရင်း မသိဘူး၊ အစ်ကိုကြီး ခံစားနေရတာတွေကို သူ နားမလည်နိုင်ဘူး'

ချားမာတဲသည် အယ်လင်ကို ငေးစိုက်ကြည့်နေသည်။ ထို့နောက် ပခုံးကို တွန့်လိုက်သည်။

'အယ်လင် ပြောတာ ဖြစ်နိုင်ပါတယ်။ သူ့စိတ်ထဲမှာ ကိုယ်ဟာ တခြားကိစ္စတွေအားလုံးကို ပစ်ထားခဲ့ပြီး ကလေးဆေးရုံကို ပြေးလာနိုင်မယ်လို့ ထင်နေပုံရတယ်။ ဒေါက်တာဝီလီဆီကို ဖုန်းဆက်ပြီး ဘာဖြစ်တယ်ဆိုတာ မေးကြည့်ရင် ဖြစ်မယ်'

တယ်လီဖုန်းကို သူကောက်ယူလိုက်ပြီး ဒိုင်ခွက်ကို လှည့်သည်။ သို့သော် တစ်ဝက်လောက်တွင် ရပ်လိုက်သည်။ စကားပြောခွက်ကို ပြန်ချသည်။ မိရှဲကို စဉ်းစားမိသောအခါ သူ့မှာ စိုးရိမ်စိတ်များ ဝင်လာရသည်။ နံနက်ပိုင်းက နာခေါင်း သွေးလျှံသည်ကို သတိရမိသည်။

'အဲဒီကို ကိုယ်ပြေးသွားလိုက်ဦးမယ် သိပ်မကြာဘူး'

mgyoe.com

mgyoe.com


'ဒါဖြင့် ကျွန်မတို့ လုပ်ငန်းကကော'

'ကိုယ်ပြန်လာတော့ ပြောမယ်။ ဒီအတွင်းမှာ ကြွက်တွေကို ထိုးဖို့ကင်ဆာရင် ဖျော်ထားပါလား။ ကိုယ်ပြန်လာလာချင်း ထိုးမယ်' တံခါးအနီးရှိ သံမဏိဗီရိုထဲမှ သူ၏ ကုတ်အင်္ကျီကို ထုတ်ဝတ်ရင်း 'ဘရိုက်ဏန်ရဲ့ ကြွက်တွေကို ကိုယ်တို့ တိရစ္ဆာန်ခန်းထဲကို ရွှေ့ထားရင် ကောင်းမယ်။ အဲဒီမှာ အမျှားကြီး အဆင်ပြေသွားမယ်'

ချားထွက်သွားသည်ကို အယ်လင်ငေးစိုက်ပြီး ကြည့်နေသည်။ သူမသည် အပြင်တွင် မည်သို့ပင် ဆုံးဖြတ်ခဲ့ပေစေ သူနှင့် မျက်နှာချင်းဆိုင်တွေ့ရသောအခါ သူမ၏ရင်မှာ နာကျင်ရသည်။ သည်သို့ မဖြစ်သင့်မှန်း သူမ သိပါသည်။ သို့သော် မတတ်နိုင်ပါ။ မထိန်းနိုင်ပါ။ ယခုအခါ သူမမှာ စိတ်ပျက် အားလျော့ခြင်းလည်း ဖြစ်ရသည်။ ဒေါသအမျက်လည်း ဖြစ်ရသည်။ စိတ်ထဲမှာ ငိုချင်လာသည်။ သူမသည် ညအချိန်တွင် အလုပ်အတူတူ လုပ်ရမည့်အတွက် စိတ်လှုပ်ရှားနေမိခဲ့သည်။ တကယ်တော့ မိုက်မဲမှုတစ်ခုသာ ဖြစ်သည်။ ကလေးဆန်သော အတွေးတစ်ခုသာ ဖြစ်သည်။ သူမ၏ အသည်းကိုသာ ပို၍ နာကျင်စေမည် ဖြစ်ပါသည်။

ဆေးထိုးပြွန်များကို အယ်လင် ထုတ်နေစဉ်တွင် ဓာတ်ခွဲခန်းအတွင်းသို့ ဒေါက်တာမောရစ်ဆန် ရောက်ရှိလာသည်။

'ဒေါက်တာမာတဲ မရှိဘူး'

အယ်လင်က ပြောလိုက်သည်။

'ကျုပ်သိပါတယ်၊ သူထွက်သွားတာ ကျုပ်မြင်လိုက်တယ်။ ကျုပ်လာတာ ညည်းနဲ့တွေ့ချင်လို့ပဲ။ ညည်းနဲ့ စကားနည်းနည်း ပြောချင်တယ်'

အယ်လင်သည် ဆေးထိုးပြွန်ကို ချထားလိုက်ပြီး လက်နှစ်ဖက်ကို ဂျက်ကက်အင်္ကျီ အိတ်များထဲသို့ ထည့်ကာ ဒေါက်တာမောရစ်ဆန်ရှိရာ ကောင်တာအစွန်သို့ လျှောက်သွားသည်။ ဌာနမှူးက သူမကို ချားကွယ်ရာတွင် တွေ့ဆုံခဲ့ရိုး မရှိပါ။ သို့သော် သည်ကနေ့ နံနက်တွင် အမျိုးစုံ ဖြစ်ပျက်ခဲ့သဖြင့် အယ်လင် မအံ့ဩတော့ပါ။

ဒေါက်တာမောရစ်ဆန်သည် သေးသွယ်သော ရွှေစီးကရက်ဗူးကလေးကို ဖွင့်ကာ အယ်လင်ထံသို့ ကမ်းလှမ်းသည်။ အယ်လင် ခေါင်းခါသောအခါ မောရစ်ဆန်သည် စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။

mgyoe.com

mgyoe.com


'ကိုယ်သောက်လို့ ဖြစ်မလား'

မောရစ်ဆန် မေးသည်။

အယ်လင် ပခုံးတွန့်လိုက်သည်။ ချားသည် ဓာတ်ခွဲခန်းထဲတွင် ဆေးလိပ်သောက်ခွင့် မပြုပါ။ အန္တရာယ်ရှိ၍ မဟုတ်ပါ။ ဆေးလိပ်နံ့ကို သူ မကြိုက်၍ ဖြစ်သည်။

မောရစ်ဆန်သည် သူ၏ စီးကရက်ဗူးနှင့် လိုက်ဖက်သော ရွှေမီးခြစ်ကလေးကို ကုတ်အင်္ကျီအိတ်ထဲမှ ထုတ်လိုက်သည်။ ထို့နောက် စီးကရက်ကို ဟန်ပါပါ မီးညှိသည်။ အယ်လင်ကို စောင့်ဆိုင်းနေစေခြင်းပင် ဖြစ်သည်။

'ဘရိုက်တန် ကိစ္စတော့ ညည်းသိပြီးပြီ ထင်တယ်'

နောက်ဆုံးတွင် မောရစ်ဆန်က မေးလိုက်သည်။

'နည်းနည်းပါးပါးပေါ့'

'ကင်ဆာရင် လုပ်ငန်းကို ချားက ဆက်လုပ်ရမယ်ဆိုတာကော သိမှာပေါ့'

အယ်လင် ခေါင်းညိတ်သည်။

မောရစ်ဆန် စကားမပြောသေးဘဲ စီးကရက် မီးခိုးများကို အကွင်းလိုက်မှုတ်ထုတ်နေသည်။ ပြီးမှ -

'ကိုယ်တို့ဌာနအဖို့ ဒီလုပ်ငန်းပြီးစီးသွားဖို့ သိပ်အရေးကြီးတယ်၊ ဒီလုပ်ငန်း အောင်မြင်ဖို့ အရေးကြီးတယ်'

'ဒီလုပ်ငန်းကို ဒေါက်တာမာ်တဲ စလုပ်နေပါပြီ'

အယ်လင် ပြောလိုက်သည်။

'ကောင်းတယ် ကောင်းတယ်'

သူ ဆက်မပြောသေးဘဲ ရှိနေပြန်သည်။ အတန်ငယ်ကြာမှ

'ဒီကိစ္စကို ကိုယ်ဘယ်လို ပြောရမလဲ မသိဘူး။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ တစ်ခုထင်နေတာကတော့ ချားဟာ ဒီလုပ်ငန်းကို တစ်မျိုးဖြစ်အောင် လုပ်နေပုံရတယ်'

'ဒါနဲ့ ပတ်သက်လို့တော့ ဘာမှ မစိုးရိမ်ပါနဲ့၊ သူ့မှာ လုပ်ငန်းသမာဓိ ရှိပါတယ်'

'ကိုယ်ပြောနေတာက သူရဲ့ အသိပညာပိုင်းနဲ့ ပတ်သက်လို့ မဟုတ်ဘူး။

mgyoe.com

mgyoe.com


သူ့ရဲ့ ခံစားမှုအပိုင်းနဲ့ ပတ်သက်လို့ပဲ။ သူဟာ စိတ်ကူးပေါက်ရာ လုပ်တတ်တယ်'

စိတ်ကူးပေါက်ရာ။ သည်းစကားလုံးက အယ်လင်၏ အတိတ်ကို နှိုးဆွသည်။ သူမ၏ စိတ်ထဲတွင် အတိတ်က ဖြစ်ပျက်ခဲ့သည်များသည် ယမန်နေ့ ညနေက ဖြစ်ပျက်သည်များဟု ထင်လာသည်။ ဟားဗတ်ပျော်ပွဲစားရုံမှာ သူတို့ ညစာ စားကြသည်။ ထို့နောက် သူမ၏ အခန်းကိုသွားပြီး ချစ်တင်းနှောကြသည်။ သို့သော် ချားသည် ထုံးစံအတိုင်းပင် သူမ၏ အခန်းတွင် တစ်ညလုံး မနေပါ။ ကလေးတွေကို စိတ်မချဟု ဆိုသည်။ နောက်တစ်နေ့ နံနက်ကျတော့ ချားသည် သူ့အလုပ်တွင် သူလုပ်သည်။ သူမနှင့် အပြင်မထွက်တော့ချေ။ သူမကိုလည်း ဘာမှ မပြောတော့။ ထို့နောက် ယာယီလက်နှိပ်စက် စာရေးမနှင့် လက်ထပ်လိုက်သည်။ အဖြစ်က ချားသည် ကနေ့ သည်တစ်ယောက်နှင့်တွေ့ပြီး နောက်တစ်နေ့တွင် နောက်တစ်ယောက်နှင့် လက်ထပ်သွားသည့်အလား အယ်လင် ခံစားရသည်။ အမှန်လည်း ချားသည် စိတ်ကူးပေါက်ရာ လုပ်တတ်သည်။ ထို့နောက် ခေါင်းမာသည်။

'ကျွန်မ ဘာပြောရမလဲ'

အယ်လင်သည် သူမ၏ စိတ်များကို ထိန်းချုပ်ရင်းမေးလိုက်သည်။

'ညည်းသဘောကို ပြောစမ်းပါ'

'ချားဟာ စိတ်လိုက်မာန်ပါ လုပ်တတ်တာ မှန်ပါတယ်။ ဒါပေမဲ့ သူ့လုပ်ငန်းကိုတော့ ထိခိုက်စေမှာ မဟုတ်ပါဘူး။ ကင်ဆာရင် စီမံချက်နဲ့ ပတ်သက်လို့ ဆရာကြီး သူ့ကို စိတ်ချနိုင်ပါတယ်'

မောရစ်ဆန် စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြုံးလိုက်သည်။

'ကျေးဇူးပဲအယ်လင်၊ ကိုယ်ကြားချင်တာ ဒီစကားပဲ၊ နောက်တစ်ခု ပြောချင်တာကတော့ ညည်းအနေနဲ့ ကိုယ့်ကို တစ်ခု လုပ်ပေးစမ်းပါ။ ဌာနကြီး အတွက်ပါပဲ၊ ကင်ဆာရင် စီမံချက်နဲ့ ပတ်သက်ပြီး ချားအနေနဲ့ တစ်ခုခု ထူးထူးခြားခြား ရှိခဲ့ရင် သတင်းပို့ပေးစမ်းပါ။ ဒီလိုပြောရတာ တစ်မျိုးပဲ ဆိုတာတော့ ကိုယ်သိပါတယ်။ ဒါပေမဲ့ ညည်းရဲ့ ပူးပေါင်းကူညီမှုကို ဒါရိုက်တာအဖွဲ့က အများကြီး ကျေးဇူးတင်ပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်မနာမည်ကိုတော့ မဖော်စေချင်ဘူး'

mgyoe.com

mgyoe.com


'စိတ်ချပါ၊ ဒါပြောစရာ မလိုပါဘူး။ ကိုယ့်ဆီကိုသာ တိုက်ရိုက်သတင်းပို့ပါ'

တံခါးဝတွင် မောရစ်ဆန် ရပ်လိုက်ပြီး

'အယ်လင်နဲ့ အခုလို ပြောရတာ အများကြီး ကောင်းတယ်။ ကိုယ်အစောကြီးကတည်းက စိတ်ကူးရှိခဲ့ပါတယ်။ အယ်လင်မှာ ဘာကိစ္စပဲရှိရှိ ကိုယ်တံခါး ဖွင့်ထားပါတယ်'

'ကျေးဇူးတင်ပါတယ်'

အယ်လင်က ပြောလိုက်သည်။

'တစ်နေ့ကျရင် ညစာ စားကြရအောင်'

'ဟုတ်ကဲ့'

အယ်လင် ခေါင်းညိတ်လိုက်သည်။

တံခါးပိတ်သွားသည်ကို သူမ ငေးပြီး ကြည့်နေသည်။ သူ့ကို ကြည့်ရသည်မှာ တစ်မျိုးပင် ဖြစ်သည်။

သို့သော် သူသည် ပြတ်သားသည်၊ သြဇာရှိသည်။

❒

mgyoe.com

mgyoe.com

# (၅)

ချားသည် ဟားဗတ်တံတားကို ဖြတ်ကျော်စဉ်တွင် ကလန်ကဆန်နိုင်သော အပူပေး ကိရိယာနှင့် ရန်ဖြစ်ရသည်။ သူသည် အထိန်းလက်တံကို အပူဆင့် နေရာသို့ ရောက်ရှိအောင် မလုပ်နိုင်ဘဲ ဖြစ်နေသည်။ ယင်းကဲ့သို့ အပူပေး ကိရိယာကို ရွေ့လျားအောင် လုပ်နေသဖြင့် သူ၏ကားသည် တစ်ဖက်သို့ ယိမ်းထိုးသွားတော့သည်။ ဘေးဘက်က ကားများက ဟွန်းတီးပြီး သတိပေးကြသည်။ သူသည် စိတ်ပေါက်ပေါက်ဖြင့် လက်တံကို လက်ဖနောင့်ဖြင့် ဆောင့်လိုက်ရာ ပလတ်စတစ်လက်တံ အောက်ဘက်သို့ ပြုတ်ကျသွားတော့သည်။

သို့ဖြင့် သူသည် အအေးဒဏ်ကိုခံရင်း လမ်းကို ဂရုပြုပြီး မောင်းရသည်။ လက်ယာဘက် မန်ဆက်ချူးဆက်ရိပ်သာ လမ်းသို့ သူချိုးသည်။ ဘော်စတန် ပန်းချီပြတိုက်နှင့် ဂက်ဒနာ ပြတိုက်တို့ကို ဖြတ်ကျော်သည်။ လမ်းပေါ်တွင် ကားများ ရှင်းလင်းလာသောအခါ သူ့ခေါင်းထဲတွင် အတွေးများ ဝင်လာသည်။ ကက်သရင်းက သူ့ကို အကျိုးအကြောင်း ရှင်းမပြခြင်းသည် ရက်စက်ခြင်း တစ်ခုပင် ဖြစ်တော့သည်။ သူ့မှာ တောင်တောင်အီအီများ စဉ်းစားနေရတော့သည်။ မိရှဲ နှာခေါင်းသွေး လျှံပြန်ချေပြီလော။ သည်ကြောင့်တော့ မဖြစ်နိုင်ပါ။ ဆေးရုံမှ ဖောက်ယူစစ်ဆေးရန် တစ်ခုခုရှိသည်ကို ကက်သရင်း သဘောတူညီချက် မပေးလိုက်ရလော။ ယင်းသို့ ဆိုလျှင်လည်း သည်အကြောင်းကို တယ်လီဖုန်းမှ မပြောနိုင်စရာ ဘာအကြောင်းမျှ မရှိပါ။

mgyoe.com

mgyoe.com


ရောဂါတစ်ခုခု ဖြစ်နေ၍လော။ အူအတက် ရောင်ရမ်း၍ ဖြစ်နိုင်သည်။ မီးရှဲမှာ အဖျား နည်းနည်းရှိသည်။ ဝမ်းဗိုက်ကို စမ်းလျှင် နည်းနည်းနာသည်။ အပြင် လျော့ အူအတက် ရောင်ရမ်းတာပဲ ဖြစ်သည်။ သူတို့ ခွဲစိတ်ချင် ခွဲစိတ်မည်။ ဆေးရုံနှင့် ပတ်သက်လာလျှင် ကက်သရင်း ချောက်ချားတတ်မှန်း သူသိသည်။

ဒေါက်တာရော်ဒန်ဝီလီ၏ ရုံးခန်းတွင်း ဝင်ရောက်သွား သောအခါ စိုးရိမ်ပူပန်နေသော မိခင်များနှင့် ငိုကြွေးနေသော ကလေးငယ်များကို ချားတွေ့ ရှိရသည်။

ချားသည် ကက်သရင်းကို အမျိုးသမီးများနှင့် ကလေးတွေ အကြားတွင် ရှာဖွေသည်။ မတွေ့ပါ။ သို့ဖြင့် ကလေးအမေများ ကြားတွင် ဝိုင်းဝိုင်းလည်နေ သော ဆရာမတစ်ဦးထံသို့ ချား ချဉ်းကပ်သွားသည်။ ချားသည် ကလေးအမေ များကို ဖြတ်ပြီး မေးရန် စိတ်ကူးသည်။ သို့သော် မိမိအလှည့်ကိုရောက်အောင် စောင့်မှပဲဟု သဘောပေါက်မိသည်။ နောက်ဆုံးတွင် သူသည် သူနာပြုဆရာမ ၏ ဂရုပြုခြင်းကို ခံရသည်။

'ကျွန်တော့် အမျိုးသမီးကို လာရှာတာပါ'

ချား ပြောလိုက်သည်။ ခပ်ကျယ်ကျယ် ပြောရသည်။

'နာမည် ဘယ်သူလဲ'

ဆရာမက မေးသည်။ သူမ၏ လက်နှစ်ဖက်သည် လူနာ မှတ်တမ်း ပုံကြီးပေါ်တွင် ရှိနေသည်။

'မာတဲ၊ ကက်သရင်းမာတဲပါ'

'ခဏကလေး'

သူမ ထိုင်ရာမှ မတ်တတ်ထလိုက်သည်။ သူမ၏ မျက်နှာ အလေး အနက် ရှိသွားသည်။ စားပွဲပတ်လည်မှ အမျိုးသမီးများက ချားကို ကြည့်ကြ သည်။ လေးစားဟန်လည်း ရှိသည်။ မကျေနပ်ဟန်လည်း ရှိသည်။ ချက်ချင်း လက်ငင်း အရေးယူဆောင်ရွက်ခြင်း ခံရသဖြင့် မနာလိုကြသည်မှာလည်း ရှင်းနေသည်။

ဆရာမ ချက်ချင်းပင် ပြန်လာသည်။ ဆရာမနှင့် အမျိုးသမီးတစ် ယောက် ပါလာသည်။ မက်ချလင်တိုင်ယာ ကြော်ငြာမှ လူဝကြီးနှင့်တူသည်ဟု ချား ထင်မိသည်။ ဆရာမ၏ အမည်စာတမ်းကို ဖတ်လိုက်သည်။ မစ္စဟမ်းမား

mgyoe.com

mgyoe.com


စမစ်။ သူမက ချားကို မျက်ရိပ်ပြသည်။ ချားနာခံပြီး စားပွဲကို ကွေ့လျှောက်သည်။

'ဒီဘက်ကို ကြွပါရှင်'

ဆရာမ၏နောက်သို့ ချားလိုက်သွားသည်။ အဆောင်ကြီး တစ်ခုအတိုင်း သူတို့ လျှောက်သွားကြသည်။ ဆရာမ၏ ကိုယ်လုံးကြီးက သူ့ရှေ့မှ ပိတ်ကွယ်လျက်ရှိသည်။ စမ်းသပ်ခန်းများကို သူတို့ဖြတ် သွားကြသည်။ ခန်းမဆောင်ကြီး၏ အဆုံးသို့ ရောက်သောအခါ ဆရာမက ချားအတွက် တံခါးပေါက်တစ်ခုကို ဖွင့်ပေးသည်။

အခန်းတွင်းသို့ ချား ဝင်ရောက်သွား သောအခါ မစ္စဟမ်းမားစမစ်သည် အပြင်မှာပင် ကျန်ရစ်ခဲ့သည်။ တံခါးကို သူ့နောက်ဘက်၌ ပိတ်လိုက်သည်။ နံရံတစ်ဖက်တွင် စာအုပ်စင်များ ရှိသည်။ စင်များပေါ်တွင်ကား ဆေးဂျာနယ်များနှင့် ဆေးစာအုပ်များ ရှိသည်။ အခန်း၏ အလယ်တွင်ကား ဝက်သစ်ချစားပွဲဝိုင်း တစ်ခုရှိသည်။ စားပွဲပတ်လည်တွင် ကုလားထိုင် လေးငါးခြောက်လုံးရှိသည်။ ကုလားထိုင် တစ်လုံးတွင် ထိုင်နေရာမှ ကက်သရင်း ထရပ်သည်။ သူမ၏ အသက်ရှူသံကို ကြားနေရသည်။

'ဘယ်လိုဖြစ်....'

ချား စကားစလိုက်စဉ်မှာပင် သူ့ထံသို့ ကက်သရင်း ပြေးလာပြီး တအားသိုင်းဖက်လိုက်သည်။ ချားသည် သူမ၏ ခါးကို ပြန်ဖက်ထားလိုက်ပြီး သူမ တည်ငြိမ်မှု ရအောင် အချိန်ပေးရသည်။

'ကက်သရင်း'

နောက်ဆုံးတွင် သူမ၏ အမည်ကို ခေါ်လိုက်သည်။ သူမ၏ အပြုအမူကြောင့် သာမန်ခွဲစိတ်မှုလောက်သာ ဖြစ်သည်ဟူသော ချား၏ အတွေးမှေးမှိန်ရသည်။

ချား၏ စိတ်အာရုံတွင်းသို့ အတိတ်မှ ချောက်ချားဖွယ်ရာများ ဝင်ရောက်လာသည်။ သူ၏ ပထမဇနီး အဲလီဇဘက်ပြန်ရည်ဂလင်း ကင်ဆာဖြစ်သည့်အကြောင်း ကြားရသည့်နေ့ကို အမှတ်ရလိုက်သည်။

'ကက်သရင်း၊ ကက်သရင်း၊ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ'

'ကျွန်မ အပြစ်ပါပဲ'

mgyoe.com

mgyoe.com


ယင်းသို့ပြောပြီး ကက်သရင်း ငိုတော့သည်။ သူမ၏ ကိုယ်တသိမ့်သိမ့် တုန်နေသည်ကို ချားတွေ့ရသည်။

'ကက်သရင်း၊ ဘာဖြစ်တယ်ဆိုတာ ကိုယ့်ကို ပြောစမ်းပါ၊ မင်းအပြစ်ပါပဲ ဆိုတာက ဘာလဲ'

မီရှဲကို အစောကြီးကတည်းက ကလေးဆေးရုံကို ကျွန်မ ခေါ်လာသင့်တယ်'

သူမ၏ အသံက ရှိုက်သံများကြောင့် ကြားပြတ်လျက် ရှိသည်။

'မီရှဲ ဘာဖြစ်လို့လဲ'

သူ့ရင်ထဲတွင် စိုးရိမ်စိတ် ကြီးထွားလာသည်။ ကက်သရင်းက သူ၏ လည်ပင်းကို ပိုတင်းကျပ်စွာ ဖက်ထားသည်။ သူက သူမ၏လက်များကို တဖြည်းဖြည်း ဖယ်ပြီး ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်စေရသည်။ ကက်သရင်းသည် ကုလားထိုင်ပေါ်သို့ လေမရှိသော ပူဖောင်းတစ်ခုပမာ ကျသွားသည်။ သူမ၏ နံဘေးတွင် ချားထိုင်လိုက်သည်။

'ကက်သရင်း၊ ဘာဖြစ်တယ်ဆိုတာ ကိုယ့်ကို ပြောစမ်းပါ'

သူမက နွမ်းလျစွာဖြင့် သူ့ကို မော့ကြည့်သည်။ သူမ၏ မျက်လုံးပြာပြာများသည် မျက်ရည်များ လွှမ်းနေသည်။ သူမက တစ်စုံတစ်ခုကို ပြောဖို့ရန် ပါးစပ်ကို ဟလိုက်သည်။ သို့သော် သူမ ဘာမျှမပြောရမီမှာပင် တံခါးပွင့်သွားပြီး အခန်းတွင်းသို့ ဒေါက်တာဝီလီ ဝင်ရောက်လာသည်။

ချားသည် သူ့လက်များကို ကက်သရင်း၏ ပခုံးပေါ်တွင် တင်ထားလျက်ကပင် တံခါးပေါက်ဆီသို့ လှည့်ကြည့်လိုက်သည်။ ဒေါက်တာဝီလီကို မြင်သောအခါ သူ ထရပ်လိုက်သည်။ ဒေါက်တာဝီလီ၏ မျက်နှာတွင် သဲလွန်စ ရှာဖွေသည်။

ဒေါက်တာဝီလီကို သူ သိရှိခဲ့သည်မှာ အနှစ် နှစ်ဆယ်ကျော်ပေပြီ။ အပြင်ဘက်တွင် မိတ်ဆွေတစ်ဦး အနေဖြင့် သိရှိခဲ့ခြင်း မဟုတ်ပါ။ လုပ်ငန်းသဘောအရ သိရှိခဲ့ရခြင်းပင် ဖြစ်ပါသည်။ ချား ဆေးကျောင်းသား ဘဝတွင် သူ့ကို စတင် သိရှိခဲ့ရခြင်း ဖြစ်ပါသည်။ ချား တတိယနှစ်တွင် ဒေါက်တာဝီလီ သည် သူငယ်နာရောဂါဆိုင်ရာ ဆရာ ဖြစ်ခဲ့သည်။

'ချားရေ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်။ ဒါပေမဲ့ အခုလို စိတ်သောက ဖြစ်စရာအတွက်တော့ စိတ်မကောင်းပါဘူး'

mgyoe.com

mgyoe.com


ဒေါက်တာဝီလီက ချား၏လက်ကို ဆုပ်ကိုင်ရင်း ပြောသည်။

'စိတ်သောက ဖြစ်စရာအကြောင်းက ဘာဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါ ဆရာ'

'မောင်ရင့်အမျိုးသမီးက ပြောမပြသေးဘူးလား'

ဒေါက်တာဝီလီက မေးသည်။

ကက်သရင်း ခေါင်းခါပြသည်။

'ဒီလိုဆိုယင် ကျုပ်အပြင် ခဏထွက်ပေးဦးမှ ထင်တယ်'

ဒေါက်တာဝီလီ တံခါးဆီသို့ သွားမည်ပြုသည်။ သို့သော် ချားက သူ့ကို ဆွဲထားလိုက်ပြီး၊

'ဘာဖြစ်တယ်ဆိုတာ ဆရာ ကျွန်တော့်ကို ပြောပြစမ်းပါ'

ဒေါက်တာဝီလီ ကက်သရင်းကို လှမ်းကြည့်သည်။ သူမက သဘောတူညီကြောင်း ခေါင်းညိတ်ပြသည်။ ယခုအခါ သူမ မငိုတော့ပါ။ သို့သော် သူမအနေနှင့် အကျိုးအကြောင်းကို ရှင်းပြနိုင်ရန်တော့ အခက်အခဲ ရှိနေသည်။

'ကောင်းပြီလေ၊ မီရှဲရဲ့ ကိစ္စပဲ'

ဒေါက်တာဝီလီက ချားနှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း ပြောလိုက်သည်။

'အဲဒါတော့ သိတယ်'

'မောင်ရင် ထိုင်ပါလား'

'ဆရာပြောပါ'

ဒေါက်တာဝီလီသည် ပူပန်ကြောင့်ကြလျက်ရှိသော ချား၏မျက်နှာကို လေ့လာကြည့်ရှုသည်။ ချားသည် အတော်ကလေးပင် ရင့်အိုသွားချေပြီ။ သူ့ဘဝမှာ စိတ်ဒုက္ခပြင်းထန်စွာ ခံစားခဲ့ရသည်။

'မီရှဲမှာ လူကီးမီးယား ဖြစ်နေတယ် ချား'

ချား ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ၏ မျက်လုံးပြာပြာများ ဖန်ကျောက်ပမာ ဖြစ်သွားသည်၊ သူနည်းနည်းကလေးမျှ မလှုပ်ပါ။ အသက်ရှူမည် မထင်ရပါ။ ဒေါက်တာဝီလီ၏ သတင်းသည် အတိတ်မှ နာကျည်းဖွယ်ရာများကို အားလုံး ပြန်လည်ယူဆောင်လာသည့် ပမာဖြစ်သည်။ ချား၏ နားထဲတွင် စကားသံများ ပဲ့တင်ထပ်လာသည်။

mgyoe.com